# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်    ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ စနေနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၅၆]


ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

**ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။** (ယမကဝဂ္ဂ ဓမ္မပဒ)

# တိုင်းရင်းသားအားလုံး ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

စာမျက်နှာ > ၃



၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က ပထမအဆင့် စတင်ခြင်းအခမ်းအနားပြုလုပ်သည့် သီလဝါအထူးစီးပွားရေးဇုန်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ရဲခေါင်ညွန့်)

# မြန်မာ့အထူးစီးပွားရေးဇုန်များ၏ အနာဂတ်သစ်ကို ဦးဆောင်လာမည့် သီလဝါအထူးစီးပွားရေးဇုန်

**ရန်ကုန်  စက်တင်ဘာ  ၂၅**

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာအဆင့်မီ စံနှုန်းများနှင့်အညီ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လုပ်ကိုင်နိုင်စေရန် သီလဝါအထူးစီးပွားရေးဇုန်ကို တည်ဆောက်ခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မူဝါဒများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ပြောင်းလဲရန် မလွယ်ကူသည့်အတွက် အထူးစီးပွားရေးဇုန်များတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ စတင်ကျင့်သုံးခဲ့သည်။ ယင်းစံချိန်စံနှုန်းများသည်

*စာမျက်နှာ ၆ ကော်လံ ၁* ✳

## UNOPS လက်အောက်ရှိ LIFT သည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်

ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သော UNOPS လက်အောက်ရှိ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေအဖွဲ့တစ်ခုဖြစ်သည့် LIFT သည် မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများတွင် အစီအစဉ်သစ်ခြောက်ရပ်ဖြင့် ပါဝင်ဆောင်ရွက်ရန်ကြိုးပမ်းလျက်ရှိကြောင်း၊ ၎င်းအစီအစဉ်များကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် အထက်မြန်မာပြည် မိုးနည်းရေရှားဒေသများတွင် ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး ၎င်းအစီအစဉ်များတွင် ငွေကြေး

### ကျော်သဲအိမ်

အရပ်ပိုးမှု၊ ရွှေ့ပြောင်းနေထိုင်မှုပြဿနာဖြေရှင်းရေးနှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ အသက်မွေးမှုလုပ်ငန်းမြှင့်တင်ရေးတို့ပါဝင်ကြောင်း စက်တင်ဘာ ၁၇ ရက်က ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✳




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စနစ်တကျမဲပေးနိုင်ရေးဆောင်ရွက်ပေး

၂၀၁၅ ရွေးကောက်ပွဲကြီးသည် ပြည်တွင်းကသာမက နိုင်ငံတကာကပါ စိတ်ဝင်စားနေကြသည်။ ဤရွေးကောက်ပွဲကြီးကို ယခင် ယခင်ရွေးကောက်ပွဲများနှင့်မတူဘဲ လွတ်လပ်မှုအရှိဆုံးနှင့် အမျှတဆုံးဖြစ်အောင်လည်း ကြိုးပမ်းလျက်ရှိပါသည်။ ရွေးကောက်ပွဲတာဝန်ရှိသူများက ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလများတွင် အကောင်းဆုံးသော မှန်ကန်သည့် ရလဒ်ကောင်းများ ထွက်ပေါ်လာရေး ကြိုတင်ပြင်ဆင်မှုများ စီမံချက်အလိုက်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအချိန်တွင် ရွေးကောက်ပွဲအကြိုကာလဖြစ်ပါသည်။ ရွေးကောက်ပွဲအကြိုကာလတွင် မဲဆန္ဒနယ်မြေများအလိုက် ဆန္ဒမဲပေးသူများ၏ စာရင်းကို အတတ်နိုင်ဆုံး၊ အမှန်ကန်ဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မဲစာရင်းများ ကြိုတင်ကြည့်ရှုခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းစသော လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းမှာ ရွေးကောက်ပွဲကာလအတွင်း ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူအားလုံး အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲကာလအတွင်း အသက် ၁၈ နှစ်ပြည့်သူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးခွင့်ရရှိရမည်ဖြစ်ပါသည်။ နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးခွင့်ရှိသူ ပြည်သူ ၃၂ သန်းခန့်ရှိကြောင်း သက်ဆိုင်ရာစာရင်းဇယားများအရ သိရပါသည်။ ထိုပြည်သူအားလုံးသည် ကြိုတင်မဲဖြင့် ဆန္ဒမဲပေးလိုသည်ဖြစ်စေ၊ ရွေးကောက်ပွဲကြီးကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးလိုသည်ဖြစ်စေ အခက်အခဲမရှိ ဆန္ဒမဲပေးနိုင်ရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက နေပြည်တော်၌ စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပသောအစည်းအဝေး၌ လုပ်ငန်းစဉ်တိုင်းတွင် လုပ်ထုံးလုပ်နည်းစနစ်များရှိပါကြောင်း၊ အထောက်အထားမှတ်တမ်းမှတ်ရာများ ထားရှိဆောင်ရွက်ရန်လိုကြောင်း၊ ဆန္ဒမဲပေးသူများအား စနစ်တကျမဲပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး ဆန္ဒမဲပေးရန်မကျန်ရှိစေရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ဆန္ဒမဲပေးနိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိနိုင်ရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအကြိုကာလတွင် မဲစာရင်းများ ကြိုတင်ပြင်ဆင်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ကြပေသည်။ မဲစာရင်းကြိုတင်ပြင်ဆင်ရေးလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်ကာ ကြိုတင်ပြင်ဆင်သူများရှိသလို မသွားရောက်သူများလည်းရှိနိုင်ပါသည်။ နိုင်ငံရေးကို စိတ်ဝင်စားသူများရှိကြသလို စိတ်မဝင်စားသူများလည်းရှိနိုင်ပါသည်။ သို့သော် ရွေးကောက်ပွဲကြီးအမှန်တကယ်ကျင်းပသည့်အခါ မဲရုံအသီးသီးသို့ရောက်ရှိလာသူ ဆန္ဒမဲပေးခွင့်ရှိသူအားလုံးအား ဆန္ဒမဲပေးနိုင်ခွင့်မဆုံးရှုံးစေရန် မဲရုံတာဝန်ရှိသူများက လိုအပ်သောလုပ်ထုံးလုပ်နည်းများနှင့်အညီစီစဉ်ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ရွေးကောက်ပွဲကြီးတွင် ပြည်သူအားလုံးပါဝင်ခွင့်ရပြီး တရားမျှတ၍ လွတ်လပ်မှုအပြည့်အဝရှိသော ရွေးကောက်ပွဲကြီးအဖြစ် မှတ်ကျောက်တင်နိုင်ရန် အားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။    Established in 1914

**Myanma Alinn Daily**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


## နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

လူမျိုးပေါင်းစုံဒီမိုကရေစီပါတီ (ကယားပြည်နယ်)၊ ကယားလူမျိုးစု ဒီမိုကရေစီပါတီနှင့် အမျိုးသားတိုးတက်မြင့်မားရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၆ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

## ရေအားလျှပ်စစ်စီမံကိန်းဝယ်ယူရေး စာချုပ်လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၂၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် ဩစတြီးယားနိုင်ငံ ANDRITZ Hydro GmbH တို့အကြား အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်း ပစ္စည်းများလုပ်ငန်းအပ်နှံဝယ်ယူရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းနှင့် ANDRITZ Hydro GmbH မှ Regional Director Mr. Martin Koubek တို့က အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းပစ္စည်းများ လုပ်ငန်းအပ်နှံဝယ်ယူရေး သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြသည်။ အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ပူတာအိုဒေသအတွင်း လျှပ်စစ်ဓာတ်အား ၃ ဒသမ ၂မဂ္ဂါဝပ်ကို ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်းတိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ (၁၄)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကို အောက်တိုဘာ ၁၀ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါဆေးရုံကြီးအလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များပြင်ပလူနာဌာန၊ သီလရှင်ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစုတို့တွင် စာရင်းပေးသွင်းနိုင်သည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက သံဃာတော်များပြင်ပလူနာဌာန ဖုန်း-၇၃၀၀၆၄၄၆၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ အောက်တိုဘာ ၈ ရက် ညနေ ၄နာရီနောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၅**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသော အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အမျိုးသားသွေးဌာန၌ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မြဝင်းဦးဆောင်သော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

စုပေါင်း သွေးလှူဒါန်းရာတွင် အမျိုးသားသွေးဌာန၌ အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် ၂၀၊ အမှတ်(၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၇၁ ဦး၊ အမှတ်(၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၆၄ ဦး၊ တပ်ဖွဲ့ဝင်မိသားစုလေးဦး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ အမှတ်(၃) လုံခြုံရေး တပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၄၀၊ အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၇ ဦး၊ မြောက်ဥက္ကလာပဆေးရုံကြီးတွင် အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၇ ဦး၊ အမှတ်(၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၆၀ စုစုပေါင်း ၃၅၃ ဦးအပြင် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးတွင် အမှတ်(၁၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၉ ဦး၊ တပ်ဖွဲ့ဝင်မိသားစု ၂၀၊ ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂၂)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၁ ဦး၊ အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၄၅၃ ဦးတို့ စုပေါင်းသွေးလှူဒါန်းခဲ့သည်။

၂၀၁၅ ခုနှစ်အတွင်း သွေးလှူဒါန်းမှုမှာ စက်တင်ဘာ ၂၄ ရက်အထိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း၂၂၉၂ ဦးရှိပြီဖြစ်ကြောင်းနှင့် ယခုကဲ့သို့ စုပေါင်းသွေးလှူဒါန်းခြင်းအပြင် အရေးပေါ်သွေး လိုအပ်ပါက နီးစပ်ရာလုံခြုံရေးရဲတပ်ဖွဲ့ခွဲများသို့ ဆက်သွယ်၍ သွေးလက်ခံရယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၅၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၄ |
| ဥရောပ | တစ်ယူရို | ၁၄၅၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂.၂၂ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၇ |
| တရုတ် | တစ်ယွမ် | ၂၀၁.၄၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆ |

ခင်ရတနာ-စုစည်းသည်။

# တိုင်းရင်းသားအားလုံး ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၅

**ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ရန် ပညာတတ်များစွာလိုအပ်သဖြင့် ပညာရေးမြှင့်တင်မှုလုပ်ငန်းများအား မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရောက်ရှိရာဒေသတိုင်းတွင် မိမိတို့အနေဖြင့် ပညာရေးမြှင့်တင်ရေးအတွက် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်နေကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ပြုလုပ်သော ရှမ်းပြည်နယ်ရှိ တက္ကသိုလ်၊ အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။**



အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အေးဝင်း၊ ပအိုဝ်းနှင့် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ စာပေယဉ်ကျေးမှုအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်မှု၊ လမ်းတံတားများ ဖောက်လုပ်မှု၊ လျှပ်စစ်ဓာတ်အား ရရှိရေး၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးဆောင်ရွက်မှု၊ အလုပ်အကိုင်ရရှိမှု၊ ဆယ်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်ပေးမှုအခြေအနေများနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် အလှူရှင်များပူးပေါင်း၍ ကွန်ပျူတာများ လှူဒါန်းရခြင်းမှာ ရှမ်းပြည်နယ်အတွင်း ပညာရေးမြှင့်တင်မှုအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ကလေးလူငယ်များ ပညာတတ်များ ဖြစ်စေရေးအတွက် မိဘပြည်သူများ၊ တာဝန်ရှိသူဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများကလည်း သိရှိနားလည်အောင် ကြပ်မတ်သင်ကြားပေးရန်လိုကြောင်း၊ ရှမ်းပြည်နယ် စိုက်ပျိုးမွေးမြူရေးဇုန်များတွင် အောင်မြင်လျက်ရှိသည့် ကြက်မွေးမြူရေး၊ နွားမွေးမြူရေး စသည့် လုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားစေလိုပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးမြေများစွာရှိသဖြင့် ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် အဓိကစားသောက်ကုန် ထုတ်လုပ်သော ပြည်နယ်ကြီးတစ်ခု ဖြစ်လာနိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားသည် စီးပွားရေး လုပ်ငန်းများအတွက် အရေးကြီးလိုအပ်သဖြင့် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အဓိက အထောက်အကူပြုသည့် လျှပ်စစ်ဓာတ်အားရရှိရေး လုပ်ငန်းများ အောင်မြင်ရန် ဒေသခံများမှလည်း ကူညီပံ့ပိုးလုပ်ဆောင်ပေးကြစေလိုပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် အခြေခံအကျဆုံးနှင့် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် တိုင်းပြည်၏ရှေ့ရေးကို မျှော်တွေးပြီး ဝိုင်းဝန်းလုပ်ဆောင်ကြစေလိုပါကြောင်း၊ မကြာမီ ပြုလုပ်မည့် ရွေးကောက်ပွဲကြီးအောင်မြင်ရေးလွတ်လပ်ပြီး တရားမျှတရေးအတွက် တပ်မတော်ပိုင်းဆိုင်ရာ များတွင် လုပ်ဆောင်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများမှလည်း နယ်မြေအလိုက် ဖိအားများမရှိစေရေး Free and Fair ဖြစ်စေရေး ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ ယနေ့လှူဒါန်းမှု ပစ္စည်းများကို ဒေသအတွက်အကျိုးရှိအောင် သုံးစွဲကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှမ်းပြည်နယ်ရှိ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအတွက် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများမှ ပေးအပ်လှူဒါန်းသော ကွန်ပျူတာအစုံ ၃၀ နှင့် ဆက်စပ်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၄၀၀၀၊ သုတရသစာအုပ်စာစောင်များနှင့် အလှူငွေကျပ် ၂၂၅ သိန်းကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး**(အပေါ်ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ၎င်းနောက် အလှူရှင်များက စုစုပေါင်း လှူဒါန်းငွေကျပ် ၁၅၇၅ သိန်း၊ ကွန်ပျူတာ ၁၇၈ စုံနှင့်သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးသို့ရောက်ရှိပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာနှင့် ဗလာစာအုပ်များ၊ ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ပြုလုပ်သည်။

ရှေးဦးစွာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးခွင့်ရ၍ ဝမ်းမြောက်ပါကြောင်း၊ ပအိုဝ်းဒေသသိသာစွာ တိုးတက်ပြောင်းလဲလာရခြင်းမှာ နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကြောင့်၊ ဒေသခံများအနေဖြင့် ဒေသအတွက်ပိုမိုစိတ်ဝင်စားစွာလုပ်ကိုင်ခွင့်ရရှိခြင်း၊ တည်ငြိမ်အေးချမ်းမှု ရရှိခြင်းတို့ကြောင့်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုဆိုရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးသာမက တရားဥပဒေနှင့်အညီ နေထိုင်လုပ်ကိုင်ကြရန်လိုကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် တည်ငြိမ်အေးချမ်းမှုများစွာရရှိနေပြီဖြစ်ကြောင်း၊ ရာနှုန်းပြည့်ဖြစ်စေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ဒွိတာဝန်အရေး သုံးပါးကို ထိခိုက်မှုမရှိပါက မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို မိရိုးဖလာ လုပ်ကိုင်နေ၍မရဘဲ ခေတ်မီနည်းစနစ်များဖြင့် ဆောင်ရွက်မှသာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ်သူ၊ စာပေတတ်ကျွမ်းသူ များစွာလိုအပ်၍ ပညာရေးမြှင့်တင်မှုကို အထောက်အကူပြုသည့် ကွန်ပျူတာများ၊ စာအုပ်စာစောင်များ လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် လည်းကောင်း၊ အလုပ်လုပ်ရာတွင် လည်းကောင်း ကျန်းမာရန် လိုအပ်သဖြင့် ၂၀၁၂ခုနှစ်မှစ၍ တပ်မတော် အနေဖြင့် ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဟိုပုံးချိုင့်ဝှမ်းသည် မြေသယံဇာတပေါကြွယ်ဝ၍ စိုက်ပျိုးမွေးမြူရေးအတွက် များစွာကောင်းမွန်ကြောင်း၊ တိုင်းရင်းသားအားလုံး ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ကမ္ဘာ့အလယ်တွင် တင့်တယ်သည့် ပြည်ထောင်စုနိုင်ငံတော်အဖြစ် လုပ်ဆောင်ကြရန်တိုက်တွန်း လိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အလှူရှင်များက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ အခြေခံပညာကျောင်းများအတွက် တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများနှင့် အလှူရှင်များမှလှူဒါန်းသော ကွန်ပျူတာ ၂၇ စုံ၊ ဗလာစာအုပ် ဒါဇင် ၅၀၀၊ သုတရသစာစောင်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် စုစုပေါင်း အလှူငွေကျပ်သိန်း ၇၀၀ ကိုပေးအပ်လှူဒါန်းကြရာ ဒေသဦးစီးကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့က ဟိုပုံးမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုကိုကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံသင်တန်းကျောင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ကျောင်းအုပ်ကြီးက Power Point ဖြင့်ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘာသာရပ်အလိုက် ကျွမ်းကျင်မှုရှိစေရန် လက်တွေ့လေ့ကျင့်မှုများဖြင့် ထိရောက်စွာ လေ့ကျင့်သင်ကြားပေးရေး၊ တပ်ပိုင်မြေတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား စံနမူနာပြဖြစ်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းတွင် စစ်ရေးပြကွင်းနှင့် ပွဲကြည့်စင်ဆောက်လုပ်နေမှု၊ ကျောင်းဌာနချုပ်နှင့် လေ့ကျင့်ရေးရုံးနှစ်ထပ်ဆောင်၊ စာပေဌာနရုံး နှစ်ထပ်ဆောင်နှင့် သင်တန်းဆင်းခန်းမဆောက်လုပ်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံများ သပ်ရပ်ကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသည့် ဟိုပုံးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တိုင်းရင်းသားပြည်သူများအား ဆေးကုသပေးမှုကို ကြည့်ရှုအားပေးစဉ်။** (မြဝတီ)

# တရုတ်သမ္မတရှီကျင့်ဖျင် ဝါရှင်တန်သို့ ရောက်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၅**

တရုတ်သမ္မတရှီကျင့်ဖျင်သည် စက်တင်ဘာ၂၅ရက်တွင် အမေရိကန်နိုင်ငံ၏မြို့တော် ဝါရှင်တန်သို့ ရောက်ရှိပြီး အမေရိကန်သမ္မတ အိုဘားမား တည်ခင်းဧည့်ခံသော အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ဆိုင်ဘာလုံခြုံရေးနှင့် အခြားကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဆီယက်တဲ(အမေရိကန်) ခရီးစဉ်ပြီးဆုံးပြီးနောက် ဝါရှင်တန်မြို့အနီး အင်ဒရူးလေတပ်အခြေစိုက်စခန်းသို့ စက်တင်ဘာ ၂၄ ရက်က ရောက်ရှိခဲ့သည်။ နှစ်နိုင်ငံခေါင်းဆောင်များကြား အလုပ်သဘော ညစာစားပွဲတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို လူထုသို့ထုတ်ပြန်ကြေညာခြင်းပြုမည် မဟုတ်ပေ။

နှစ်နိုင်ငံခေါင်းဆောင်များသည် စက်တင်ဘာ ၂၅ ရက်တွင် အိမ်ဖြူတော်၌ တွေ့ဆုံပြီးနောက် ကုလသမဂ္ဂ နှစ်(၇၀)ပြည့် နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်လိမ့်မည်ဖြစ်သည်။ အစည်းအဝေးတွင် နှစ်နိုင်ငံကြား တင်းမာမှုများကို ဆွေးနွေးကြမည်ဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**



# ဆီးရီးယား၊ ယူကရိန်း တင်းမာမှုကန်နှင့်ရုရှားတို့ ဆွေးနွေးမည်

**ဝါရှင်တန် စက်တင်ဘာ ၂၅**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဥရောပနှင့်အရှေ့အလယ်ပိုင်း တင်းမာမှုများမြင့်တက်နေချိန် လာမည့်သီတင်းပတ်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း၊ သို့သော်လည်း ကရင်မလင်နှင့် ဝါရှင်တန်တို့သည် အဆိုပါဆွေးနွေးပွဲအပေါ် သဘောတူညီမှုမရကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါဆွေးနွေးပွဲသည် ရုရှားကျောထောက်နောက်ခံတပ်များက ကီယက်ဗ်အစိုးရ (ယူကရိန်း)ကို ဆန့်ကျင်တိုက်ခိုက်နေသော ယူကရိန်းအရှေ့ပိုင်း အရေးကိစ္စအပါအဝင် အရေးယူပိတ်ဆို့နေမှုများကြောင့် ရုရှားစီးပွားရေးထိခိုက်ပျက်စီးနေမှုကိစ္စတို့အပေါ် သုံးသပ်ဆွေးနွေးနိုင်လိမ့်မည်ဖြစ်ကြောင်း အိမ်ဖြူတော်က ဆိုသည်။

အဓိကဆွေးနွေးမည့်အကြောင်းအရာသည် ဆီးရီးယားကိစ္စဖြစ်နိုင်သလို ယူကရိန်းအရေးလည်းဖြစ်နိုင်ကြောင်း သမ္မတပူတင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စကော့က သတင်းထောက်များအား ပြောသည်။ **(ရိုက်တာ)**

# ယီမင်ဟူသီဗလီ အမျိုးသမီးဟန်ဆောင်ကာ အသေခံဗုံးခွဲ အနည်းဆုံး ၁၀ ဦးထက်မနည်း သေဆုံး

**ဆာနား စက်တင်ဘာ ၂၅**

အိုင်အက်စ်အသေခံ ဗုံးခွဲတိုက်ခိုက်သူတစ်ဦးက ကြာသပတေးနေ့တွင် ယီမင်ဟူသီတို့၏ ဗလီတစ်ခုအတွင်း အမျိုးသမီးကဲ့သို့ ဟန်ဆောင်ကာ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ ဝတ်ပြုဆုတောင်းသူ ၁၀ ဦးထက်မနည်း သေဆုံးသွားခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။



အာရပ်ညွန့်ပေါင်းတပ်ဖွဲ့မှ စစ်လေယာဉ်များသည် ဟာဂျားပြည်နယ် နေအိမ်တစ်လုံးရှိ ဟူသီတို့အား လေကြောင်းမှတိုက်ခိုက်ရာ ကလေးလေးဦး အပါအဝင် တစ်မိသားစုတည်းမှ မိသားစုဝင်ခြောက်ဦး သေဆုံးသွားကြောင်း၊ အခြားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ယီမင်မြောက်ပိုင်းဒေသခံများက ပြောသည်။

ဆာနားမြို့ဟောင်းအပြင်ဘက် အယ်လ်ဘာလီလီဗလီတိုက်ခိုက်မှုအတွင်း လူပေါင်းများစွာသေဆုံးခြင်းသို့မဟုတ် ဒဏ်ရာရခြင်းများရှိခဲ့ကြောင်း ယီမင်အိုင်အက်စ်ဌာနခွဲက ပြောသည်။

ယင်းတိုက်ခိုက်မှုကြောင့် အခြား ၃၆ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ဆေးအဖွဲ့က ပြောသည်။ ဟူသီဝက်ဘ်ဆိုက်၌ သေဆုံးသူ အနည်းဆုံး ၁၀ ဦးရှိသည်ဟု ဆိုသည်။ ထိုအတောအတွင်း အာရပ်မီဒီယာက အနည်းဆုံး ၂၅ ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

အီရန်မဟာမိတ် ဟူသီအုပ်စုများက လွန်ခဲ့သောနှစ်က ဆာနားမြို့ကို သိမ်းပိုက်ထားပြီး သမ္မတမန်ဆာဟာဒီကို ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ပြေးစေခဲ့သည်။

မတ်လကတည်းက အနောက်အုပ်စု မဟာမိတ်ဆော်ဒီက အာရပ်ညွန့်ပေါင်းအဖွဲ့ကို ဦးဆောင်ကာ သမ္မတဟာဒီ အာဏာပြန်ရရေးအတွက် ဟူသီတို့အား ယင်းတို့၏ မြောက်ပိုင်းခံတပ်ဆီသို့ ပြန်လည်တိုက်ထုတ်လျက်ရှိသည်။

အိုင်အက်စ်တို့က စစ်ဆင်ရေးများချဲ့ထွင်ကာ တိုက်ခိုက်နေသည့် ပဋိပက္ခအတွင်း လူပေါင်း၄၅၀၀ကျော် သေဆုံးခဲ့ပြီဖြစ်သည်။

**(ရိုက်တာ)**

## ရွှေ့ပြောင်းဒုက္ခသည်များအတွက် ယူရိုတစ်ဘီလီယံသုံးမည်

**ဘရပ်ဆဲလ် စက်တင်ဘာ ၂၅**

အီးယူခေါင်းဆောင်များအနေဖြင့် ရွှေ့ပြောင်းဒုက္ခသည်များ အကျပ်အတည်းနှင့် နယ်စပ်ဒေသများဝန်ထုပ်ဝန်ပိုးဖြစ်လာမှုကို ကိုင်တွယ်ဖြေရှင်းရန် သီတင်းပတ်များစွာ ဆွေးနွေးခဲ့ကြပြီးနောက် အနည်းဆုံးယူရိုတစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ ဘီလီယံ) သုံးစွဲရေး စက်တင်ဘာ ၂၄ ရက် အစောပိုင်းက သဘောတူလိုက်သည်။

အဆိုပါ သဘောတူညီချက်သည် အီးယူအဖွဲ့ဝင် ၂၈ နိုင်ငံအကြား ခုနစ်နာရီကြာ ဆွေးနွေးခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါများပြားလှသော ရန်ပုံငွေကို ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့မှတစ်ဆင့် အရှေ့အလယ်ပိုင်းဒုက္ခသည်များအား အကူအညီပေးသွားမည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

## နှစ်သန်း ၁၀၀ သက်တမ်းရှိ ဒိုင်နိုဆောရပ်ကြွင်းတွေ့

**ဆစ်ဒနီ စက်တင်ဘာ ၂၅**

လွန်ခဲ့သောနှစ်ပေါင်းသန်း ၁၀၀ ကျော်က ဩစတြေးလျ ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းများကို ၁၉၃၀ ပြည့်လွန်နှစ်များက ဒိုင်နိုဆော ရုပ်ကြွင်းရှာဖွေမှုများ ပထမဆုံးပြုလုပ်ခဲ့သည့် ဩစတြေးလျရှေးဟောင်းနေရာတစ်ခု၌ တွေ့ရှိခဲ့သည်။

အဆိုပါဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းအရိုးများသည် ဒိုင်နိုဆော၏ ရင်ပိုင်းမှအရိုးများဟု ယူဆရပြီး ကွင်းစလန်းပြည်နယ်အနောက်မြောက်ပိုင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျရုပ်သံအေဘီစီက သောကြာနေ့တွင် ထုတ်လွှင့်သည်။ **(ဆင်ဟွာ)**

## ၁၄ ဦးမြောက် ဗန်ကောက်ဗုံးသံသယရှိသူ ဖမ်းဝရမ်းထုတ်

**ဗန်ကောက် စက်တင်ဘာ ၂၅**

ပြီးခဲ့သောလက ဗန်ကောက်ဗုံးခွဲသူ သံသယရှိသူအသစ်တစ်ဦးအတွက် ထိုင်းတရားရုံးက ဗုဒ္ဓဟူးနေ့တွင် ဖမ်းဝရမ်းထုတ်ခဲ့ရာ ယင်းဖြစ်စဉ်နှင့် ပတ်သက်ဆက်နွယ်သည်ဟု သံသယရှိသူ စုစုပေါင်း ၁၄ ဦးအထိရှိသွားပြီဖြစ်သည်။

အဆိုပါသံသယရှိသူသည် အသက် ၃၀ ဝန်းကျင်ရှိပြီး ဆံပင်တိုတိုနှင့် အမျိုးသားတစ်ဦးဖြစ်ကာ ထိုင်းစကားပြောဆိုနိုင်သူဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးအကဲပရာမာနာကူကပြောသည်။ သူသည် ဗန်ကောက်မြို့မှ လောင်တန်အရပ်ရှိ ဆိုင်တစ်ဆိုင်၌ ဗုံးလုပ်နိုင်သောပစ္စည်းများနှင့်အတူ စီစီတီဗွီကင်မရာ၌ တွေ့သည်ဟု ဆိုသည်။ **(ဆင်ဟွာ)**



## ကမ္ဘာတစ်ဝန်းကလေးများသတင်းဖလှယ်နိုင်မည့် နည်းပညာ ယူနီဆက်သံတမန်ဘက်ခမ်းဖွင့်လှစ်

**ဂျီနီဗာ စက်တင်ဘာ ၂၅**

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ချစ်ကြည်ရေးသံတမန် ဒေးဗစ်ဘက်ခမ်း၊ ကုလသမဂ္ဂထိပ်တန်းအရာရှိများနှင့် လူငယ်ကိုယ်စားပြုများသည် စက်တင်ဘာ ၂၄ရက်က ဂူဂဲလ်ကကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့အတွက် ဖန်တီးပေးထားသော ဒစ်ဂျစ်တယ်နည်းပညာဖွင့်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါနည်းပညာသည် မိုဘိုင်းနှင့်လူမှုမီဒီယာကိုသုံး၍ ကမ္ဘာတစ်ဝန်းရှိ ကလေးများကြား သတင်းစကားဖလှယ်ပေးနိုင်မည်ဖြစ်ပြီး အသိပညာဗဟုသုတများ နှီးနှောနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို ချမှတ်ရန် ပြင်ဆင်နေပြီဖြစ်ရာ ဂူဂဲလ်ဖန်တီးပေးထားသော လူငယ်အစည်းအဝေးဟု အမည်ပေးထားသည့် ဒစ်ဂျစ်တယ်နည်းပညာသုံးစနစ်တစ်ခုကို မိုဘိုင်းဖုန်းနှင့် လူမှုမီဒီယာများကို အသုံးပြုပြီး လူငယ်များအကြား သတင်းစကားများကို ကမ္ဘာ့ခေါင်းဆောင်များထံ ဖြန့်ကြက်နိုင်မည့် ဆောင်ရွက်မှုကို ကုလသမဂ္ဂက ဆောင်ရွက်နေပြီဖြစ်သည်။ အဆိုပါသတင်းစကားများတွင် ပြည်တွင်းပြည်ပတွင်ကြုံတွေ့နေရသော အဖြစ်အပျက်များ၊ အထူးသဖြင့် အလွန်အမင်း ဆင်းရဲချမ်းသာ အနိမ့်အမြင့်မညီမျှခြင်း၊ အကြမ်းဖက်ခြင်း၊ သေစေနိုင်သောရောဂါများ၊ ပဋိပက္ခများနှင့် လူငယ်များ၏အနာဂတ် စိတ်ကူးများကို ဖော်ပြရန်ဖြစ်သည်။ အဆိုပါဖွင့်ပွဲတွင် ဘက်ခမ်းက ကမ္ဘာ့ခေါင်းဆောင်များသည် သတင်းစကားများကို အလေးဂရုပြုနားထောင်ရန်နှင့် လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရန် အလေးအနက်တိုက်တွန်းခဲ့သည်။ **(ဆင်ဟွာ)**

# နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးသည့်အခါ ကတိပြုထားသည့်ကျင့်ဝတ်များနှင့်အညီဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၅**

Konrad Adenauer Stiftung က ကျင်းပသည့် Election and Ethics Conference ကို နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမည့် အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် Konrad Adenauer Stiftung မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။




အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက Election and Ethics Conference ကိုကျင်းပသည့် ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သောသူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်များကို ပိုမိုနားလည်သဘောပေါက်ကာ နိုင်ငံတကာရွေးကောက်ပွဲ အတွေ့အကြုံများ၊ ပြဿနာဖြေရှင်းပုံများကို ပိုမိုသိရှိနိုင်စေရန်နှင့် အောင်မြင်သောရွေးကောက်ပွဲတစ်ခု ဖြစ်လာစေရေးတို့အတွက် ဖြစ်ကြောင်း၊

ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်များသည် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သောသူများက သဘောတူလက်ခံထားသည့် ဥပဒေကဲ့သို့ သက်ရောက်ခြင်းမရှိသည့် အပြုအမူနှင့်သက်ဆိုင်သော စည်းမျဉ်းများဖြစ်ပြီး လိုက်နာဆောင်ရွက်ကြခြင်း ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် တိုက်ရိုက်ပါဝင် ပတ်သက်နေသူများမှာ ရွေးကောက်ပွဲကိုစီမံခန့်ခွဲရသည့် ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မီဒီယာများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများဖြစ်ကြောင်း၊ ပါဝင်ပတ်သက်သူအားလုံးအတွက် ဆိုင်ရာဆိုင်ရာ ကျင့်ဝတ်များရှိရန် လိုကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲတစ်ခု ကျင်းပသည့်အခါ ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ မျှမျှတတဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့်လည်း မဲဆွယ်စည်းရုံးသည့်အခါ ကတိကဝတ်ပြုထားသည့် ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့်လည်း သတင်းရေးသား ထုတ်လွှင့်ဖော်ပြရာတွင် ဘက်လိုက်မှုမရှိဘဲ မျှမျှတတ ရေးသားဖော်ပြ ထုတ်လွှင့်ပေးရေးသည် အဓိကကျပါကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအနေဖြင့်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် ဖြောင့်မတ်မှန်ကန်စွာဘက်လိုက်မှုမရှိဘဲ အကဲဖြတ်ရမည်ဖြစ်ကြောင်း။

နိုင်ငံရေး ပါတီများအနေဖြင့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များကို သိရှိနားလည်အောင် လေ့လာမှသာ ဥပဒေနှင့်အညီ ဝေဖန်ပြောဆိုနိုင်မည်ဖြစ်ပြီး ဥပဒေ၏ အကာအကွယ်ကိုလည်း ရယူနိုင်မည်ဖြစ်ကြောင်း၊ ပါတီဝင်များနှင့် ပါတီကိုကိုယ်စားပြုအရွေးချယ်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ဥပဒေသာမက ကျင့်ဝတ်များကိုလည်း သိရှိလေးစားလိုက်နာရန် လိုကြောင်း၊ သို့မှသာ ရွေးကောက်ပွဲကာလတွင် ပဋိပက္ခ ပေါ်ပေါက်ခြင်းမရှိဘဲ အေးချမ်းစွာ ရွေးကောက်ပွဲကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

သတင်းမီဒီယာသမားများအနေဖြင့်လည်း မီဒီယာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ပြီး ပြည်သူလူထုကို မှန်မှန်ကန်ကန် သတင်းပေးနိုင်မှသာ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှု မြင့်တက်လာမည် ဖြစ်ကြောင်း၊ မီဒီယာများ၏ မှန်ကန်သော သတင်းရေးသား ထုတ်ပြန်ပေးခြင်းကြောင့် ပြည်သူလူထုအနေဖြင့် လူတော်လူကောင်းများရွေးချယ်ကြပြီး နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့များအနေဖြင့်လည်း စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များကို ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်၍ ပါတီစွဲနှင့် ဘက်လိုက်မှုကင်းပြီး ပြဋ္ဌာန်း ဥပဒေများနှင့်အညီ မှန်ကန်တည့်မတ်စွာ အကဲဖြတ်ဆောင်ရွက်မှသာ ပြည်သူလူထုအနေဖြင့် ရွေးကောက်ပွဲအပေါ် ယုံကြည်မှုမြင့်မားလာမည်ဖြစ်ပြီး ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းပြီး လွတ်လပ်မျှတသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် နိုင်ငံ၏ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးသည် ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းတိုင်း ဥပဒေများကို အသိတရားနှင့်ယှဉ်၍ ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်မှုအပေါ် တည်မှီလျက်ရှိပါကြောင်း၊ ကျင့်ဝတ်၏သဘောတရားမှာ မိမိကိုယ်ကိုယ်မိမိ ထိန်းကျောင်းခြင်းနှင့် ကန့်သတ်ခြင်းဖြစ်ပြီး အရေးကြီးဆုံး ရည်မှန်းချက်များမှာ ရွေးကောက်ပွဲလုပ်ငန်းစဉ် အောင်မြင်စေရေးကို အထောက်အကူဖြစ်စေရေး၊ သက်ဆိုင်ရာလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်သူများကြား ယုံကြည်မှုမပျက်ပြားရေး၊ သည်းခံမှုဖြင့် အပြုသဘောဆောင်သော၊ ချစ်ခင်ရင်းနှီးသော အခြေအနေတစ်ရပ် ဖြစ်ပေါ်လာစေရေး၊ တိုင်းပြည်အကျိုးထမ်းရွက်ရန် အပြုသဘောဆောင် တရားမျှတသော ယှဉ်ပြိုင်မှု ဖြစ်ပေါ်လာစေရေးတို့ ဖြစ်ပါကြောင်း၊ မည်သည့်မတူကွဲပြားမှုများရှိနေသော်လည်း တည်ငြိမ်အေးချမ်းစွာ ရွေးကောက်ပွဲအောင်မြင်ရေးကိုဦးတည်သော ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာစေရေးအတွက် မိမိဆန္ဒအလျောက် အသိတရားနှင့်ယှဉ်သော တာဝန်သိစိတ်ဖြင့် ကူညီဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

ရွေးကောက်ပွဲ အောင်မြင်ရန်အတွက် အားလုံးမျှဝေ တာဝန်ယူမှုဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ယနေ့ Conference မှ ရှင်းလင်း ဆွေးနွေးချက်များအပေါ် သင်ခန်းစာရယူ၍ ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းပြီး အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်အောင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဝင်းထိန်က မဲဆွယ်စည်းရုံးမှု၊ ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ The Innovative မှ Ms. Christian Rieck က ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ Konrad Adenauer Stiftung မှ Dr. Thomas Lawo က ၎င်းတို့အဖွဲ့အစည်း၏ အာဆီယံနိုင်ငံများအတွင်း ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပူးပေါင်းကူညီဆောင်ရွက်ခဲ့မှုများနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲအား ဆက်လက်ကျင်းပခဲ့သည်။ Conference အား စက်တင်ဘာ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် ဖက်စပ်လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် စက်တင်ဘာ ၂၅**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းနှင့် စင်ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသည့် Puma Energy Group Pte. Ltd. တို့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မင်္ဂလာဒုံလေယာဉ်ဆီဌာနခွဲ၏ လေယာဉ်ဆီဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအတွက် စက်တင်ဘာ ၂၄ ရက် ညနေ ၆ နာရီခွဲက နေပြည်တော် ဟိုတယ်ဇုန်ရှိ Kempinski ဟိုတယ်၌ ဖက်စပ်လုပ်ငန်း သဘောတူစာချုပ် Joint Venture Agreement ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဦးခင်မောင်စိုး၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ Trafigura Pte. Ltd. မှ Chief Finance Officer & Director Mr. Pierre Lorinet နှင့် Puma Energy Group Pte. Ltd. မှ Chief Operating Officer Mr. Robert Jones၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားပြီး မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်နှင့် Trafigura Pte. Ltd. မှ Chief Finance Officer & Director Mr. Pierre Lorinet တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူစာချုပ်များကို မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်နှင့် Puma Energy Group Pte. Ltd. မှ Chief Operating Officer Mr. Robert Jones တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

အဆိုပါ စာချုပ်လက်မှတ်ရေးထိုးခြင်းမှ စာချုပ်ပါစည်းကမ်းအရ Signature Bonus အမေရိကန်ဒေါ်လာ သန်း ၂၀ ရရှိမည်ဖြစ်သည်။ လုပ်ငန်းအတွက် ကနဦးရင်းနှီးမြှုပ်နှံမှုအနေဖြင့် မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၅၁ သန်းဖြစ်ရာ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း အမေရိကန်ဒေါ်လာ ၂၆ သန်းတန်ဖိုးရှိ လက်ရှိအသုံးပြုနေသော ပစ္စည်းများအား ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး Puma Energy Group Pte. Ltd. မှ အစုရှယ်ယာ ၄၉ ရာခိုင်နှုန်း အမေရိကန်ဒေါ်လာ ၂၅ သန်း ရင်းနှီးမြှုပ်နှံကာ အကျိုးတူဖက်စပ်ကုမ္ပဏီကို National Energy Puma Aviation Services Co., Ltd. အမည်ဖြင့်ဖွဲ့စည်း၍ လုပ်ငန်းစတင်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်သည်။




Puma Energy Group Pte. Ltd. သည် ကမ္ဘာ့နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် စက်သုံးဆီအရောင်းဆိုင် ၁၀၄၂ ဆိုင်၊ အကြီးစားသိုလှောင်ဖြန့်ဖြူးရေးစခန်းကြီး ၈၀ ခု၊ ရေနံချက်စက်ရုံ နှစ်ရုံကို ပိုင်ဆိုင်ထားပြီး ရေနံသန့်စင်ချက်လုပ်ခြင်း လုပ်ငန်းနှင့် ရေနံထွက်ပစ္စည်းများကို သယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်နေသည့် စင်ကာပူနိုင်ငံ အခြေစိုက်ကုမ္ပဏီ တစ်ခုဖြစ်သည်။

ယခု ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ လေယာဉ်ဆီဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းကို ဖက်စပ်လုပ်ငန်း ဆောင်ရွက်ရန်အတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းသည် ၂၀၁၄ ခုနှစ် မေလတွင် Letter of Expression of Interest တင်သွင်းရန် စတင်ဖိတ်ခေါ်ခဲ့ပြီး ဆက်လက်၍ ဇွန်လတွင် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူအောင်မြင်ခဲ့သည့်လုပ်ငန်းအတွက် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး စာချုပ်သက်တမ်းမှာ နှစ်ပေါင်း ၃၀ ဖြစ်သည်။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများအနက် ဖက်စပ်လုပ်ငန်းဆောင်ရွက်ရန် တင်ဒါခေါ်ယူခဲ့ခြင်းအတွက် ပထမဦးဆုံးလက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖိုရမ်တက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၅**

ဂျပန်နိုင်ငံ၌ The Nippon Foundation ၏ဖိတ်ကြားမှုဖြင့် စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိကျင်းပမည့် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ ပေါ်ထွက်ရေးဖိုရမ်သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်သက်မော်သည် ယမန်နေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြကြောင်း သိရသည်။

**တင်ထွန်းအောင်**


✳ *ရှေ့ဖုံးမှ*

အထူးစီးပွားရေးဇုန်များတွင် အောင်မြင်ပါက စီးပွားရေးဇုန် ပြင်ပရှိ လုပ်ငန်းများတွင်ပါ အသုံးပြုသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိအောင် အကဲဖြတ်ဆန်းစစ်မှုများ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ရေဆိုးသန့်စင်မှုများကိုလည်း နိုင်ငံတကာစံနှုန်းအတိုင်း ထည့်သွင်းတည်ဆောက်ထားသည်။ သဘာဝပတ်ဝန်းကျင် မထိခိုက်စေသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းအများအပြား ရရှိစေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည့် စီးပွားရေးလုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ခွင့် ပေးအပ်သွားမည်ဖြစ်သည်။

လက်ရှိတွင် သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၁၃နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၇ ခု ရင်းနှီးမြှုပ်နှံခွင့်ရရှိထားပြီး အထူးစီးပွားရေးဇုန် ပြီးစီးပါက ကာယ ဉာဏလုပ်သားပေါင်း (၂)သိန်းခန့် အလုပ်ကိုင်ရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်များ၏ အောင်မြင်တိုးတက်မှုသည် သီလဝါအထူးစီးပွားရေးဇုန် အောင်မြင်ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်အကျိုးသက်ရောက်နေသည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက် သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့်စတင်ခြင်းအခမ်းအနားမှ ၂၀၁၅ စက်တင်ဘာ၌ ဖွင့်ပွဲကျင်းပနိုင်သည်အထိ သီလဝါအထူးစီးပွားရေးဇုန်၏ ဖြစ်ပေါ်တိုးတက်မှုမှတ်တမ်းဓာတ်ပုံများကို မြန်မာ့သတင်းစဉ်မှ စုစည်းဖော်ပြအပ်ပါသည်။


- ❖ ၂၀၁၂ ဧပြီ ၂၁ တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့ အထူးတွေ့ဆုံညှိနှိုင်းမှုမှ သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် အစပြုနိုင်ခဲ့သည်။
- ❖ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ တွင် သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းလွှာကို မြန်မာ-ဂျပန် နှစ်ဖက် လက်မှတ်ရေးထိုးခဲ့သည်။
- ❖ ၂၀၁၃ ခုနှစ် မေ ၂၅ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန် နားလည်မှုစာချွန်လွှာ MoU ကို မြန်မာ-ဂျပန် နှစ်ဖက် လက်မှတ်ရေးထိုးခဲ့သည်။
- ❖ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် မြန်မာ-ဂျပန် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းပြီး စီမံကိန်းအကောင်အထည်ဖော်ရန် သဘောတူစာချုပ်ကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လက်မှတ်ရေးထိုးခဲ့သည်။
- ❖ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် စတင်ခြင်းအခမ်းအနားကို သီလဝါ အထူးစီးပွားရေးဇုန်တွင် ကျင်းပခဲ့သည်။
- ❖ ၂၀၁၄ ဒီဇင်ဘာ ၁၂ ရက်တွင် သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအား လုပ်ငန်းခွင့်ပြုမိန့် ပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။
- ❖ ၂၀၁၅ စက်တင်ဘာ ၂၃ တွင် သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။






၂၀၁၅ ခုနှစ် စက်တင်ဘာလက သီလဝါအထူးစီးပွားရေးဇုန်အတွင်း စက်ရုံအလုပ်ရုံနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ထားမှုကို တွေ့ရစဉ်။ (ဓာတ်ပုံ- MTSH)

၂၀၁၅ ခုနှစ် စက်တင်ဘာလက သီလဝါအထူးစီးပွားရေးဇုန်အတွင်း အလုပ်သမားများ နေထိုင်ရန် ဆောက်လုပ်နေသည့် အဆောင်များကို အပေါ်စီးမှ တွေ့ရစဉ်။ (ဓာတ်ပုံ- MTSH)



# သီလဝါအထူးစီးပွားရေးဇုန် ဖြစ်ပေါ်တိုးတက်မှု





၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း အထည်ချုပ်လုပ်သားများ၏ လုပ်ငန်းခွင်တစ်ခု။

အနာဂတ်တွင် တွေ့မြင်ရမည့် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ လူနေထိုင်မှုနှင့် စီးပွားရေးဆိုင်ရာ ဇရိယာမြင်ကွင်း။



၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေ။

၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း အထည်ချုပ်လုပ်သားများ လုပ်ငန်းခွင်ဝင်နေစဉ်။







Photo Essay….. YKN၊ MTM၊ MTSH၊ TSEZ
စီမံခန့်ခွဲမှုကော်မတီ

၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်း လုပ်သားများ အလုပ်လုပ်ကိုင်နေသည်ကို တွေ့ရစဉ်။

၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံတစ်ခုကို တွေ့ရစဉ်။



# မန္တလေး-မုံရွာလမ်းတစ်လျှောက် လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး


**နေပြည်တော် စက်တင်ဘာ ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းနှင့် စစ်ကိုင်း-မုံရွာလမ်း တစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်း၌ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း B.O.T စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ရွှေတောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ မန္တလေး-စစ်ကိုင်း - မုံရွာ - ရေဦးလမ်းပိုင်း၊ မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်းပိုင်း၊ ဆုထူးပန်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ မုံရွာ-ဘုတလင်-ဒီပဲယင်းလမ်းပိုင်း၊ မုံရွာအုပ်စု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ မုံရွာ-ယာကြီး-ကလေးဝလမ်းပိုင်း၊ ထွန်းညီလူဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ချောင်းဦး-ပခုက္ကူလမ်းပိုင်း၊ မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ လက်ပံခြေပေါ်-ပခုက္ကူ-မြိုင်-လင်းကတော-မုံရွာလမ်းပိုင်း လမ်းအဆင့်မြှင့်တင်ဆောင်ရွက်မှု လျာထားစီမံချက်၊ စက်ယာဉ်ယန္တရား၊ လုပ်သားဖြန့်ခွဲအသုံးပြုမှု၊ သဲ၊ ကျောက်ပစ္စည်းစုဆောင်းမှု၊ ဆောင်ရွက်ပြီးလုပ်ငန်းများ ပြင်ထိန်းဆောင်ရွက်မှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်လုပ်ငန်းများနှင့် ပတ်သက်၍ လျာထားစီမံချက်များအား တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တံတားအထူးအဖွဲ့ (၂) ဒုတိယညွှန်ကြားရေးမှူးက သဂ္ဂယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းပေါ်ရှိ ခြသေ့်ချောင်းတံတား၊ နန်ထိန်တွင်းတံတား၊ ကိုးတန်ချောင်းတံတား၊ ရေဦး-ကလေးဝလမ်းပေါ်ရှိ ချင်းတွင်းတံတား(ကလေးဝ)၊ ချောင်းမ-ကနီလမ်းပေါ်ရှိ ရေဝါတံတား တည်ဆောက်မှုအခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူးက မြင်းမူ-အရာတော်-နောင်ကြီးအိုင်လမ်းနှင့် အလ္လကပ္ပ-မြောင်-ပရိမ္မ-မကျီးဘုတ်လမ်းပိုင်း၊ မုံရွာခရိုင် လက်ထောက်ညွှန်ကြားရေးမှူးက မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်း၊ ပခုက္ကူ-မုံရွာလမ်း၊ မုံရွာ-အရာတော်-ရွှေဘိုလမ်း၊ မုံရွာ-သာစည်-နောင်ကြီးအိုင်လမ်း၊ မြင်းမူ-အရာတော်-နောင်ကြီးအိုင် - ဘုတလင်လမ်း၊ ဘုတလင်-ညောင်ကန်-ကနဲ-ကနီလမ်း၊ ယင်းမာပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးက မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းပိုင်း၊ ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်း၊ ဘုတလင်-ညောင်ကန်-ကနဲ-ကနီလမ်းပိုင်း၊ ရွှေဘိုခရိုင် လက်ထောက်ညွှန်ကြားရေးမှူးက ရွှေဘို-ကျောက်မြောင်းလမ်း၊ မုံရွာ-ရေဦးလမ်း၊ ရေဦး-ကလေးဝလမ်း၊ ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း၊ စံပယ်နံ့သာ-ကန့်ဘလူ-ကျွန်းလှလမ်း၊ တန့်ဆည်-ကာဘိုးလမ်း စသည့် လမ်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးက ဘဏ္ဍာရေးနှစ် ဒုတိယကာလတိုင်းနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောက်လုပ်မည့် ဝန်ထမ်းအိမ်ရာ၊ ပြည်သူ့အငှား အိမ်ရာ၊ ကသာမြို့နှင့် လဟယ်မြို့များအား မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲထားရှိမှုများ၊ ရေကြီးနစ်မြုပ်မှုများကြောင့် ကျေးရွာရွှေ့ပြောင်းမြေကွက်ဖော်ထုတ်ရေး ကွင်းဆင်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများကို ဦးစားပေးအမြန်ဆုံး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်မှလည်း ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

ဝေန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းကို ဂရပ်ဖြင့်ဖော်ပြထားသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာမည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၅**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၂၆ ရက်တွင် ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ကောလင်းမြို့နယ်၌ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းဖွင့်

**ကောလင်း စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရတနာဇေယျာကျောင်းတိုက်၌ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂနိုင်ငံတကာ ကလေးများအရေးပေါ် ရန်ပုံငွေအဖွဲ့(UNICEF)တို့ ပူပေါင်းပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သင်တန်းဖွင့်လှစ်လျက်ရှိသည်။

သင်တန်းတွင် ကုလသမဂ္ဂညီလာခံသဘောတူ စာချုပ်ပါ ကလေးသူငယ်အခွင့်ရေးများအကြောင်း၊ ကလေးသူငယ်ဆိုင်ရာမူဝါဒလေးရပ်ဖြစ်သော အကောင်းဆုံးအကျိုးစီးပွားဖြစ်ထွန်းစေရေး၊ အသက်ရှင်ကျန်ရှိစေခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေရေး၊ ကလေးများ၏ထင်မြင်ယူဆချက်များကို အလေးထားစေရေးနှင့် ပါဝင်ဆောင်ရွက်စေရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ကုလသမဂ္ဂနိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့မှ တာဝန်ခံအရာရှိ ဒေါ်အေးကြူးက ရှင်းလင်းသည်။ သင်တန်းကာလမှာ လေးရက်ဖြစ်ပြီး သင်တန်းပြီးပါက ရေကြီးရေလျှံခဲ့သောကျေးရွာများတွင် ကလေးပျော်နေရာများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမောင်(ကောလင်း)**

# ရေဘေးသင့်ပြည်သူများအတွက် ငွေလှူဒါန်း

**လယ်ဝေး စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် တောင်အင်းကျေးရွာ ရေဘေးသင့်ပြည်သူများအတွက် လယ်ဝေးမြို့နယ် ပညာရေးမှူး ဆရာမကြီးဦးဆောင်၍ လယ်ဝေးပညာရေးမိသားစုက စက်တင်ဘာ ၂၀ တွင် ဒုတိယအကြိမ်ဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ ပညာရေးမိသားစုက ကျောင်းတော်ရာ ရေဘေးကယ်ဆယ်ရေးအတွက် ငွေကျပ်သိန်း ၅၀ နှင့် ဒို့လယ်ဝေးအဖွဲ့သို့ ငွေကျပ် ၁၉ သိန်း ၃ သောင်း၊ ဆန်အိတ် ၄၅ အိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

**သက်ထက်**

# တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၅**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၂၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# ရေဘေးသင့်ဒေသရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသ

**စေတုတ္တရာ စက်တင်ဘာ ၂၅**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းက အခမဲ့ကုသပေးခဲ့သည်။

စေတုတ္တရာမြို့ အမှတ်(၁)ရပ်ကွက် မြို့လယ်ဓမ္မာရုံ၌ စက်တင်ဘာ ၂၀ ရက်က မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဝေဒနာရှင် ၄၇၉ ဦးကို အခမဲ့ဆေးကုသပေးခဲ့သည်။

အဆိုပါ တိုင်းရင်းဆေးကုသရေးအဖွဲ့တွင် မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်တင်တင်အောင်၊ မင်းဘူးခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဗိုလ်မြင့်တို့ ဦးဆောင်သော တိုင်းရင်းဆေးဆရာ ၁၁ ဦးတို့ ပါဝင်ပြီး အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

# မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၅**

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **(မိုး/ဇလ)**



ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင် ၅၉/၀-၅၉/၁ ကြားရှိ ကနန်တံတား(၁/၆၀)ပေ ၂၉၀ ဘေလီတံတား ရေလယ်တိုင်များ နိမ့်စောင်းနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)



ကလေးဝ-ကျီကုန်း-တမူးလမ်း မိုင် ၅၉/၀-၅၉/၁ ကြားရှိ ကနန်တံတား(၁/၆၀)၏ ပေ ၁၀၀ ဘေလီထိုးပြီး၍ ယာဉ်များဖြတ်သန်းနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

# ဟသ်ာၤတမြို့နယ်အတွင်း မြစ်ရေများစိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်း

**ဟသ်ာၤတ စက်တင်ဘာ ၂၅**

ဟသ်ာၤတမြို့နယ်အတွင်း စက်တင်ဘာလတတိယပတ်က တဖြည်းဖြည်းမြင့်တက်ခဲ့သော ငဝန်နှင့် ဧရာဝတီမြစ်ရေသည် ပြန်လည်ကျဆင်းသွားပြီဖြစ်၍ စိုးရိမ်စရာ မရှိတော့ဟု ဟသ်ာၤတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစန်းဌေးက စက်တင်ဘာ ၂၅ ရက်တွင် ပြောသည်။

"ဒီရက်ပိုင်းမှာ မြစ်ရေသိသိသာသာကျဆင်းသွားတယ်။ စိုးရိမ်ရေမှတ်အောက် ရောက်သွားပြီဆိုတော့ စိုးရိမ်စရာမရှိတော့ဘူး။ ဒုတိယအကြိမ် မြစ်ရေပြန်တက်တက်ခြင်းပဲ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကတစ်ဆင့် ပြည်သူတွေကို သတိရှိဖို့ အသိပေးမှုတွေလုပ်ခဲ့တယ်။ တာတမံတွေကတော့ ပထမအကြိမ်အတွေ့အကြုံအရ စိတ်ချရအောင် ပြင်ဆင်ထားပြီးသားပါ။ ဟသ်ာၤတမှာ မြစ်ရေမြင့်တက်ခဲ့မှုနဲ့ ပတ်သက်ပြီး စိုးရိမ်စရာမလိုတော့ပါဘူး" ဟု ၎င်းက ပြောကြားသည်။

ဩဂုတ်လ ပထမပတ်အတွင်းက ဟသ်ာၤတခရိုင်အတွင်း ဧရာဝတီနှင့် ငဝန်မြစ်ရေမြင့်တက်ခဲ့မှုကြောင့် အဆိုပါခရိုင်အတွင်းရှိ ဟသ်ာၤတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်တို့မှ လူနေအိမ်အချို့နှင့် စိုက်ခင်းများပျက်စီးနစ်မြုပ်ခဲ့ပြီး ဒုတိယပတ်အတွင်း ရေများပြန်လည်ကျဆင်းခဲ့သည်။ ယခုစက်တင်ဘာ တတိယပတ်အတွင်း၌ ဟသ်ာၤတမြို့နယ်၏ စိုးရိမ်ရေမှတ်ဖြစ်သည့် ၄၄ ဒသမ ၀ ပေအထက်သို့မြစ်ရေများပြန်လည်မြင့်တက်ခဲ့သဖြင့် သက်ဆိုင်ရာက မြစ်ရေ သတိပေးနိှုးဆော်မှုများကို အချိန်နှင့် တစ်ပြေးညီအသိပေးမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

"ပထမအကြိမ်မှာ စိုးရိမ်ရေမှတ်ကို ကျော်လွန်ပြီး ၄၈ ဒသမ ၁၅ ပေအထိ စံချိန်တင်မြင့်တက်ခဲ့တယ်။ အခုတစ်ကြိမ်မှာတော့ (၄၆) ပေအထိပြန်တက်ခဲ့လို့ မူလတန်းကျောင်းနှစ်ကျောင်းလောက် ယာယီပိတ်ခဲ့ရတယ်။ အခု ရေပြန်ကျသွားလို့ ကျောင်းတွေပြန်ဖွင့်နေပါပြီ"ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုသို့မဖြစ်ပွားမီ သက်ဆိုင်ရာအဖွဲ့များက တာတမံများစစ်ဆေးခြင်း၊ ရေကင်းစခန်းများဖြင့် စောင့်ကြည့်ခြင်းများအပြင် တာတမံများကိုလည်း လိုအပ်သည့် ပြုပြင်မှုများကို ကြိုတင်ဆောင်ရွက်ခဲ့ကြောင်း ဟသ်ာၤတခရိုင် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးတင်မြင့်အောင် ထံမှသိရသည်။

**သတင်း- ဇော်ကြီး (ပဏီတ)**



# ညောင်တုန်း၌ ဧရာဝတီမြစ်ရေ ဆက်လက်ကျဆင်း

**ညောင်တုန်း စက်တင်ဘာ ၂၅**

ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့၌ ဒုတိယအကြိမ် ညောင်တုန်းမြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက် ၂၄ ဒသမ ၉ ပေ အထိမြင့်တက်ခဲ့ရာမှ ပြန်လည်ကျဆင်းလာရာ စက်တင်ဘာ ၂၅ ရက် ညနေပိုင်းတွင် ၂၁ ဒသမ ၄၅ ပေသို့ ကျဆင်းကာ ဆက်လက်ကျဆင်းလျက်ရှိသည်။ ရေကြီးနစ်မြုပ်စဉ်က ပိတ်ထားခဲ့ရသောစာသင်ကျောင်းများလည်း ပြန်လည်ဖွင့်လှစ်လျက်ရှိရာ စံကင်းကျွန်းမှစာသင်ကျောင်းများ ကလွဲ၍ပြန်လည်ဖွင့်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ရေကြီးနစ်မြုပ်ခဲ့သော လယ်မြေများလည်း ပြန်လည်စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်းသိရသည်။ ညောင်တုန်းမြို့နယ် စံကင်းကျွန်းတွင် ရေမြုပ်နေဆဲဖြစ်သော်လည်း မကြာမီပြန်လည်ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားကြောင်း သိရသည်။

ညောင်တုန်းမြို့နယ် စံကင်းကျွန်းမှ ငါးပုစွန်မွေးမြူရေးကန်များ ရေနစ်မြုပ် ပျက်စီးဆုံးရှုံးမှုများပြားကြောင်း သိရသည်။

ညောင်တုန်းမြို့နယ် စံကင်းကျွန်း ရေနစ်မြုပ်ရာ ဒေသများသို့ သွားရောက်လှူဒါန်းလိုသူများ အနေဖြင့် တိုက်ကြီးမြို့နယ် လှည်းဆိပ်မှတစ်ဆင့် ရေယာဉ်ဖြင့် သွားရောက်လှူဒါန်းပါက ပိုမိုလွယ်ကူကြောင်း သိရသည်။ **နေလင်း- ညောင်တုန်း**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့တွင် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းမှစ၍ ဧရာဝတီမြစ်ရေကျဆင်းပြီဖြစ်၍ ဒေသခံပြည်သူများ သွားလာနေမှု ကိုတွေ့ရစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)

# စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး ကွင်းဆင်း

**ရွှေကျင် စက်တင်ဘာ ၂၅**

မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာတစ်ရွာဖြစ်သည့် ပဲခူးခရိုင် ရွှေကျင်မြို့နယ် သောင်လယ်ကျေးရွာ၌ စီမံကိန်းအကြောင်း သိကောင်းစရာများ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးသိန်းလွင်နှင့် ခရိုင်ဦးစီးမှူးတို့က ရှင်းလင်းဆွေးနွေးပြီး ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် စိုက်ပျိုးရေးလုပ်ငန်းများ အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်ခြင်း

၁။ ရေကြီးနစ်မြုပ်မှုဒဏ်ခံခဲ့ရသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်နှင့် တမူးခရိုင်များတွင် နေအိမ်များ လုံးဝပျက်စီးသွားသည့် ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက သင့်လျော်သည့် တန်ဖိုးသင့်အိမ်များကို ပြန်လည်ဆောက်လုပ်ပေးရန် စီစဉ်လျက်ရှိပါသည်။

၂။ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကူညီဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြန်လည်ဆောက်လုပ်ပေးမည့် တန်ဖိုးသင့်အိမ်များ၏ ခန့်မှန်းတန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်းမှုအပေါ် မူတည်၍ ခန့်မှန်းတန်ဖိုးထက် ပိုမိုလျော့နည်းနိုင်ပါသည်။

(က) မိသားစုငါးဦးနှင့်အထက်အတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၆၄၀ စတုရန်းပေ) ၄၄ ဒသမ ၄ သိန်း

(ခ) မိသားစုသုံးဦးအတွက် အိပ်ခန်းနှစ်ခန်းပါ ပျဉ်ထောင်သွပ်မိုးအိမ်(၅၄၀ စတုရန်းပေ) ၃၇ ဒသမ ၄ သိန်း

**ဆက်သွယ်လှူဒါန်းရန်-**

**ဦးခင်မောင်ရီ**
**အမြဲတမ်းအတွင်းဝန်**
**ရုံး(၂၈)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်**
**သစ်တောရေးရာဝန်ကြီးဌာန**
**ဖုန်း- ၀၆၇-၄၀၅၀၁၃၊ ၀၉-၂၀၀၇၄၅၄**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

**တန်ဖိုးသင့်အိမ်ပုံစံ (၆၄၀ စတုရန်းပေ)**



**တန်ဖိုးသင့်အိမ်ပုံစံ (၅၄၀ စတုရန်းပေ)**



# လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၂၅**

ဘဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိရာ ယနေ့တွင် ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ လေယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေနှစ်ခေါက်ဖြင့် သက်န်း၊ ဗလာစာအုပ်၊ အဝတ်အထည်နှင့် ဆန်တို့ကို ပေးပို့ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၂၅**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားနည်းနေသည်။

**(မိုး/ဇလ)**

# ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံကိန်းများ ချမှတ်ဆောင်ရွက်

**သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူ ၁ ဒသမ ၆ သန်းသည် ရေဘေးဒဏ်ကို တိုက်ရိုက်ခံစားခဲ့ကြရပြီး အခြားပြည်သူ သန်းပေါင်းများစွာကိုလည်း နည်းလမ်းမျိုးစုံနှင့် အကျိုးသက်ရောက်မှုများရှိခဲ့ပြီး အကျိုးဆက်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ ဖြစ်ပေါ်ခဲ့သည်။**

ထို့ကြောင့် လက်တွေ့ကျသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ပြည်တွင်းမှ ပညာရှင်များ၊ ကမ္ဘာ့ဘဏ်၊ EU၊ JICA တို့မှ ပညာရှင်များက ရေဘေးလွန်ကာလ လိုအပ်ချက်များ အကဲဖြတ်သုံးသပ်ချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်က နေပြည်တော်၌ ကျင်းပခဲ့ပြီး ရေဘေးလွန်ကာလတွင် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေး ဗျူဟာ၊ ဦးစားပေးကဏ္ဍအလိုက် ဆောင်ရွက်ရမည့် အစီအစဉ်များ၊ လိုအပ်ချက်များ၊ ပျက်စီးမှု၊ ဆုံးရှုံးမှုနှင့် အကျိုးသက်ရောက်မှုများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများက ရေဘေးလွန်ကာလအတွက် ဆောင်ရွက်သွားမည့် အခြေအနေများအပေါ် ပြည်သူများသိရှိစေရန် ဖော်ပြအပ်ပါသည်။

**ဦးကျော်လင်း**
**အမြဲတမ်းအတွင်းဝန်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

အမျိုးသားသဘာဝဘေး ပြန်လည် ထူထောင်ရေးစီမံချက်ကို ရေးဆွဲဖို့လိုအပ်တဲ့အတွက် workshop တွေ ငါးကြိမ်ပြုလုပ်ခဲ့ပြီးပါပြီ။ အဲဒီကနေလည်း အချက်အလက်တွေရရှိခဲ့ပါတယ်။ ဒီနေ့မှာတော့ ရှေ့ဆက်ပြီး ဆောင်ရွက်သွားဖို့ စုဆောင်းရမယ့်အချက်အလက်တွေ၊ စီမံချက်လေးတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆီက ပညာရှင်တွေက ကမ္ဘာ့ဘဏ်၊ UNDP၊ EU၊ JICA စတဲ့ အဖွဲ့တွေနဲ့ရောပေါင်းစည်းပြီးတော့ ဆောင်ရွက်တာပါ။ အားလုံးက ဝိုင်းဝန်းအကြံပေးဆွေးနွေးပြီးတော့ ဒီနေ့ရရှိလာတဲ့ အချက်အလက်တွေ၊ အဖြေတွေကို ဝန်ကြီးဌာနတွေအလိုက် အပိုင်းအလိုက် လေးလအတွင်း ဆောင်ရွက်မယ့် ပြန်လည်ထူထောင်ရေးစီမံချက်၊ တစ်နှစ်အတွင်း ဆောင်ရွက်မယ့် ပြန်လည်ထူထောင်ရေးစီမံချက်နဲ့ တစ်နှစ်ကျော်ကနေပြီး ငါးနှစ်အတွင်း ဆောင်ရွက်သွားမယ့် ပြန်လည်ထူထောင်ရေးစီမံချက်တွေကို ဆောင်ရွက်သွားမယ်။



မူအနေနဲ့လည်း မူလအခြေအနေ ပြန်လည်ရောက်ရှိရေး ဆောင်ရွက်မယ်။ ပြီးတော့ မူလအခြေအနေထက်သာလွန်ရေးအတွက် ဆောင်ရွက်သွားရပ့်ါမယ်။ ပြန်လည်ထူထောင်ရေးစီမံချက်ဟာ အာဆီယံသဘောတူညီချက်၊ (ACMECS) အက်မက်စ်သဘောတူညီချက်၊ (BIMSTEC) ဘင်းစတက် သဘောတူညီချက်စတဲ့ ဒေသအလိုက် အကောင်အထည်ဖော်နေတဲ့ သဘောတူညီချက်တွေနဲ့ ကိုက်ညီရပ့်ါမယ်။

နောက်တစ်ခုအနေနဲ့ ကျွန်တော်တို့ဆီမှာ ရေဘေးကြောင့်ပျက်စီးမှုစာရင်းတွေရရှိပြီ၊ ဆုံးရှုံးမှုအတွက်လိုအပ်ချက်ရှိပါတယ်။ ပျက်စီးမှုနဲ့ ဆုံးရှုံးမှုဟာတူညီမှုမရှိပါဘူး။ ပျက်စီးမှုကတော့ တွက်ချက်ရတာ လွယ်ကူနိုင်ပေမယ့် ပျက်စီးမှုနဲ့ ကပ်ပြီးဖြစ်တဲ့ ဆက်စပ်ပြီးဖြစ်တဲ့ ဆုံးရှုံးမှုကတော့ တွက်ချက်ဖို့အခက်အခဲတွေ ရှိပါတယ်။ ဒီအတွက်ကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။ ပျက်စီးမှုကြောင့် ပြည်သူတွေအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားတွေနဲ့ ပတ်သက်ပြီး ဆုံးရှုံးမှုဖြစ်နိုင်တာတွေကို တစ်နိုင်ငံလုံးအတိုင်းအတာအရ ဘယ်လောက်ဆုံးရှုံးတယ်ဆိုတာကို ဆွေးနွေးခဲ့ကြပါတယ်။

ဒီနေ့မှာ ဝိုင်းပြီး ဆွေးနွေးကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ပြန်လည်ထူထောင်ရေးအတွက် နောက်အဆင့်မှာ ပျက်စီးဆုံးရှုံးမှုက ဘာတွေရှိလဲ၊ ဘယ်လိုတွေ ဆောင်ရွက်သွားမယ်ဆိုတဲ့ အချက်တွေကို အဓိက သိချင်ကြပါတယ်။ ဒီဟာတွေကို သူတို့အနေနဲ့ သိရှိမှ သူတို့တစ်တွေအနေနဲ့ အပိုင်းအလိုက်ခွဲပြီး ကူညီပေးမှုတွေရှိပ့်ါမယ်၊ ချေးငွေပေးမှုတွေ ရှိပ့်ါမယ်။

အခုကတော့ ဝန်ကြီးဌာနအလိုက် သတ်မှတ်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ (framework) တွေကို ဆောင်ရွက်ရပ့်ါမယ်။ လာမယ့် အောက်တိုဘာ ၁၃ ရက်မှာ ပညာရှင်တွေ အများကြီးဖိတ်ပြီး Recovery Forum ကိုလုပ်ပြီး အချောသတ် ဆောင်ရွက်သွားမှာပါ။

**ဒေါက်တာဇော်ဦး**
**နိုင်ငံတော်သမ္မတအကြံပေး**

ဒီနေ့ဆွေးနွေးပွဲကတော့ ရေဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်နိုင်ရေးအတွက် ဘေးလွန်



ကာလလိုအပ်ချက်များကို ဆောင်ရွက်နိုင်ဖို့ ဆွေးနွေးကြတာ ဖြစ်ပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ဝိုင်းပြီး ဆောင်ရွက်ပေးတဲ့အတွက် လိုအပ်ချက်တွေကို ဆန်းစစ်တဲ့အခါ ပိုပြီးတော့ စနစ်တကျနဲ့ ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်ပါတယ်။ သူတို့တစ်တွေရဲ့အကူအညီနဲ့ စီမံကိန်းတွေ ရေးဆွဲသွားမှာဖြစ်ပါတယ်။ အချိန်တိုတိုနဲ့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာပါ။

ကူညီတဲ့အခါမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကဦးစီးတဲ့ ပြန်လည်ထူထောင်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးစီးတဲ့ အရေးပေါ်စင်တာတွေကနေ ကောက်ခံရရှိတဲ့ အချက်အလက်တွေ ကိန်းဂဏန်းတွေကို စုစည်းပြီးတော့ စီမံကိန်းတွေကို ရေးဆွဲနိုင်ဖို့ ဆောင်ရွက်သွားမှာပါ။

ဒီလိုတွေ ရေးဆွဲဆောင်ရွက်တဲ့အခါ ပျက်စီးမှုအတွက် ဆောင်ရွက်ရာမှာ လွယ်ကူပေမယ့် ပျက်စီးမှုကြောင့် စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုတွေနဲ့ ဆုံးရှုံးမှုတွေကို တွက်တဲ့နေရာမှာ ပိုကောင်းတဲ့ နည်းလမ်းတွေကို နိုင်ငံတကာပညာရှင်တွေရဲ့ အကူအညီကနေလည်း ရရှိခဲ့ပါတယ်။

နောက်တစ်ခုအနေနဲ့ ရေရှည်ဆောင်ရွက်သွားရမယ့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအပြင် ဘေးအန္တရာယ် ကာကွယ်မှုကိုပါ အထောက်အကူပြုနိုင်တဲ့ အစီအစဉ်တွေကို စနစ်တကျလုပ်နိုင်ဖို့အတွက် နိုင်ငံတကာမှာ ဆောင်ရွက်တဲ့ နောက်ဆုံးပေါ် နည်းလမ်းတွေကို သိဖို့လိုအပ်သလို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်မယ့် အစီအစဉ်တွေကိုလည်း သိဖို့လိုအပ်ပါတယ်။ ဒီဆွေးနွေးပွဲမှာလည်း ဆွေးနွေးကြပါတယ်။

ကျွန်တော်တို့အနေနဲ့ နောက်အပတ်မှာပဲ အစီရင်ခံစာတွေနဲ့ နည်းဗျူဟာဆန်းစစ်ချက်တွေ ထွက်လာအောင် ဆောင်ရွက်မှာပါ။ ပြီးတော့ အများပါဝင်တဲ့ ဖိုရမ်ကနေ ဝိုင်းဝန်းဆွေးနွေး အကြံပြုနိုင်အောင် ဆက်လက်ဆောင်ရွက်သွားမှာပါ။ ဒီအကြံပြုချက်အပေါ်မှာလည်း ရေရှည်တည်တံ့နိုင်မယ့် ပြန်လည်ထူထောင်ရေးစီမံကိန်းတစ်ရပ်ကို ရေးဆွဲဖို့ ဆောင်ရွက်သွားမှာပါ။

**ဒေါက်တာစန်းစန်းအေး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**လူမှုဝန်ထမ်းဦးစီးဌာန**

ပြန်လည်ထူထောင်ရေးအတွက် ဆန်းစစ်မှုတွေကနေ စီမံချက်တွေ ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ ကျွန်မတို့ဌာနအနေနဲ့ ရေဘေးသင့်ဒေသတွေက အဖွဲ့အစည်းအားလုံးနဲ့ ပူးပေါင်းပြီး ရေဘေးသင့်ဒေသတွေထဲက ပျက်စီးမှုအများဆုံးဖြစ်တဲ့ ချင်း၊ စစ်ကိုင်း၊ မကွေး၊ ရခိုင်နဲ့ ဧရာဝတီစတဲ့ ဒေသတွေမှာ အရင်ဆုံး recovery plan တွေ ရေးဆွဲဆောင်ရွက်ပါတယ်။

ဒီလို ရေးဆွဲဆောင်ရွက်ဖို့က အရေးကြီးပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို စနစ်တကျမဆောင်ရွက်နိုင်ရင် လူကုန်ကူးပြဿနာတွေ၊ ငွေကြေးလည်ပတ်မှုပြဿနာတွေ၊ ဒေသစွန့်ခွာ ပြဿနာတွေဖြစ်ပေါ်နိုင်ပါတယ်။ ဒီပြဿနာတွေမဖြစ်ရအောင် သေချာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဆောင်ရွက်တဲ့အခါ ပြည်သူတစ်ဦးချင်းဆုံးရှုံးမှု (private needs) အတွက်၊ အများပြည်သူ ဆုံးရှုံးမှု (public needs)အတွက်ဆိုပြီး နှစ်မျိုးခွဲတွက်ရပါတယ်။ ဒီလိုပျက်စီးဆုံးရှုံးမှုတွေအတွက် ငွေကြေးထောက်ပံ့မှုတွေလိုအပ်ပါတယ်။ ဒီအတွက် ဒီနေ့မှာ ဆွေးနွေးပါတယ်။

ပြီးတော့ ချို့တဲ့နွမ်းပါးတဲ့ မိသားစု၊ မသန်စွမ်း၊ သက်ကြီးရွယ်အိုတွေ၊ ကိုယ်ဝန်ဆောင်တွေကို ထောက်ပံ့ပေးတဲ့ အစီအစဉ်အတွက်လည်း ဆွေးနွေးပါတယ်။ ဒီလို ထောက်ပံ့ပေးနိုင်ဖို့ ဒေသတွေမှာ အချက်အလက်ကောက်ယူမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ ချို့တဲ့နွမ်းပါး မိသားစုသတ်မှတ်မှုကိုလည်း သူတို့ရဲ့ ဒေသက သတ်မှတ်ပေးပါတယ်။



ရေဘေးသင့်ပြည်သူတွေအတွက် ငွေကြေးစီးဆင်းမှု ကောင်းမွန်အောင် လုပ်တာက မြန်ဆန်တဲ့ကူညီမှုမျိုးဖြစ်တဲ့အတွက် ငွေကြေးထောက်ပံ့မှု အရင်ဆုံး ဆောင်ရွက်ပါတယ်။ ဒါပေမယ့် ဒီနည်းလမ်းက ဥပမာပြောရရင် ရောဂါသက်သာအောင် လုပ်တာမျိုးနဲ့တူပါတယ်။ ရေရှည်အတွက်ဆိုရင်တော့ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ရမယ်၊ စားဝတ်နေရေးအတွက် ဖန်တီးပေးရမယ်။ ဒါတွေကသာ ရေရှည်ဖွံ့ဖြိုးမှုကိုလည်း ဖြစ်စေနိုင်တယ်။ ဒါကြောင့် ဒါတွေကို ဘယ်လိုဖန်တီးပေးသွားမယ်၊ ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာတွေကို ဆွေးနွေးခဲ့ကြပါတယ်။

**Mr.Doekle Wielinga**
**သဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**ကျွမ်းကျင်သူ**
**ကမ္ဘာ့ဘဏ်**

မြန်မာနိုင်ငံအစိုးရအနေနဲ့ ရေဘေးသင့်ဒေသတွေအတွက် post floods and landslide needs assessment လုပ်ဆောင်ဖို့ request တစ်ခုလုပ်ပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့ဘဏ်အနေနဲ့ မြန်မာနိုင်ငံရဲ့ ရေဘေးသင့်ဒေသတွေ ပြန်လည်ထူထောင်ရေးအတွက် ကုလသမဂ္ဂ၊ JICA၊ EU အားလုံးပေါင်းပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရေ



ဘေးသင့်ဒေသတွေအတွက် ဝန်ကြီးဌာနတွေက ကောက်ယူထားတဲ့ ပျက်စီးမှုအချက်အလက်တွေအတွက် recovery plan တွေကို ရေးဆွဲသွားမှာပါ။ ရေဘေးသင့်ဒေသတွေ အမြန်ပြန်လည် ထူထောင်နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်အနေနဲ့လည်း အကူအညီတွေ ပေးအပ်သွားပ့်ါမယ်။ ဒီနေ့ အားလုံးရဲ့ဆွေးနွေးမှုတွေက ရေဘေးသင့်ပြည်သူတွေအတွက် ရေတိုမှာရော ရေရှည်မှာပါ အကျိုးရှိမယ်၊ အသုံးဝင်မယ်လို့ထင်ပါတယ်။ အစိုးရအနေနဲ့လည်း အသုံးချဆောင်ရွက်သွားမယ်လို့လည်း ထင်ပါတယ်။

**မျိုးမြင့်၊ ဟန်နီဝင်း**
**ဓာတ်ပုံ-ကိုမျိုး**

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရေးနှင့် ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်/ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၂၆ ရက်တွင် ၃၃ ကေဗွီ ကုက္ကိုင်းဓာတ်အားခွဲရုံတွင် အဆင့်မြင့် Panel များတပ်ဆင်ရန် ၁၁ နာရီမှ ညနေ ၄ နာရီအတွင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ရန်ကင်းမြို့နယ်ရှိ (၅၊၆၊၈၊၉၊၁၂၊၁၃၊၁၄) ရပ်ကွက်များ၊ တောင်ဥက္ကလာပမြို့နယ် ဗဟန်းမြို့နယ်ရှိ ရွှေတောင်ကြား(၁)နှင့် (၂)၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ရွှေသံလွင်ကွန်ဒို၊ ကမာရွတ်မြို့နယ်ရှိ (၁၀ ရပ်ကွက်၊ သံလွင်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်း)တို့တွင် အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများ ရှိပါမည်။

စက်တင်ဘာ ၂၆ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ (ဗိုလ်ဗထူးအိမ်ရာ၊ ဝင်းသစ်စက်)၊ သာကေတမြို့နယ်ရှိ (ကမာကြည်အိမ်ရာ၊ တိုင်းရင်းသား ကျေးရွာ)၊ မှော်ဘီမြို့နယ်ရှိ(လေထီးသင်တန်းကျောင်း၊ အောက်ဝါးနက်ချောင်း၊ လေကြောင်းရန်ကာကွယ်ရေးတပ်)၊ တိုက်ကြီးမြို့နယ်အတွင်းရှိ(ဖူးကြီးရေတွန်းစက်၊ အဆင့်မြင့်(ဆ. သ. ၅) တပ်၊ လှိုင်သာယာမြို့နယ်ရှိ (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၂၊၂၆)ရပ်ကွက်နှင့် CNG ဆိုင်အချို့တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ပါမည်။

စက်တင်ဘာ ၂၇ ရက်တွင် ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ ကွမ်းခြံကုန်း၊ ကော့မှူးမြို့နယ်၊ လှိုင်သာယာမြို့နယ်အတွင်းရှိ (၆၊ ၈၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆) ရပ်ကွက်များ နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်ပါမည်။

ယင်းသို့ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် အဆင်မပြေမှုများ၊ အခက်အခဲများဖြစ်ပေါ်လာပါက နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# စာပေဗိမာန်စာပေစကားဝိုင်း ကျင်းပသွားမည်

**ရန်ကုန် စက်တင်ဘာ ၂၅**

စာပေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ခဲ့သော အစဉ်အလာကောင်းများရှိသည့် စာပေဗိမာန်သည် စက်တင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် စာပေဗိမာန်ခန်းမ၌ စာပေဗိမာန် စာပေစကားဝိုင်း ကျင်းပသွားမည်ဖြစ်သည်။ စကားဝိုင်းတွင် "ဝတ္ထုတိုများဖြင့် ရသပေးစွမ်းပြီး ပြည်သူကိုအကျိုးပြုပုံ၊ အယ်ဒီတာနှင့် မှတ်ကျောက်တင်ခံနိုင်မှ ဝတ္ထုကောင်းများဖြစ်ပေါ်လာနိုင်ပုံ၊ Online တွင် ရေးသားနေကြသော ဝတ္ထုတိုများ၌အားနည်းချက်၊ အားသာချက်များရှိကြပုံ" တို့ကို ဆရာကြည်မင်း၊ ဆရာ ကိုရိုးကွန့်၊ ဆရာမ ကြူကြူသင်း၊ ဆရာမ နှင်းဝေငြိမ်း၊ ဆရာမ ဝါဝါ (အင်းစိန်)တို့က "ဝတ္ထုတိုအနှစ်သာရများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးသွားကြမည်ဖြစ်သည်။


စာပေဗိမာန်သည် ဇူလိုင် ၂၆ ရက် (တနင်္ဂနွေနေ့)တွင်လည်း စာပေဗိမာန် စာပေစကားဝိုင်းကျင်းပပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့သော ဝတ္ထုရှည်များကို "ဝတ္ထုရှည်အနှစ်သာရများ" ခေါင်းစဉ်ဖြင့် ဆရာဦးအေးချို (မဟာဝိဇ္ဇာ)၊ ဆရာနွေသင်နိုင်၊ ဆရာလက်ာရည်ကျော်၊ ဆရာမ မစန္ဒာ၊ ဆရာမ ရွှေသဥ္ဇာတို့က အပြုသဘောခြုံငုံသုံးသပ်ခဲ့ကြကြောင်း၊ စက်တင်ဘာ ၁၉ ရက် (စနေနေ့)တွင်လည်း "ကလေးစာပေနှီးနှောဖလှယ်ပွဲ နှစ် ၅၀ပြည့်ရွှေရတု အထိမ်းအမှတ် စာပေဗိမာန်စာပေဟောပြောပွဲ(ကလေးစာပေ)" ကို ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယိုခန်းမ(A) ၌ ကျင်းပခဲ့ကြောင်း၊ ယခုကျင်းပမည့် စာပေဗိမာန်စာပေစကားဝိုင်းသည် ၂၀၁၅ ခုနှစ်အတွင်း စာပေဗိမာန်က တတိယအကြိမ်မြောက်ကျင်းပသော စာပေလှုပ်ရှားမှုဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၅

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲတွင် ဝူဟန်မြို့ရှိ အမှတ် (၁၅) လေကြောင်းချီတပ်မကြီး၏ လေ့ကျင့်ရေးဌာနသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။**



ရှေးဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား တပ်မကြီးမှူး ဗိုလ်ချုပ် Liu Fa Qing နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တပ်မကြီးမှူးက တပ်သမိုင်းကြောင်းနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် လေ့ကျင့်ရေးဌာနအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ တပ်မကြီးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

နေ့လယ်ပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဝူဟန်မြို့ Tian Hu လေဆိပ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာရာ ဟူပေပြည်နယ် စစ်ဒေသ စစ်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ် Yang Wan Jun နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ၵင်းနောက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ယူနန်ပြည်နယ် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ရောက်ရှိစဉ် ယူနန်ပြည်နယ် စစ်ဒေသစစ်ဦးစီးချုပ် Senior Colonel Lu Mei Zhang၊ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Li Ji Heng နှင့်ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ကူမင်းမြို့ Haigeng Garden Hotel ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကြား အဆင့်ဆင့် ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နှစ်နိုင်ငံပြည်သူများ အေးချမ်းစွာ ကူးလူးဆက်ဆံသွားလာနိုင်ရေးဆိုင်ရာများနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယူနန်ပြည်နယ် စစ်ဒေသမှူး ဗိုလ်ချုပ် Yang Guang Yao နှင့် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၂၅ မိနစ်တွင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Green Lake Hotel ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသတွင် နှစ်နိုင်ငံပြည်သူများ အေးချမ်းစွာ ကူးလူးဆက်ဆံနေထိုင်သွားလာနိုင်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ကူမင်းမြို့ တိုင်းရင်းသားကျေးရွာတွင် ဒေသခံများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (မြဝတီ)

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ယနေ့နံနက် ၉ နာရီခွဲတွင် ကူမင်းမြို့ Dian Chi Lake သို့လည်းကောင်း၊ ကူမင်းမြို့ တိုင်းရင်းသားကျေးရွာသို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် လည်းကောင်း ရောက်ရှိ လေ့လာကြသည်။

နေ့လယ်ပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ် ယူနန်ပြည်နယ် စစ်ဒေသစစ်ဦးစီးချုပ် Senior Colonel Lu Mei Zhang ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးအောင်ကျော်ဦး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး မြင့်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Wang Jingbo၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် Fao အာရှရေးရာဌာနမှ ဒုတိယဗျူရိုမှူး Senior Colonel Liu Zhongbing နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Hong Liang နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မိုးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

---

### ✻ ကျောဖုံးမှ

"ပုဂံဒေသဟာ မြန်မာနိုင်ငံရဲ့ ရှေးအကျဆုံးနဲ့ အထင်ရှားဆုံး ရှေးဟောင်းမြို့တော်ဖြစ်တဲ့အတွက် ကမ္ဘာလှည့် ခရီးသွားဧည့်သည်တွေကို အဓိကဆွဲဆောင်နိုင်တဲ့ ဒေသဖြစ်ပါတယ်။ ပြီးတော့ ဒီမှာက Living Culture တွေရှိတယ်။ Living Culture ဆိုတာက ရိုးရာပွဲတော်ဖြစ်တဲ့ အာနန္ဒာဘုရားပွဲ၊ မနူဟာဘုရားပွဲစတဲ့ ရိုးရာပွဲတော်တွေရှိတဲ့အတွက် ဖြစ်ပါတယ်။ ကမ္ဘာလှည့်ခရီးသွားတွေ ဒီပုဂံဒေသကိုလာရောက်ရတဲ့ အဓိကအကြောင်းအရင်းကတော့ ဧရိယာ စတုရန်း ၄၂ ကီလိုမီတာ ကျယ်ဝန်းတဲ့ ရှေးဟောင်းအမွေအနှစ် ဒေသမှာရှိတဲ့ စေတီ၊ ပုထိုး၊ ကျောင်းကန်စတဲ့ ရှေးဟောင်းအမွေအနှစ်တွေကို စူးစမ်းလေ့လာလိုတဲ့ အတွက်ကြောင့်ဖြစ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဝင်းအောင်က ပြောသည်။

ပုဂံဒေသသို့ ယမန်နှစ်က ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှုမှာ စုစုပေါင်း ၃၀၀၀၀၀ ခန့်ရှိကြောင်း သက်ဆိုင်ရာ စာရင်းဇယားများအရ သိရသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲမှုနောက်ပိုင်း ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုမှာသိသိသာသာတိုးတက်လာလျက်ရှိရာ ပုဂံဒေသသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ပုဂံဒေသတွင် ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာမှုနှင့်အတူ ဟိုတယ်များလည်း တိုးချဲ့တည်ဆောက်လျက်ရှိရာ ယခုအခါဟိုတယ်အလုံးပေါင်း ၁၀၀ ကျော်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်ငါးသန်း လာရောက်လည်ပတ်ရန် မျှော်မှန်းထားရာ ၂၀၁၅ ခုနှစ် ဩဂုတ် လကုန်အထိ ကမ္ဘာလှည့်ခရီးသွားဧည့်သည် သုံးသန်းအထိ ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

### ✻ ကျောဖုံးမှ

အတွေးကိုယ်စီနဲ့ လမ်းလျှောက်နေကြတယ်။ ဒါကြောင့်မို့လို့ အခုလို အသံချဲ့စက်နဲ့ သတိပေးနေရတာပါ။ နေ့စဉ်နဲ့အမျှ ကြာလာတော့ ပါးစပ်တွေညောင်းလာတယ်။ အိမ်ကျရင် မိသားစုနဲ့တောင် စကားမပြောချင်လောက်အောင် ဖြစ်လာတယ်" ဟု ဆိုသည်။

သူ၏အမည်မှာ ဒုတပ်ကြပ်ထက်လှိုင်ပွားဖြစ်သော်လည်း ခရီးသည် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များက သူ၏မည်းသော အသားအရေကိုအစွဲပြု၍ ကုလားကြီးဟု အမည်ပြောင်းခေါ်ကြသည်။ သူ လမ်း ၃၀ အနီးတဝိုက်တွင် ယာဉ်ကြောရှင်းနေပါက လိုင်းကားများက မှတ်တိုင်ဟောင်း လမ်း ၃၀ ထိပ်တွင် မရပ်ရဲ၊ ခရီးသည်အတင်အချ မပြုရဲတော့ပေ။ အခြားယာဉ်ထိန်းရဲများထက် သူ့ကိုပို၍လန့်သည်ဟု လိုင်ကားမောင်းသူများ၏ စကားအရ သိရသည်။ သို့သော် သူ့ရင်တွင်း စိတ်စေတနာက ခရီးသွားပြည်သူအများအပေါ် အပေါ်ယံမည်းသော အသားအရေနှင့် ဆန့်ကျင်စွာ ဖြူစင်လှသည်ဟု ဆိုချင်သည်။

ယနေ့ အစိုးရသစ်လက်ထက်၌ ခရီးသွားပြည်သူအများ စည်ကားရာနေရာတို့တွင် လူကူးခုံးကျော်တံတားများစွာကို တည်ဆောက်ပေးခဲ့သည်။ သို့အတွက်ကြောင့်လည်း ခရီးသွားပြည်သူတို့ ယာဉ်အန္တရာယ်မှအနည်းနှင့်အများဆိုသကဲ့သို့ ကင်းဝေးခဲ့ကြသည်။ ယခု ဤဆူးလေဘုရားလမ်းနှင့်အနော်ရထာလမ်းဆုံသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ စီးပွားရှာသူများ၊ ခရီးသွားပြည်သူများအပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ အများဆုံး ဆုံစည်းဖြတ်သန်းရာ နယ်မြေတစ်ခုဖြစ်သည်။ နေ့စဉ်အချိန်နှင့်အမျှ လမ်းကူးသူတို့ များပြားသော ရပ်ဝန်းတစ်ခုလည်း ဖြစ်သည်။ သို့သော် သတ်မှတ်စည်းကမ်းကိုလိုက်နာမှု အားအနည်းဆုံးလည်းဖြစ်သည်။

ထို့အတွက် ခရီးသွားပြည်သူအများ လူကူးခုံးကျော်တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ကြပ်မတ်ရန် အထူးလိုအပ်သကဲ့သို့ ယခုကဲ့သို့ ဘာကြောင့် လူကူးခုံးကျော်တံတားပေါ်မှ မသွားကြသည်ကိုလည်း အဖြေတစ်ခုထုတ်ဖို့ လိုအပ်ပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

### ✻ ရှေ့ဖုံးမှ

LIFT၏ နည်းပညာပိုင်းဆိုင်ရာ အရာရှိ စတီဒီဝါက ၄င်းအစီအစဉ်များသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်နိုင်မည့်အပြင် နိုင်ငံတော်အစိုးရ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကြိုးပမ်းမှုနှင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၂ ရက်က သတင်းထောက်များကို ပြောကြားသည်။

လူဇင်ဘတ်နိုင်ငံသည် စက်တင်ဘာ ၁၈ ရက်က LIFT မှတစ်ဆင့် UNOPS သို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ သန်း လှူဒါန်းခဲ့သဖြင့် ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူကေ၊ အမေရိကန်ပြည်ထောင်စု အစရှိသောနိုင်ငံများနှင့်အတူ LIFT ၏အလှူရှင်နိုင်ငံ တစ်နိုင်ငံဖြစ်သွားခဲ့ပြီ ဖြစ်သည်။

လူဇင်ဘတ် ယာယီသံရုံးတာဝန်ခံ မစ္စတာ ဂျန့်ဂျင်က မိမိတို့လှူဒါန်းလိုက်သော ငွေကြေးများသည် ဝေးလံခေါင်ဖျားဒေသများရှိ ပြည်သူများ၏ စားဝတ်နေရေးမြှင့်တင်မှု စီမံကိန်းအပေါ် အကျိုးသက်ရောက်မှုရှိမှာ ဖြစ်ကြောင်း၊ အလှူရှင်များပြားလာသည့် LIFT သည် မြန်မာနိုင်ငံရှိ ပြည်သူ သုံးသန်းကျော်ကို ကူညီပံ့ပိုးပေးခဲ့ပြီဖြစ်ကြောင်း၊ ထို့အတူပြည်သူ တစ်သန်းကျော်၏ စားနပ်ရိက္ခာဖူလုံမှုနှင့် ကျေးလက်နေမိသားစုဝင် နှစ်သိန်းကျော် အတွက်လည်း ချေးငွေများ ပံ့ပိုးပေးခဲ့ကြောင်း ပြောကြားသည်။

**(ဂျီအင်န်အယ်လ်အမ်)**

---

# ကဘွက်ကျေးရွာ၌ မှိုကြက်တောင်ချက်စား၍ ဆေးရုံပို့ရ

**ခင်ဦး စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကဘွက်ကျေးရွာ၌ စက်တင်ဘာ ၂၂ ရက် ည ၆ နာရီခန့်က မှိုကြက်တောင်ချက်စားသဖြင့် ဆေးရုံသို့ပို့လိုက်ရကြောင်း သိရသည်။

မှိုကြက်တောင်ချက်စားမိသဖြင့် ကဘွက်ကျေးရွာ၌ အိမ်ထောင်စုသုံးစုမှ အမျိုးသားလေးဦး၊ အမျိုးသမီးလေးဦးမှာ အော့အန်ခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်းဖြစ်သဖြင့် ရွှေဘိုပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ပို့လိုက်ရကြောင်း၊ ယခုအချိန်တွင် ငါးဦးမှာသက်သာသွားပြီး သုံးဦးမှာ ဆက်လက်ဆေးကုသမှုခံယူနေရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရင်က ပြောသည်။

**ခင်ဦးစိုးဝေ**

# မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံလေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်သည့် မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့အား တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ လူငယ်အသင်းချုပ်ကြီး(All China Youth Federation)၏ ဖိတ်ကြားချက်အရ အဖွဲ့ဝင် ၁၀၀ ပါဝင်သည့် မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ လေ့လာရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူ ခေါင်းဆောင်ပြီး နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် နေပြည်တော်ကောင်စီတို့မှ လူငယ်ကိုယ်စားလှယ်များ၊ ထူးချွန်အားကစားသမားများ၊ အနုပညာရှင်များ၊ အနုပညာတက္ကသိုလ်နှင့် နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း၊ ပြည်ပရောက် တရုတ်နိုင်ငံသားများအသင်း၊ သတင်းမီဒီယာတို့မှ ကိုယ်စားလှယ်များ လိုက်ပါသွားခဲ့သည်။ မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်အတွင်း ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့များသို့ သွားရောက်ခဲ့သည်။

မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့၌ ရောက်ရှိစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ လူငယ်အသင်းချုပ်ကြီး၏ ဒုတိယ အတွင်းရေးမှူးချုပ် Ms. Dong Xia နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Rao Huihua တို့နှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံလူငယ်များအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့သည် မဟာတံတိုင်းကြီး၊ Forbidden City၊ Huawei သုတေသနဌာန ပေကျင်းမြို့ အိုးအိမ်စီမံကိန်းနှင့် တရုတ်နိုင်ငံခြားရေးရာတက္ကသိုလ်တို့သို့ သွားရောက်လေ့လာခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံတကာ လေ့လာရေးဌာန၏ One Belt- One Road အစီအမံတည်ဆောက်ရာတွင် လူငယ်များ၏ အခွင့်အလမ်းများဆိုင်ရာ ဆွေးနွေးပွဲသို့လည်း တက်ရောက်ခဲ့သည်။

မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့တွင် ရောက်ရှိစဉ် Tongji တက္ကသိုလ်တွင် ဖွင့်လှစ်ထားသည့် Venture Valley နှင့် Sino- Finnish Centre၊ Pudong ဒေသလွတ်လပ်စွာ ကုန်သွယ်မှုဇုန်၊ လူငယ်လေ့လာရေး ဗဟိုဌာနနှင့် China Executive Leadership Academy Pudonh တို့သို့ သွားရောက်လေ့လာခဲ့သည်။ ထို့အပြင် ရှန်ဟိုင်းမြို့ Oriental Pearl Tower သို့ သွားရောက်လေ့လာခဲ့သည်။

မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ လူငယ်အသင်းချုပ်ကြီး၏ ဒုတိယအတွင်းရေးမှူးချုပ် Ms. Dong Xia နှင့် ရှန်ဟိုင်းလူငယ်အဖွဲ့ချုပ် (Shanghai Youth Federation ) မှ ဒုတိယဥက္ကဋ္ဌ Mr. Liu Wei က ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြန်မာ့ရိုးရာ အဆိုအကများ၊ ခြင်းလုံးအလှခတ်၊ ဝူရှူးသိုင်းအကများဖြင့် ပြန်လည်ဖျော်ဖြေခဲ့သည်။

မြန်မာလူငယ် ကိုယ်စားလှယ်အဖွဲ့၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတ နိုင်ငံလုံးဆိုင်ရာ လူငယ်အသင်းချုပ်ကြီးနှင့် ရှန်ဟိုင်းလူငယ်အဖွဲ့ချုပ်တို့မှ လူငယ်များနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်။

(သတင်းစဉ်)



(၅၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က သံတွဲမြို့၌ လုံခြုံရေးဆောင်ရွက်နေသော အမှတ်(၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်မြင့်ဌေးဦးစီး၍ ရဲတပ်ဖွဲ့ဝင်များသည် သံတွဲပြည်သူ့ဆေးရုံကြီး၌ သွေးလှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

# နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုသွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၅

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)လုံခြုံရေးရဲ ကွပ်ကဲမှုအဖွဲ့အောက်ရှိ အမှတ်(၁၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ခွဲမှူး ဒုတိယရဲမှူးကြီး ထိန်ဝင်း၏ စီစဉ်ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင် ၁၀၀ သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲသို့ အမှတ်(၁)လုံခြုံရေးရဲ ကွပ်ကဲမှုအဖွဲ့မှူး ယာယီရဲမှူးချုပ်မျိုးဆွေဝင်းက ကြည့်ရှုအားပေးစကား ပြောကြားပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များသို့ အာဟာရပြည့် စားသောက်ဖွယ်ရာများ ကျွေးမွေးကြသည်။

ထို့အတူ ယနေ့နံနက် ၆နာရီတွင် ရဲတပ်ဖွဲ့ဝင် ၇၅ ဦးသည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှတိုက်နယ်ဆေးရုံနှင့် ညောင်ကြပ်ကျေးရွာ အလယ်တန်းကျောင်းခွဲတို့တွင် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၅

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးလက်အောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ ရဲတပ်ဖွဲ့ဝင် ၅၄ ဦးသည် စက်တင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းစံပြဆေးရုံကြီး၌ သွေးလိုအပ်နေသောလူနာများအတွက် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။ ယခုကဲ့သို့ စုပေါင်းသွေးလှူဒါန်းခြင်းအပြင် အရေးပေါ်သွေးလိုအပ်ပါက နီးစပ်ရာလုံခြုံရေးရဲတပ်ဖွဲ့ခွဲများသို့ ဆက်သွယ်၍ သွေးလက်ခံရယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများအား အသေးစိတ်ကြည့်ရှုနိုင်

နေပြည်တော် စက်တင်ဘာ ၂၅

ပြည်ထဲရေးဝန်ကြီးဌာနမှ စက်တင်ဘာ ၁၀ ရက်က အမိန့်ကြော်ငြာစာအမှတ် (၁၂၀၁/၂၀၁၅) ဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများနှင့် အမိန့်ကြော်ငြာစာအမှတ် (၁၂၀၂/၂၀၁၅)ဖြင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများကို ထုတ်ပြန်ခဲ့သည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေ များအားအသေးစိတ်သိရှိလေ့လာနိုင်ရန် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၏ Website ဖြစ်သော www.mfid.gov.mm တွင် ထည့်သွင်းဖော်ပြထားရှိပြီးဖြစ်သဖြင့် အများပြည်သူများ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ သိရသည်။

(သတင်းစဉ်)

# ဂျပန်-မြန်မာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ ပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၅

ဂျပန်နိုင်ငံ ကျူရှူးသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အကြီးအကဲ ပါမောက္ခ Tatsuji Nishihara သည် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် စက်တင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်များ၌ ဘွဲ့ကြို/ဘွဲ့လွန် သင်တန်းသားသင်တန်းသူများကို “New aspects in periodontal diagnostics” ခေါင်းစဉ်ဖြင့် လာရောက်ဟောပြောခဲ့ပြီး ဂျပန်-မြန်မာ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် နှစ်ခုအကြား ပညာရပ်ဆိုင်ရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေး

မကွေး စက်တင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး၌ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာများအရ သက်ဆိုင်ရာတပ်ရင်းတပ်ဖွဲ့၊ ဌာန၊ ကုမ္ပဏီအဖွဲ့အစည်းများက စိုက်ပျိုးမြေများကို ပြန်လည်စွန့်လွှတ်ပေးခဲ့ရာ စိုက်ပျိုးမြေ ဧက ၆၂၃၀ ကို စွန့်လွှတ်ပေးခဲ့ပြီးဖြစ်၍ တောင်သူ ၁၀၂၇ ဦးသို့ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်းတည်ရှိသော ရွာမြေ၊ လယ်မြေ၊ အများပိုင်နှင့် သာသနာမြေများကို သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီး၌ လယ်မြေ ဧက ၁၁၇၇၀ ကို သစ်တောမြေအဖြစ် ပယ်ဖျက်ခဲ့ပြီးဖြစ်၍ လယ်မြေ ၁၁၄၃၉ ဧကအတွက် တောင်သူပေါင်း ၅၂၇၂ ဦးကို ပုံစံ (၇) အစောင်ရေပေါင်း ၈၅၃၀ ထုတ်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာဌာနများနှင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (မြန်မာ့အလင်း)

# ပိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ဗိုလ်လုပွဲ၌ ရတနာပုံနှင့် ရောဝတီတို့ယှဉ်ပြိုင်မည်



ရတနာပုံနှင့် ရောဝတီအသင်းတို့ ယခုရာသီ၌ တွေ့ဆုံခဲ့စဉ်။

**ရန်ကုန် စက်တင်ဘာ ၂၅**

၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို စက်တင်ဘာ ၂၇ ရက် ညနေ ၄ နာရီတွင် အောင်ဆန်းကွင်း၌ ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့်ရောဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဗိုလ်လုပွဲကစားရမည့် ရောဝတီအသင်းမှာ ဗိုလ်လုပွဲအဆင့်သို့ သုံးကြိမ်ဆက်တက်ရောက်လာခြင်းဖြစ်ပြီး ရတနာပုံအသင်းသည် ပထမဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်သည်။ ရောဝတီအသင်းသည် လက်ရှိချန်ပီယံအသင်းဖြစ်ပြီး သုံးကြိမ်ဆက်ချန်ပီယံဖြစ်ခွင့်ရရှိရန် မျှော်လင့်ချက်ရှိသည့် အသင်းဖြစ်သည်။ နှစ်သင်းစလုံးသည် ယခုအကြိမ်တွင် ဒုတိယအဆင့်၌ စတင်ကစားခဲ့ရပြီး ရတနာပုံအသင်းသည် ဒုတိယအဆင့်၌ Horizon အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ ကွာတားဖိုင်နယ်၌ ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့်အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်၌ မကွေးအသင်းနှင့် တွေ့ဆုံခဲ့သည်။ ရတနာပုံအသင်းသည် ပထမအကျော့၌ ခြောက်ဂိုး-ဂိုးမရှိ၊ ဒုတိယအကျော့၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ နှစ်ကျော့ပေါင်း ရှစ်ဂိုး-ဂိုးမရှိဖြင့် ဗိုလ်လုပွဲတက်လာခြင်းဖြစ်သည်။ ရောဝတီအသင်းသည် ဒုတိယအဆင့်၌ တက္ကသိုလ်လက်ရွေးစင်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ကွာတားဖိုင်နယ်၌ ဇွဲကပင်အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်၌ ရခိုင်နှင့် ကစားခဲ့ရသည်။ ရောဝတီအသင်းသည် ရခိုင်အသင်းကို ပထမအကျော့၌ နှစ်ဂိုး-ဂိုးမရှိ၊ ဒုတိယအကျော့၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ရှုံး/ထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင်စတင်ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်မှလွဲ၍ နှစ်စဉ်ကျင်းပခဲ့သည်။ ယခင်က MFF Cup ပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့သော်လည်း ယခုနှစ်မှစတင်ကာ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း အမည်ဖြင့် ကျင်းပမည်ဖြစ်သည်။ ရှုံး/ ထွက် ချန်ပီယံဆုများကို ၂၀၁၀ နှစ်တွင် ဟံသာဝတီအသင်း၊ ၂၀၁၁ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ရောဝတီအသင်းတို့က ရရှိထားသည်။

နှစ်သင်းစလုံးတွင် အဓိက ကစားသမားအစုံအလင်နီးပါး ပါဝင်မည်ဖြစ်ပြီး အမှတ်ပေးချန်ပီယံဆုကို ရယူနိုင်ရန် မလွယ်ကူတော့သောကြောင့် ရှုံး/ထွက်ချန်ပီယံဆုမှာ ပထမဆုံးဆုဖလား မျှော်လင့်ချက်ဖြစ်လာမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ချန်ပီယံဆုကို ရောဝတီက သုံးကြိမ်ဆက် ရယူနိုင်မလား၊ ရတနာပုံအသင်းက ပထမဆုံးအကြိမ် ရယူနိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းနေသည်။

**သတင်း-ရဲရင့်ရှိန်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၅ ဆင့်မပွဲစဉ် တောင်ကြီး၌ ကျင်းပမည်

**တောင်ကြီး စက်တင်ဘာ ၂၅**

မြန်မာနိုင်ငံ၌ ထူးချွန်သောဂေါက်သီးအားကစားသမားများပေါ် ထွက်လာစေရေးအတွက် မြန်မာ့ရွှေဆောင်ဘဏ်က အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆင့်မပွဲစဉ်ကို အောက်တိုဘာ ၈ ရက်မှ ၁၁ ရက်အထိ တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့် အပျော်တမ်းအဆင့်အမျိုးသား (Handicap 0-12 ) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24 ) ပြိုင်ပွဲများဟူ၍ပါဝင်ပြီး R&A (Rules Limited St.Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပရော်ဖက်ရှင်နယ်အဆင့်နှင့် အပျော်တမ်းအဆင့် အမျိုးသမီး ဂေါက်သီးအားကစားသမားများသည် အောက်တိုဘာ ၆ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

အပျော်တမ်းအဆင့်အမျိုးသားပြိုင်ပွဲကို လူဦးရေကန့်သတ်ထားသောကြောင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဖုန်း -၀၉- ၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၂၄၅၂၊ ၀၉-၂၅၄၇၂၅၀၈၁ နှင့် ပြိုင်ပွဲကျင်းပမည့် အေးသာယာ ဂေါက်ကွင်းတို့၌ အောက်တိုဘာ ၃ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားကာ အမည်စာရင်းကြိုတင်ပေးရမည်ဖြစ်သည်။

အကယ်၍ သတ်မှတ်လူဦးရေထက်ကျော်လွန်ပါက အောက်တိုဘာ ၅ ရက်တွင် လက်ရည်စစ်ပြိုင်ပွဲကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခွင့်အား စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် ပြင်ဦးလွင်မြို့၌ ကျင်းပပြီးစီးပြီဖြစ်သော ပြိုင်ပွဲတွင် အဆင့်(၁)မှ(၂၅)အထိ ဆုရရှိသူများမှာ လက်ရည်စစ်ပွဲကို ယှဉ်ပြိုင်ရန် မလိုကြောင်း သိရသည်။

ပြိုင်ပွဲဝင်များသွားလာရေးအဆင်ပြေစေရန် ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ အောက်တိုဘာ ၄ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေး အနေဖြင့် ပရော်ဖက်ရှင်နယ်ကစားသမားများအတွက် ငွေကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့် အမျိုးသမီးများအတွက် ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းရန် နောက်ကျသောကစားသမားများကို ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

## နိုင်ငံတကာဘောလုံး အနိုင်/အရှုံး

၂၅-၉-၂၀၁၅

**ပြင်သစ်လီဂူး ပွဲစဉ်(၇)**

| | | |
|---|---|---|
| မောင့်ပယ်လီယာ | ၂-၃ | မိုနာကို |

**အီတလီစီးရီးအေ ပွဲစဉ်(၅)**

| | | |
|---|---|---|
| အမ်ပိုလီ | ၀-၁ | အတ္တလန္တာ |

**စပိန်လာလီဂါ ပွဲစဉ်(၅)**

| | | |
|---|---|---|
| ဘက်တစ် | ၁-၂ | ဒီပို့တီဗို |

**ပရီမီယာရှစ် ပွဲစဉ်(၉)**

| | | |
|---|---|---|
| ဟက်ဒါဖီးလ် | ၁-၁ | နော်တင်ဟမ် |

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

### ကျောဖုံးမှ

ဗလင်စီယာအသင်း တာဝန်ရှိသူများသည် အောက်တိုဘာလအတွင်း၌ မြန်မာနိုင်ငံသို့ လာရောက်ကာ ရောဝတီအသင်းတာဝန်ရှိသူများနှင့် နောက်ဆုံးအဆင့် လာရောက်တွေ့ဆုံမည်ဖြစ်ပြီး ပုသိမ်မြို့ရှိ ဘောလုံးအကယ်ဒမီကိုလည်း သွားရောက်လေ့လာမည်ဖြစ်သည်။

ပုသိမ်ဘောလုံး အကယ်ဒမီကို ရောဝတီအသင်းက ဆက်လက်လုပ်ကိုင်နေခြင်းဖြစ်ပြီး လူငယ်ကစားသမားများကို ပြုစုပျိုးထောင်လျက်ရှိသည်။ လက်ရှိ MNL ကလပ်အသင်းများတွင် ဘောလုံးအကယ်ဒမီဖြင့် ဆောင်ရွက်လျက်ရှိသည့် ရောဝတီအသင်းသည် ဗလင်စီယာအသင်းနှင့် ပူးပေါင်းကာ လူငယ်ဘောလုံးဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိတွင် လာလီဂါ၌ ကစားနေသည့် ဗလင်စီယာအသင်းနှင့် ခြေစမ်းပွဲကစားခြင်း အပါအဝင် အခြားအစီအစဉ်များ မပါဝင်သေးဘဲ လူငယ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုများဖြင့်သာ စတင်မည်ဖြစ်သည်။

ဗလင်စီယာအသင်းသည် လက်ရှိ စပိန်လာလီဂါတွင် ထိပ်တန်းအဆင့်ရှိသည့် အသင်းဖြစ်ပြီး ပြည်တွင်းအောင်မြင်မှုများအပြင် ဥရောပအောင်မြင်မှုအချို့ ရရှိထားသည့် အသင်းလည်းဖြစ်သည်။



မြန်မာလူငယ်ကစားသမားများကို ဘောလုံးသင်တန်းတစ်ခု၌ တွေ့ရစဉ်။

ဓာတ်ပုံ - ဖိုးသော်ဇင်


**ရွှေစင်ဟင်္သာကုမ္ပဏီလီမိတက်**
အသေးစားငွေရေးကြေးရေးလုပ်ငန်း

**ရွှေစင်ဟင်္သာကုမ္ပဏီလီမိတက်၏အစုရှယ်ယာရှင်ဒါရိုက်တာအဖွဲ့ဝင်ထပ်မံခန့်အပ်ကြောင်း**

**အများပြည်သူသိရှိစေရန်ကြေညာချက်**

ရွှေစင်ဟင်္သာကုမ္ပဏီလီမိတက်သည် ဦးအောင်ကျော်မိုး (မှတ်ပုံတင်အမှတ်-၁၂/လမန(နိုင်)၀၀၆၂၅၁)အား ကုမ္ပဏီ၏အစုရှယ်ယာရှင်အသစ်အဖြစ်လက်ခံလိုက်ကြောင်းနှင့်အဖွဲ့ဝင်ဒါရိုက်တာအဖြစ်ခန့်အပ်လိုက်ကြောင်းကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏၂၀၁၅ခုနှစ်၊ဇန်နဝါရီလ(၂၈)ရက်စွဲပါစာအမှတ်-ငကစ/ကက-၆(၇၄/၂၀၁၅) အရ အများပြည်သူများသိရှိစေရန်နှင့် ရွှေစင်ဟင်္သာကုမ္ပဏီလီမိတက်မှ ငွေကြေးဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့် အသင်းသားများသိရှိစေရန်အတွက် အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၀ယ/၂၆၆၅၅ Zhimemg 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးအောင် ၉/မခန(နိုင်)၂၅၁၄၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ယ/၄၁၇၉၂ Jialing HD 90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ဇာထွန်း ၉/ခအဇ(နိုင်)၀၀၈၉၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၁၅)**

လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသည်။

အသေးစိတ်တင်ဒါအချက်အလက်များကို ရုံးချိန်အတွင်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့ဦးရပ်ကွက်၊ ပျဉ်းမနားမြို့သို့ ၂၈-၉-၂၀၁၅ ရက် နောက်ဆုံးထား၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းအထူးအဖွဲ့(၁၃)၊ ပျဉ်းမနား**
ဖုန်း-၀၆၇-၂၁၁၀၂၊ ၀၉-၄၂၀၇၁၂၀၃၆၊ ၀၉-၄၂၁၀၄၉၂၆၅



**ဂုဏ်ယူဝမ်းမြောက်ခြင်း**

Managing Director ဦးအောင်နိုင်ထွန်း (Tunn Star Co.,Ltd. Tunn Akaree Co.,Ltd.) နှင့် ဒေါက်တာကျော့သက်လွင်တို့၏ သမီးဦးရတနာလေးကို ၂၁-၉-၂၀၁၅ ရက် ပန်းလှိုင်ဆေးရုံကြီးတွင် မွေးဖွားပြီးသည့်အတွက် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**Tunn Star Co.,Ltd.**
**Tunn Akaree Co.,Ltd.**
**ဝန်ထမ်းများ**

# လူမျိုးမရွေး၊ ဒေသမရွေး အားလုံးအတွက် နှလုံးကျန်းမာရေး

ပါမောက္ခ
နွယ်နွယ်

၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကျရောက်မည့်(ကမ္ဘာ့နှလုံးကျန်းမာရေးနေ့)အခါသမယ၌ ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီး၌ ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ လှုပ်ရှားမှုများ ကျင်းပနေသည့်အလျောက် မြန်မာနိုင်ငံတွင်လည်း နှလုံးကျန်းမာရေး လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့၏ ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် Healthy Heart Choices for everyone, everywhere ဖြစ်ပြီး မြန်မာဘာသာဖြင့် "လူမျိုးမရွေး၊ ဒေသမရွေး၊ အားလုံးအတွက် နှလုံးကျန်းမာရေး" ဟု ခေါ်တွင်ထားပါသည်။ ခေတ်သစ်လူနေမှုပုံစံပြောင်းလဲလာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်း အသက်ဆုံးရှုံးမှုများသော ရောဂါများတွင် နှလုံးသွေးကြောရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့သည် နံပါတ်(၁)နေရာတွင် ရပ်တည်နေဆဲဖြစ်သည်။ နှလုံးနှင့် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် နှစ်စဉ် လူဦးရေ၁၇ ဒသမ ၃ သန်းသည် အချိန်မတိုင်မီ အသက်ဆုံးရှုံးကြရပြီး ၂၀၃၀ ပြည့်နှစ်တွင်မူ သေဆုံးမှုဦးရေ တစ်နှစ်လျှင် ၂၃ သန်းအထိ မြင့်တက်သွားနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြသည်။

**နှလုံးနှင့် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် နှစ်စဉ် လူဦးရေ ၁၇ ဒသမ ၃ သန်းသည် အချိန်မတိုင်မီ အသက်ဆုံးရှုံးကြရပြီး ၂၀၃၀ ပြည့်နှစ်တွင်မူ သေဆုံးမှုဦးရေ တစ်နှစ်လျှင် ၂၃ သန်းအထိ မြင့်တက်သွားနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းထားကြ**

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်မှန်းချက်ဖြစ်သည့် ၂၀၂၅ တွင် နှလုံးသွေးကြောရောဂါကြောင့် အရွယ်မတိုင်မီ အသက်ဆုံးရှုံးရခြင်းကို ၂၅ ရာခိုင်နှုန်းအထိ လျှော့ချရန် ကြိုးပမ်းလျက်ရှိသည်။

သို့ဖြစ်၍ ကမ္ဘာ့နှလုံးအဖွဲ့ချုပ်သည် နှလုံးနှင့်လေဖြတ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ဝင်ငွေနည်းသောနိုင်ငံများနှင့် ဝင်ငွေအသင့်အတင့်ရှိသောနိုင်ငံများတွင် အဓိကထား ဆောင်ရွက်လျက်ရှိသည်။

နှလုံးနှင့် နှလုံးသွေးကြောရောဂါဖြစ်စေနိုင်သော အခြေအနေများမှာ-

- သွေးတိုးရောဂါ၊
- ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲခြင်း၊
- အရက်ကို အလွန်အကျွံ သောက်သုံးခြင်း၊
- ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များ စားသုံးခြင်း၊
- အဝလွန်ခြင်း၊
- ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း။

နှလုံးနှင့် သွေးကြောရောဂါ ခံစားနေရသူများကို "ဆေးလိပ်သောက်ခြင်း၊ အစားအသောက်မဆင်ခြင်ခြင်း၊ လေ့ကျင့်ခန်းမလုပ်ခြင်းတို့ကြောင့် ရောဂါဖြစ်ရသည်" ဟု လူ့အသိုင်းအဝိုင်းမှ ဝိုင်း၍ အပြစ်တင်လေ့ရှိကြသည်။ အမှန်တကယ်တွင်မူ ကျွန်ုပ်တို့ နေထိုင်လုပ်ကိုင်ကျင်လည်ရာ ပတ်ဝန်းကျင်သည် ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်နေထိုင်ပုံစံဖြစ်ရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့သည် နှလုံးကျန်းမာရေးအား ခြိမ်းခြောက်နေသော ပတ်ဝန်းကျင်အခြေအနေများကို နေ့စဉ်ရင်ဆိုင်နေရသည်ကို သတိပြုရန် လိုအပ်ပါသည်။


- စိမ်းလန်းသောပတ်ဝန်းကျင်နှင့် တစ်စတစ်စ ဝေးကွာလာခြင်း၊
- လမ်းလျှောက်ရန်နှင့် စက်ဘီးစီးရန်အတွက် လိုအပ်သော လုံခြုံစိတ်ချရသည့် နေရာနှင့် လမ်းကြောင်းများ မရှိခြင်း၊
- လုပ်ငန်းခွင်နှင့် ကျောင်းမုန့်ဈေးတန်းတွင် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများ မရရှိနိုင်ခြင်း၊
- ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းနှင့် အသင့်စားအစာများ (Fast Food) စားသုံးမှု ဓလေ့စရိုက်များ လွှမ်းမိုးလာခြင်း၊
- မိမိအိမ်အတွင်းနှင့် အပြင် ပတ်ဝန်းကျင်တွင် ရှိသော မသန့်ရှင်းသည့်လေထုနှင့် တစ်ဆင့်ခံ ဆေးလိပ်ငွေ့များကို ရှူရှိုက်ရခြင်း။

**လူမျိုးမရွေး၊ ဒေသမရွေး နှလုံးကျန်းမာရေးရရှိရန် မိမိနှင့် မိမိမိသားစု၏ နေထိုင်စားသောက်မှုပုံစံများကို အနည်းငယ် ရွေးချယ်ပြောင်းလဲခြင်းဖြင့် နှလုံးနှင့် လေဖြတ်ရောဂါဖြစ်ပွားမှုအန္တရာယ်များကို လျှော့ချနိုင်မည် ဖြစ်သည်။**

**သင်၏အိမ်တွင် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကိုသာ စားသုံးပါ။**

- သကြားဓာတ်၊ ဆားဓာတ်နှင့် အဆီမြင့်မားစွာ ပါဝင်သော အစားအစာများ၊ အချိုဓာတ်များသော အစားအစာများကို စားသုံးခြင်းမှ တတ်နိုင်သမျှ လျှော့ချပြီး လတ်ဆတ်သော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးပါ။
- ကျောင်းနှင့် လုပ်ငန်းခွင်တွင် စားသုံးမည့် နေ့လယ်စာကို မိမိနေအိမ်တွင် သန့်ရှင်းလတ်ဆတ်စွာ ချက်ပြုတ်ပြင်ဆင်ပါ။
- သင်၏ နေအိမ်တွင်သာမက လုပ်ငန်းခွင်ပတ်ဝန်းကျင်တွင်လည်း ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ရရှိနိုင်ရန် ဖန်တီးပါ။

**သင်၏ နေအိမ်တွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ပိတ်ပင်ပါ။**




- နေအိမ်တိုင်းရှိ မိသားစု အဖွဲ့ဝင်တိုင်းအား ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကို သိမှတ်စေပြီး ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားပါ။
- ဆေးလိပ်ငွေ့ကင်းစင်သော အိမ်ပတ်ဝန်းကျင်သည် သင်နှင့် သင့်ကလေးများအပါအဝင် အခြားအိမ်သားများ၏ ကျန်းမာရေးကိုပါ တိုးတက်ကောင်းမွန်စေပါသည်။
- ဆေးလိပ်ဖြတ်ခြင်းသည် သင့်ကလေးများအတွက် စံပြနမူနာကောင်း ဖြစ်သည်။

တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်မိခြင်းသည် နှစ်စဉ် ကလေးငယ်များအပါအဝင် ဆေးလိပ်မသောက်သုံးသူ ဦးရေ ၆၀၀၀၀၀ နှင့်အထက်အား အသက်ဆုံးရှုံးမှု ဖြစ်ပေါ်စေပါသည်။

**သင်၏ မိသားစုဝင်များတွင် နှလုံးသွေးကြောရောဂါ ဖြစ်နိုင်ခြေအန္တရာယ်ကို ကြိုတင်မှန်းဆပါ။**

- နှလုံးသွေးကြောရောဂါနှင့် ပတ်သက်သော ဖြစ်နိုင်ခြေ အန္တရာယ်များအား သိရှိမှတ်သားထားပါက သင်နှင့် သင့်မိသားစု၏ နှလုံးကျန်းမာရေးတိုးတက်ကောင်းမွန်စေရန် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းနိုင်မည် ဖြစ်သည်။
- ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်သူများထံသို့ သွားရောက်၍ သွေးပေါင်တိုင်းခြင်း၊ သွေးတွင်းရှိ အဆီပမာဏ စစ်ဆေးခြင်း၊ ကိုယ်အလေးချိန်နှင့် ခန္ဓာဝန်ညွှန်ကိန်းတိုင်းတာခြင်းတို့ကို မှန်မှန်ဆောင်ရွက်ပါ။

**နှလုံးသွေးကြောပိတ်ခြင်းနှင့် လေဖြတ်ခြင်းရောဂါ လက္ခဏာများအကြောင်း လေ့လာထားပါ။**

- နှလုံးနှင့် အသက်ရှူခြင်းဆိုင်ရာ အရေးပေါ်အခြေအနေများ၏ ၇၀ ရာခိုင်နှုန်းသည် နေအိမ်တွင် ဖြစ်ပွားလေ့ရှိရာ မိသားစုဝင်များက ထိုအရေးပေါ်အခြေအနေကို သိရှိရန် လိုအပ်သည်။
- အခြေခံ အသက်ကယ် အထောက်အကူပြုနည်းအကြောင်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်သူများထံမှ လေ့လာသင်ယူသင့်သည်။
- သင်၏ မိသားစုဝင် တစ်ယောက်ယောက်တွင် နှလုံးသွေးကြောပိတ်ခြင်း (သို့) လေဖြတ်ခြင်း၏ ရောဂါလက္ခဏာများ ရှိနေသည်ဟု သံသယရှိပါက ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သော နေရာသို့ အမြန်ဆုံးပို့ဆောင်ရန် လိုအပ်သည်။

**ထိုနည်းတူစွာ လုပ်ငန်းခွင်များ၊ ကျောင်းများ၊ ဆေးရုံများ၏ အနီးအနားတွင် နှလုံးကျန်းမာရေးအတွက် ကောင်းမွန်သင့်လျော်သော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်ရန် ရိုးရှင်းလွယ်ကူသော အောက်ပါအချက်များကို သင် ဆောင်ရွက်နိုင်ပါသည်။**

**ဆေးလိပ်သောက်ခြင်းကို တားမြစ်ပါ။**

- ဆေးလိပ်ဖြတ်ရန် ကြိုးစားနေသည့် လုပ်ဖော်ကိုင်ဖက်များအား အကူအညီပေးခြင်းဖြင့် သင်၏ လုပ်ငန်းခွင်ကို ဆေးလိပ်ကင်းစင်နယ်မြေဖြစ်အောင် ပြုလုပ်ပါ။
- ဆေးလိပ်ကင်းစင်သည့်နယ်မြေ ဖြစ်မြောက်ရေးအတွက် လိုအပ်သော စည်းမျဉ်းများကို လိုက်နာရန် သင်၏ လုပ်ဖော်ကိုင်ဖက်များအား တိုက်တွန်းပါ။
- လုပ်ငန်းခွင်၊ ဆေးရုံ (သို့) ကစားကွင်းများနှင့် နီးသောနေရာများတွင် ဆေးလိပ်သောက်ရန် သတ်မှတ်ပေးထားသောနေရာများ မထားမိရန် သတိပြုပါ။

**လုပ်ငန်းခွင်တွင်လည်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းကို ပြုလုပ်ပါ။**

- စက်ဘီးစီး၍သော်လည်းကောင်း၊ လမ်းလျှောက်၍ သော်လည်းကောင်း (သို့) လုပ်ငန်းခွင်သို့ မရောက်မီ တစ်မှတ်တိုင်၊ နှစ်မှတ်တိုင်ကြိုဆင်း၍ လမ်းလျှောက်ခြင်းဖြင့် လေ့ကျင့်ခန်း ပြုလုပ်ပါ။
- ဓာတ်လှေကား၊ စက်လှေကားများကို အသုံးမပြုဘဲ လှေကားကို တတ်နိုင်သရွေ့အသုံးပြုပြီး အခြားသူများကိုလည်း ထိုသို့ပြုလုပ်ရန် တိုက်တွန်းပါ။
- လုပ်ငန်းခွင်အတွင်း ဝန်ထမ်းများအား ခြေလှမ်းအရေအတွက် မှတ်သားသည့် အလေ့အကျင့် ပြုလုပ်ရန် တိုက်တွန်းပါ။ (ဥပမာ-မိမိလက်ကိုင်ဖုန်းကို အသုံးပြု၍ မှတ်သားခြင်း)
- အလုပ်စားပွဲတွင် အလုပ်လုပ်စဉ် သို့မဟုတ် ဖုန်းပြောစဉ် မကြာခဏ မတ်တတ်ရပ် လှုပ်ရှားမှု ပြုလုပ်ပေးပါ။

**သင်စားမည့် အစားအစာများကို ရွေးချယ်ပါ။**

- ကျောင်းများ၊ လုပ်ငန်းခွင်များနှင့် ဆေးရုံဆေးခန်းများတွင် ကျန်းမာရေးနှင့် ညီညွတ်ပြီး လွယ်ကူစွာ စားသုံးနိုင်သော အစားအစာများရရှိရေးအတွက် အကြံပြုတိုက်တွန်း၍ ဖန်တီးပါ။

**စိတ်ဖိစီးမှုများကို လျှော့ချပါ။**

- စိတ်ဖိစီးမှုသည် နှလုံးသွေးကြောရောဂါများ ဖြစ်ပွားမှုနှင့် တိုက်ရိုက်သက်ဆိုင်မှု မရှိသော်လည်း ယင်းရောဂါများကို ဖြစ်ပွားစေသည့် အပြုအမူများဖြစ်သော ဆေးလိပ်သောက်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများ စားသုံးခြင်းတို့နှင့် ဆက်နွှယ်မှုရှိနေပါသည်။
- လုပ်ငန်းခွင်အတွင်း နေ့လယ်စာ စားချိန်တွင် အချိန်ယူ၍ လေကောင်းလေသန့်ရှူပါ။ ပေ့ါပါးသော ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပြုလုပ်ပါ။
- အလုပ်ချိန်အတွင်း ခေတ္တခဏ အနားယူချိန်ကို သတ်သတ်မှတ်မှတ် ပြုလုပ်ပါ။ ဥပမာ - အချိန် ငါးမိနစ်ခန့် ကိုယ်လက်အကြောဆန့်ခြင်း၊ လေ့ကျင့်ခန်း ပြုလုပ်ခြင်းများကို တစ်နေ့တာအတွင်း ပုံမှန်အချိန်သတ်မှတ်၍ ပြုလုပ်ပေးပါ။

လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်အောင် နေထိုင်ခြင်းသည် မိမိတို့၏ကျန်းမာရေးကို ကောင်းစေသည်သာမက ဝန်ထမ်းများလုပ်ငန်းခွင်မှ မကြာခဏ ပျက်ကွက်ခြင်းကို လျှော့ချနိုင်သဖြင့် ကုန်ထုတ်လုပ်မှုနှုန်း တိုးတက်လာစေရန် အထောက်အပံ့ဖြစ်စေပါသည်။

**ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းသည် ကိုယ်အလေးချိန်မြင့်တက်ခြင်း၊ ဆီးချိုသွေးချိုရောဂါနှင့် သွေးတွင်းအဆီဓာတ်များခြင်းတို့ကို ဖြစ်ပေါ်စေပြီး နှလုံးရောဂါ ဖြစ်ပွားနှုန်းကို တိုးလာစေပါသည်။ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်းဖြင့် သင်၏နှလုံးကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ပါ။**

**သင်၏ ကလေးများအား သွက်သွက်လက်လက်ပြုမူလှုပ်ရှားတတ်ရန် ပြုစုပျိုးထောင်ပါ။**

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ရည်ညွှန်းချက်အရ အသက် ၅ နှစ်မှ ၁၇ နှစ် အတွင်းရှိသော ကလေးငယ်များသည် အလယ်အလတ်မှ အတန်အသင့်ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများကို တစ်နေ့လျှင် အနည်းဆုံး မိနစ် ၆၀ ခန့် ပြုလုပ်သင့်သည်။
- သင်၏ ကလေးငယ်များကို ကျောင်းသို့ လိုက်ပို့ရာတွင် သွက်သွက်လက်လက် လမ်းလျှောက်ပါ။ စက်ဘီးစီးခိုင်းပါ။
- သင်၏ ကလေးငယ်များကို အိမ်မှုကိစ္စများတွင် ပါဝင်ကူညီခိုင်းခြင်းသည်လည်း အားကစားပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်းတို့ကဲ့သို့ အရေးပါသည်။
- တစ်နေ့တာ တီဗွီကြည့်ချိန် (သို့) ကွန်ပျူတာဂိမ်းကစားချိန်တို့ကို နှစ်နာရီထက် မပိုစေရန် အချိန်သတ်မှတ်ပေးပါ။
- ကလေးများအတွက် ကစားရန်၊ စက်ဘီးစီးရန် စိမ်းလန်း၍ လုံခြုံစိတ်ချရသော ပတ်ဝန်းကျင် ဖန်တီးပေးရန် ဝိုင်းဝန်းအကြံပြုပါ။

**မိမိကိုယ်တိုင် တက်ကြွလှုပ်ရှားစွာ နေထိုင်ပါ။**

- ပေ့ါပါးစွာ ဆောင်ရွက်နိုင်သော အေရိုးဗစ် လေ့ကျင့်ခန်းများကို တဖြည်းဖြည်းနှင့် မှန်မှန်လုပ်ရင်းသီတင်းတစ်ပတ်အတွင်း လေ့ကျင့်ခန်း ပြုလုပ်ချိန် မိနစ် ၁၅၀ ခန့် ရရန်ကြိုးစားပါ။
- မိမိနှင့် သင့်လျော်သော လေ့ကျင့်ခန်းလုပ်ဆောင်ရန် မိမိ၏ မိသားစုဆရာဝန်နှင့် တိုင်ပင်ပါ။
- နှလုံးရောဂါ (သို့) အခြားရောဂါများရှိ၍ လေ့ကျင့်ခန်းများ မပြုလုပ်ရဟု မဆိုလိုပါ။ သင်၏ ကျန်းမာရေးအနေအထားနှင့် လိုက်ဖက်သော ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု နေ့စဉ်ပြုလုပ်ပေးပါ။

**လွယ်ကူသော အကောင်းဆုံးလေ့ကျင့်ခန်းများကို မိမိတစ်နေ့တာအတွင်း ပြုလုပ်နိုင်ရန် ကြိုးစားပါ။**

ဥပမာ-

- အေရိုးဗစ်ကစားခြင်း၊ လမ်းအမြန်လျှောက်ခြင်း၊ ခပ်မှန်မှန်ပြေးခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်း၊
- ကယ်လိုရီများများ လောင်ကျွမ်းစေသော လှေကားအတက်အဆင်းပြုလုပ်ခြင်း၊ တောင်တက်ခြင်း၊ သစ်ပင်ပန်းပင်စိုက်ရန် ကျင်းတူးခြင်းစသည့် ကိုယ်လက်လှုပ်ရှားမှုများ၊
- ထိုက်ချီ၊ ယောဂစသော ကိုယ်စိတ်ပျော့ပျောင်းစေသော လေ့ကျင့်ခန်းများကို နေ့စဉ်ပြုလုပ်ပါ။

အချုပ်အားဖြင့်ဆိုသော် ကမ္ဘာ့နှလုံးအဖွဲ့ချုပ်က ကမ္ဘာ့နှလုံးကျန်းမာရေးနေ့(၂၀၁၅) အထိမ်းအမှတ်အဖြစ် မည်သည့် ပတ်ဝန်းကျင်တွင်မဆို လူသားတိုင်း မိမိနှလုံးကျန်းမာရေးအတွက် ကောင်းမွန်သော အလေ့အကျင့်အပြုအမူများ လုပ်ဆောင်လာစေရန် ပညာပေးလှုံ့ဆော်ထားခြင်းကို အသိပေးအပ်ပါသည်။ ။

WORLD RABIES DAY SEPTEMBER 28

**World Rabies Day**
28 September
End Rabies Together
ခွေးရူးရောဂါ အဆုံးသတ်အောင်ဝိုင်းဝန်းကြိုးပမ်းစို့

28 September 2015
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန



အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး အမှတ်(၁၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲတပ်ဖွဲ့ဝင်၊ မိသားစုများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ တပ်ဖွဲ့ခွဲမှူးဒုတိယရဲမှူးကြီး မျိုးမင်းလွင်ဦးစီး၍ အရာရှိ၊ အရာခံ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ စုပေါင်းသွေးလှူဒါန်းစဉ်။
(မြန်မာ့အလင်း)

## သောက်သုံးရေစစ်တမ်းကောက်ယူခြင်း ဆင့်ပွားသင်တန်းဖွင့်

**ဖားအံ စက်တင်ဘာ ၂၅**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကြီးမှူးဖွင့်လှစ်သော သောက်သုံးရေစစ်တမ်းကောက်ယူခြင်းဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ တတိယပတ်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသောင်းညွန့်က အမှာစကားပြောကြားပြီး ရွှေကူမြို့နယ် ဦးစီးမှူး ဦးသိန်းလင်းက သောက်သုံးရေစစ်တမ်းကောက်ယူခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



## လယ်ယာသုံးစက်ကိရိယာကိုင်တွယ်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ကျောက်မဲ စက်တင်ဘာ ၂၅**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့တွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၉၆) စက်မှုလယ်ယာစခန်း ကျောက်မဲမြို့မှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရေး အတွက် လယ်ယာသုံးစက်ကိရိယာများကို ဒေသခံတောင်သူများ ကျွမ်းကျင်စွာအသုံးပြုနိုင်ရန် မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို မန်ကျောင်းကျေးရွာတွင် စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိသည်။

ထို့နောက် စက်ကိရိယာလက်တွေ့အသုံးပြုမည့် တောင်သူများအနေဖြင့် တောင်သူများဌာနနှင့် ပြင်ပပုဂ္ဂလိကဆိုင်များမှ ဝယ်ယူထားသော လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာမောင်းနှင်နိုင်စေရန်နှင့် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ကျောက်မဲမြို့နယ် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးလင်းအောင်က ပြောကြားသည်။

အဆိုပါ သင်တန်းတွင် ဒေသခံတောင်သူ ၃၀ အား ထွန်၊ ထယ်ချိန်တွယ်နည်းများကိုစာတွေ့လက်တွေ့သင်ကြားပြီး ထွန်စက်ကြီးငါးစီးဖြင့် ထွန်ယက်ရေးလုပ်ငန်းတွင် ကိုယ်တိုင်မောင်းနှင်အသုံးပြုနိုင်သည်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်အောင်**

## မူဆယ်၌ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်

**မူဆယ် စက်တင်ဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့၌ ပြည်သူတို့၏ လိုအပ်ချက်များကို အချိန်ကြန့်ကြာမှု မရှိစေရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နေရာတည်း (one stop shops) ဆောင်ရွက်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ကို စက်တင်ဘာ တတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးရှေ့တွင် ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါရုံးကို ဌာနပေါင်းစုံ ၁၀ ဌာန စုပေါင်း၍ ဌာနအလိုက်သက်ဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်ထားခြင်းကြောင့် ပြည်သူများအနေဖြင့် တစ်နေရာတည်းတွင် လုပ်ငန်းကိစ္စများကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်လိုက်ခြင်းအားဖြင့် ပြည်သူလူထု အခက်အခဲကို ကြားပွဲစားမလို ဝန်ဆောင်မှုပေးနိုင်ခြင်း၊ လာဘ်ပေးလာဘ်ယူမှု ပပျောက်နိုင်ခြင်း၊ လုပ်ငန်းများ ပိုမိုလျင်မြန်စေခြင်းနှင့် ပြည်သူများ အချိန်ကုန် သက်သာမှုရှိစေခြင်း စသည့် အကျိုးသက်ရောက်မှုများရရှိနိုင်ကြောင်း မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ပြောသည်။

ပြည်သူများအားသိရှိစေရန် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ လက်ကမ်းစာစောင်များ၊ ဗီနိုင်းပိုစတာများချိတ်ဆွဲ၍ ကြေညာသွားမည်ဖြစ်ကြောင်းနှင့် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ကို အချိန်အကန့်အသတ်မရှိ ဖွင့်လှစ်ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(၁၀၅)မိုင်**





## ခေတ်အဆက်ဆက် မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာပုံ




ဤစာအုပ်သည် မြန်မာစာပေ၏ သမိုင်းကွင်းဆက်ကို စူးစမ်းဖော်ထုတ်ထားသည့်အပြင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်လာပုံကို ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အဆုံးထိ ဆက်စပ်တင်ပြထားသော စာအုပ်တစ်အုပ်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အရင်းအမြစ်တစ်ခုဖြစ်သော မြန်မာစာပေကို မြတ်နိုး၊ တန်ဖိုးထားထိန်းသိမ်းမြှင့်တင်သွားကြရေးကို ဦးတည်ရည်ရွယ်လျက် စာရေးဆရာ ကန္တာဆွေက ရေးသားပြုစုထုတ်ဝေလိုက်သည်။ ရှေးခေတ် မြန်မာစာပေမြင်ကွင်းကို အချိန်တိုအတွင်း ဖြန့်ကြက်ရှုမြင်နိုင်မည့်စာအုပ်ဖြစ်ကြောင်း ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က အမှာစာရေးသားထားသည်။ တက်တိုးစာပေက ထုတ်ဝေ၍ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြစ်သည်။

## ကျွန်တော့်ရဲ့ တိုက်ပွဲကြီးများ




အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်၏ န၀မမြောက်စာအုပ်ဖြစ်သည့် ကျွန်တော့်ရဲ့တိုက်ပွဲကြီးများ စာအုပ်တွင် စာရေးသူက ၎င်းကြုံတွေ့ခံစားခဲ့ရသည့် ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေးအတွေ့အကြုံ အဖြစ်အပျက်များကို ယခုလက်ရှိ ဖြစ်ရပ်များနှင့် နှိုင်းယှဉ်သုံးသပ်နိုင်စေရန် တင်ပြထားသည်။ "နောက်ဆုံးတိုက်ပွဲကြီးအတွက် ပြင်ဆင်ခြင်း" အခန်းတွင် လူတိုင်းကြုံတွေ့ရမည့် သေခြင်းတရားကို ရဲရဲရင့်ရင့်ရင်ဆိုင်သွားရန် ကျင့်ကြံပြင်ဆင်ထားပုံကို စိတ်ဝင်စားဖွယ်ဖြစ်သည်။ စေတနာစာပေမှ ဖြန့်ချိပြီး တန်ဖိုး ငွေကျပ် ၂၀၀၀ ဖြစ်သည်။

## လူသားအား အန္တရာယ်ပေးနေသော ပိုင်းရပ်(စ်)ပိုးများ




လူတိုင်းသိသင့်သိထိုက်သော အခြေခံကျန်းမာရေးဆေးပညာကို အထိုက်အလျောက် နားလည်သဘောပေါက်စေရန် အကူအညီပေးမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ ရေယုန်ဗိုင်းရပ်စ်ပိုးများ မည်ကဲ့သို့ဝင်ရောက်ပုံ၊ အသည်းရောင်ရောဂါပိုးများအကြောင်း၊ ဘက်တီးရီးယားပိုးများကို စူးစမ်းတွေ့ရှိခဲ့ကြသည့် ဆေးပညာရှင်ကြီးများ အကြောင်း စိတ်ဝင်စားဖွယ်ရေးသားထားသည်။ ကပ်ပါးပိုးများသည် လူ၏ဝမ်းဗိုက်အူလမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ပျံ့နှံ့ဝင်ရောက်ကာ ဝမ်းရောဂါများဖြစ်ပွားစေပုံ၊ ငှက်ဖျားပိုးသံသရာနှင့်ကာကွယ်ကုသမှုများ၊ မှိုကြောင့်ဖြစ်တတ်သော ရောဂါများ၊ ပဋိဇီဝဆေးများ၏ အစွမ်းထက်မြက်ပုံကိုလေ့လာနိုင်သည်။ ဆစ်ဖလစ်ရောဂါသမိုင်းကြောင်းကို သိရှိနိုင်သည်။ စေတနာစာပေမှ ထုတ်ဝေသည်။

## တောင်ညိုရိုးမမျက်ရည်ကျသည်




ဆရာဖိုးကျော့၊ ကျွန်းစဉ်မြေစောခက်နှင့် အခြားစာရေးဆရာများ ပါဝင်ရေးသားထားသည့် "တောင်ညိုရိုးမမျက်ရည်ကျသည်"ဝတ္ထုတွင် ရောဂါသည်မိခင်ကြီး၏ကျေးဇူးကို အသက်စွန့်ပေးဆပ်သွားသူ ရခိုင်ရိုးမရှိ လေ့ထွင်းသမားတစ်ဦး၏ ရင်နင့်ဖွယ်ဇာတ်ကြောင်းကို ရေးဖွဲ့ထားသည်။ "ကြွေးရာဇဝင်တစ်ပုဒ်" ဝတ္ထု၌ ဂျပန်ခေတ်အတွင်း ဆရာသခင်ကဲ့သို့ လေးစားရသူတစ်ဦးအား အသက်ဘေးမှ ကယ်တင်ခဲ့သည့် အမျိုးသမီး၊ "စောင့်ကာလေ လက်ရေချိုး"တွင် ပင်လယ်ပျော်လုပ်သားတို့၏ မရေရာသောဘ၀ အနာဂတ်စသဖြင့် ရသအဖုံဖုံ စုံလင်စွာဖတ်ရှုနိုင်မည်။ စွယ်တော်စာပေမှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၅၀၀ ဖြစ်သည်။

## တစ်ယောက်အတွက်အားလုံး




မိုးဂျာနယ်မှ လက်ရွေးစင်နိုင်ငံတကာဆောင်းပါးများကို ရွေးထုတ်ထားသည်။ လွန်ခဲ့သော အနှစ် ၂၀ ကျော်က ကမ္ဘာ့ဖြစ်ရပ်များကို သိရှိစေပြီး လူငယ်များ နိုင်ငံရေးအသိအမြင်ကြွယ်ဝစေမည့်စာအုပ်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ မတူညီသော ပညာရေးဓလေ့ထုံးစံများ၊ ထိုင်းဘုရင် ဘူမိဘောအဒူယာဒက်၏ ဘုရင့်စီမံကိန်းများ ကိုင်တွယ်ဆောင်ရွက်ပုံ၊ ပီကင်းညီလာခံ၌ အမျိုးသမီးများတရားမျှတမှုရရှိရေးနှင့် အကြမ်းဖက်မှုများ အဆုံးသတ်ရေး အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်များ၏ ကြိုးပမ်းမှုကို ပုံဖော်ထားသည်။ ရွှေရဲရင့်ပုံနှိပ်တိုက်မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၀၀၀ ဖြစ်သည်။

# မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ မိတ္ထီလာ၌ ကျင်းပ



**မိတ္ထီလာ စက်တင်ဘာ ၂၅**

မိတ္ထီလာမြို့၌ ကျင်းပနေသည့် (၁၃၂) ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် နှစ်စဉ်ကျင်းပသော မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လောင်းလှေပြိုင်ပွဲဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းအမှာစကားပြောကြားပြီး ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ကြမည့် လှေအသင်းများက သမိုင်းဝင်ဖောင်တော်ဦးစေတီတော်အား လှေဦးတိုက်ပူဇော်ကြသည်။

မိတ္ထီလာ ဖောင်တော်ဦးဘုရားပွဲတော် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် အုပ်စုလေးစု ပါဝင်ယှဉ်ပြိုင်ကြပြီး (က) အုပ်စု၌ ပေါက်ကျိုင်း၊ ပျို့တို့မောင်၊ ဇာတိသွေးပြန်လာပြီ၊ ရွှေလူးရင်သွေး၊ အောင်တံခွန် အသင်းများ (ခ)အုပ်စု၌ ရွှေလူးကိုကို၊ ရွှေညီအစ်ကို၊ ရေလှိုင်းဖြူ အောင်မင်္ဂလာအသင်းများ၊ (ဂ) အုပ်စုတွင် ရွှေလက်ယာ၊ ရွှေလူးတက်ရိုင်း၊ ရွှေလူးမောင်မောင်၊ ဇွဲမာန်၊ မြင်းခြံအသင်းများနှင့် (ဃ)အုပ်စုတွင် ပြန်လာပြီရွှေဂူကြီး၊ မိတ္ထီလာတက္ကသိုလ်၊ ဒို့လာပြီ၊ လဝန်းမောင်အသင်းများ စုစုပေါင်းလှေအသင်း ၁၈ သင်းပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို တစ်ရက်လျှင် ပွဲစဉ် ၁၀ ပွဲ ကျင်းပမည်ဖြစ်ပြီး သုံးလား(သုံးပွဲ)လှော်ခတ်ရာတွင် နှစ်လား(နှစ်ပွဲ)နိုင်သူက အနိုင်ရရှိသည့် စနစ်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မိုးသီးနှံစိုက်ပျိုးစရိတ် ကျပ်သိန်းပေါင်း ခြောက်သောင်းကျော် ထုတ်ပေးပြီးစီး

**ပခုက္ကူ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်ငါးခုမှ မိုးသီးနှံစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးဘဏ်က မေ ၂၇ ရက်မှစတင်ထုတ်ပေးခဲ့ရာ ဩဂုတ်လကုန်အထိ ချေးငွေကျပ်သိန်းပေါင်း ခြောက်သောင်းကျော်ကို ထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ချေးငွေထုတ်ပေးမှုအနေဖြင့် ပခုက္ကူမြို့နယ်တွင် အသင်းဝင်တောင်သူ ၄၄၉၃ ဦး၏ မိုးစပါး ၁၀၂၈ ဧကနှင့် အခြားသီးနှံ ၃၃၁၇၃ ဧကအတွက် ချေးငွေ ၇၆၆၂ ဒသမ ၆၀ သိန်း၊ ရေစကြိုမြို့နယ်တွင် တောင်သူ ၇၀၁၅



ဦး၏ မိုးစပါး ၁၅၅၇၉ ဧကနှင့် အခြားသီးနှံ ၁၀၆၀၅ ဧကအတွက် ချေးငွေ ၁၇၇၀၀ သိန်း၊ မြိုင်မြို့နယ်တွင် တောင်သူ ၁၀၇၂၃ ဦး၏ မိုးစပါး ၁၀၉၁၅ ဧကနှင့် အခြားသီးနှံ ၆၃၉၂၅ ဧကအတွက် ချေးငွေ ၂၃၇၀၀ သိန်း၊ ပေါက်မြို့နယ်တွင် တောင်သူ ၄၉၇၂ ဦး၏ မိုးစပါး ၄၂၄၃ ဧကနှင့် အခြားသီးနှံ ၂၅၂၁၈ ဧကအတွက် ချေးငွေ ၉၂၈၆ ဒသမ ၆၀ သိန်း၊ ဆိပ်ဖြူမြို့နယ်တွင် တောင်သူ ၄၁၃၇ ဦး၏ မိုးစပါး ၇၀၄၆ ဧကနှင့် အခြားသီးနှံ ၁၃၉၄၇ ဧကအတွက် ချေးငွေ ၉၈၃၅ ဒသမ ၄၀ သိန်း၊ ပခုက္ကူခရိုင်တွင် တောင်သူ ၃၁၃၄၀ ဦးအတွက် မိုးစပါး ၃၈၈၁၁ ဧကနှင့် အခြားသီးနှံ ၁၄၆၈၆၈ ဧကအတွက် ချေးငွေ ၆၈၁၈၄ ဒသမ ၄ သိန်းကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲတာဝန်ခံ ဦးကြည်မြင့်ထံမှ သိရသည်။

စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် အတိုးနှုန်း တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ရာ သက်သာသောနှုန်းထားများဖြင့် ထုတ်ချေးထားခြင်းဖြစ်သောကြောင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် သွင်းအားစုများဝယ်ယူရန် အထောက်အကူပြုကြောင်း သိရသည်။ ယခုနှစ် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသည့်စနစ်ကိုလည်း ယခင်နှစ်များတွင် တောင်သူ ငါးဦး၊ ၁၀ ဦးအစုအဖွဲ့အလိုက် အာမခံစနစ်ဖြင့် ထုတ်ချေးပေးခဲ့ရာမှာ တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးအတွက် သုံးဦးအစုအဖွဲ့ အပြန်အလှန်အာမခံစနစ်ဖြင့် ထုတ်ချေးပေးထားကြောင်းလည်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ကျေးရွာနေပြည်သူများအား မြေငှားဂရန်များထုတ်ပေး

**မြစ်ကြီးနား စက်တင်ဘာ ၂၅**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စု တန်ဘော်ကျေးရွာ၌ ဒေသခံပြည်သူများအား မြေငှားဂရန်များကို စက်တင်ဘာ ၂၃ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြေငှားဂရန်များထုတ်ပေးရာတွင် ခရိုင်မြေငှားဂရန်ထုတ်ပေးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီးက အမှာစကား ပြောကြားပြီး တန်ဘော်ကျေးရွာမှ ဒေသခံပြည်သူ ၁၈၀ အတွက် မြေငှားဂရန်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ကျေးရွာနေပြည်သူများအနေဖြင့် မြေငှားဂရန်များရရှိခြင်းဖြင့် မိမိတို့၏မြေများအတွက် ခိုင်မာသောပိုင်ဆိုင်မှုအထောက်အထားရရှိခြင်းဖြစ်ကာ အဆိုပါမြေကို စိတ်ကြိုက်စီမံခန့်ခွဲနိုင်မည်ဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လိုသူများအတွက် အဆိုပါ မြေပိုင်ဆိုင်မှုမှတစ်ဆင့် ငွေအရင်းအနှီးရရှိမည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

မြေငှားဂရန်များထုတ်ပေးသည့်အခမ်းအနားသို့ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇေယျာကျော်၊ ဝိုင်းမော်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ တန်ဘော်ကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

**စိန်ဝင်း(ပြန်/ဆက်)**

# ကလေးသူငယ်များနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး ပညာပေးဟောပြော

**လပွတ္တာ စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ လပွတ္တာမြို့နယ် သပြုကုန်းကျေးရွာအုပ်စု သပြုကုန်းကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကလေးသူငယ်များနှင့် အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လပွတ္တာခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန္တာဝင်းသိန်းက ကျေးလက်နေပြည်သူများ၊ ကလေးသူငယ်များအား အကြမ်းဖက်မှုများနှင့် ကာကွယ်ရေးဆိုင်ရာများ၊ ဥပဒေအရ ကာကွယ်ပေးထားမှုများအကြောင်းကို အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် သပြုကုန်းကျေးရွာ အမကကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၁၀ အတွက် ဗလာစာအုပ် ဒါဇင် ၂၀၊ ကျောင်းဝတ်စုံ ၃၀ နှင့် ကျောင်းသုံးပစ္စည်းများ စုစုပေါင်းတန်ဖိုး ကျပ်သုံးသိန်းနီးပါးကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝင်းကျော်မြင့်(ပြန်/ဆက်)**

# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သုံးခွ စက်တင်ဘာ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စက်ရေတွင်းတူးဖော်မှုများကို တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သုံးခွမြို့နယ်အတွင်း ကျေးရွာခုနစ်ရွာ၌ စက်ရေတွင်းခုနစ်တွင်းကို တင်ဒါအောင်မြင်သော Silver Wall ကုမ္ပဏီက တူးဖော်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာခုနစ်ရွာမှ ကတုံးပေါ်အလယ်ကျေးရွာ၌ လေးလက်မ GI ပိုက်စက်ရေတွင်း တူးဖော်ပြီးစီးမှုနှင့် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ပြီးစီးမှု၊ ရေစက်ရုံနှင့် ကွန်ပရက်ဆာတစ်လုံး တည်ဆောက်တပ်ဆင်ထားမှုကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

**ကိုကျော်(သုံးခွ)**

# အင်းတော်-ဗန်းမောက်ကားလမ်း၌ ကတ္တရာထပ်ပိုးလွှာခင်း

**အင်းတော် စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်-ဗန်းမောက် ကားလမ်းပိုင်း၌ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကတ္တရာထပ်ပိုးလွှာများကို စက်တင်ဘာ ၂၃ ရက်မှစ၍ ခင်းလျက်ရှိကြောင်း သိရသည်။

"အင်းတော်-ဗန်းမောက် ကားလမ်းမကြီးကို ရာသီမရွေး ဆက်သွယ်သွားလာရေးအတွက် အင်းတော်မြို့နယ်ဆောက်လုပ်ရေးမှ AE ဦးဆန်းလင်းနဲ့အဖွဲ့က နန့်သာရွာနဲ့ မော်တိတ်ရွာကြား အကျယ် ၁၂ ပေ အရှည်တစ်မိုင်ခွဲရှိတဲ့ လမ်းပိုင်းကို ကတ္တရာထပ်ပိုးလွှာခင်းနေတာပါ"ဟု အလုပ်သမားခေါင်းဆောင် ဦးခင်မောင်ဝင်းက ပြောသည်။

လမ်းခင်းရာတွင် ဒေသခံအလုပ်သမားများကို ခေါ်ယူအသုံးပြုလျက်ရှိကြောင်း၊ အမျိုးသမီးလုပ်သားတစ်ဦးကို တစ်ရက်သုံးထောင်ကျပ်နှင့် အမျိုးသားတစ်ဦးကို တစ်ရက်လျှင် လေးထောင်ကျပ်နှုန်းနှင့် ငှားရမ်းအသုံးပြုသဖြင့် ဒေသခံမိသားစုများလည်း အပိုဝင်ငွေရရှိနေကြောင်း၊ ယခုခင်းနေသောလမ်းပိုင်း ပြီးသွားပါက နောက်ထပ်တစ်မိုင်ကိုလည်း တစ်ဆက်တည်းခင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**



# ဂန့်ဂေါတွင် တောင်သူလယ်သမားများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

**ဂန့်ဂေါ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် သာလင်းကျေးရွာမှ တောင်သူလယ်သမားများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ပေးအပ်ပွဲကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

မကွေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းမြင့်မောင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်သူလယ်သမား ၇၃ ဦးထံသို့ ဦးပိုင်ပေါင်း ၂၀၄ ခု၊ ဧရိယာ ၅၁၀ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၁၀၁)**

# (၁၁၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်လှည့်လှည်ပူဇော်ပွဲ ပေါင်းတည်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ပေါင်းတည် စက်တင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့၌ (၁၁၅)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်ပူဇော်ပွဲကို စက်တင်ဘာ ၂၅ ရက်မှ ၂၈ ရက် (တော်သလင်းလဆန်း ၁၂ ရက်မှ ၁၅ ရက်)အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓမြတ်စွယ်တော်အား အနေကဇာတင်ပြီး တစ်နှစ်ပတ်လုံးစံမြန်းရာ ဂန္ဓကုဋိတိုက်မှ အဖူးမြော်ခံရာ ရွှေကျောင်းဆောင်သို့ ပင့်ဆောင်မည်ဖြစ်ကာ အဆိုပါရွှေကျောင်းဆောင်၌ စတင်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၆ ရက် နေ့လည်ပိုင်းတွင် စွယ်တော်ရတနာတင် ဆင်တော်၊ ပိဋကတ်သုံးပုံတင် အရုံဆင်တော်များနှင့် ဓမ္မစကြာအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြတ်စွယ်တော်အခမ်းအနားစီစဉ်မှုအဖွဲ့များလိုက်ပါ၍ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ အလှပြယာဉ်များဖြင့် မြို့တွင်းလှည့်လည်အပူဇော်ခံမည်ဖြစ်သည်။

စက်တင်ဘာ ၂၇ ရက်တွင် နံနက်ပိုင်းမှ ည ၁၀ နာရီအထိ စွယ်တော်မြတ်ကိန်းဝပ်ရာ စိန်ကြုတ်တော်ကိုဖွင့်လှစ်၍ ပကတိအတိုင်း အပူဇော်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဘုရားပွဲတော်ရက်အတွင်း မန္တလေးမြို့မှ မြန်မာပြည်စွမ်းဆိုင်းအဖွဲ့က အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ပြီး ရွှေအားမာန်၊ စိန်ရတနာနှင့် နှင်းဆီရင်ခွင်ဇာတ်အဖွဲ့များကလည်း မိုးလင်းပေါက်ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ ဘုရားပွဲတော်ဈေးများကိုလည်း ယခုအချိန်မှာပင် ဖွင့်လှစ်ရောင်းချနေပြီဖြစ်ပြီး ဆိုင်ခန်းအမျိုးမျိုးတွင် လူသုံးကုန်ပစ္စည်း အမျိုးမျိုးကို ရောင်းချလျက်ရှိသည်။

ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်သည် လက်သုံးသစ်ခန့်ရှည်၍ လုံးပတ်မှာ လက်မဝက်ခန့်ရှိကာ ထုတ်သစ်စဖြစ်သော လဲ၊ ဖော့ကဲ့သို့ ဖြော့ဖြော့ဖြူသော အဆင်းရှိကြောင်း သီဟိုဠ်ပြန် ဝဇီရရာမဆရာတော်ကြီး၏ ကျမ်းတွင် ဖော်ပြထားသည်။



စွယ်တော်ကို မြန်မာသက္ကရာဇ် ၁၂၅၉ ခုနှစ်က ပေါင်းတည်မြို့တိုက်သူကြီး ဦးဖိုးမြ၊ ဒေါ်နုမိသားစုနှင့် မိတ်ဆွေတစ်စုက သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာနိုင်ငံ)သို့ သွားရောက်၍ စွယ်တော်ရတနာအား ဖူးမြော်ရာမှ သီဟိုဠ်စွယ်တော်အမတ်ကြီးနှင့် တိုင်ပင်ပြီး ကြံအင်လက္ခဏာနှင့်ပြည့်စုံသော ဆင်ရတနာ၏ လက်ဝဲစွယ်ကို စွယ်တော်အစစ်နှင့် ပုံတော်၊ ဉာဏ်တော်၊ လုံးပတ်တော်အညီ ထုလုပ်ကာ စွယ်တော်အစစ်နှင့်အတူ ရတနာကြုတ်အတွင်း ၁၅ ရက်တိတိ သီတင်းသုံးစံပယ်တော်မူပြီးမှ ပြန်လည်ပင့်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြန်လည်ပင့်ဆောင်လာစဉ်က ရန်ကုန်မြို့တွင် ခေတ္တအပူဇော်ခံခဲ့ပြီး ပေါင်းတည်မြို့သို့ ဆက်လက်ပင့်ဆောင်ခဲ့ရာ ၁၂၅၉ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက် (ခရစ်နှစ် ၁၈၉၇ ခုနှစ် စက်တင်ဘာ ၈ ရက်)တွင် ပေါင်းတည်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

စွယ်တော်ပြန်ရောက်ပြီးနောက် ပေါင်းတည်မြို့အတွင်း စည်ကားစွာလှည့်လည်အပူဇော်ခံခဲ့ပြီး ၁၂၆၀ ခုနှစ်မှစ၍ နှစ်စဉ် တော်သလင်းလဆန်း ၁၃ ရက်တိုင်းတွင် စွယ်တော်ကို ရွှေကြုတ်မှ ငွေကြုတ်အတွင်း ပြောင်းလဲထည့်သွင်း၍ မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်မှာ ၁၁၅ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



**ချင်းပြည်နယ် ဖလမ်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ချင်းချယ်ရီမူလတန်းကြိုကျောင်း၌ ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်အတွက် ကဗျာရွတ်ဆိုပြိုင်ပွဲကို စက်တင်ဘာ ၂၄ရက်က ကျင်းပခဲ့ပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က ဆုရကလေးငယ်များအား ဆုချီးမြှင့်စဉ်။**

(ခရိုင် ပြန်/ဆက်)

# ကလေးမြို့နယ် ရေဘေးသင့်ဒေသမှလယ်မြေများကို အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန် ထွန်စက်ကြီးများ ဆက်လက်ပို့ဆောင်ပေးလျက်ရှိ

**မုံရွာ စက်တင်ဘာ ၂၅**

ကလေးမြို့နယ်အတွင်း ရေဘေးသင့်ဒေသများမှ လယ်ယာမြေများကို အချိန်မီပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများဖြစ်သည့် ထွန်စက်များနှင့် ဆက်စပ်ပစ္စည်းများကို မုံရွာဆိပ်ကမ်းမှတစ်ဆင့် ဆက်လက်ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပံ့ပိုးကူညီမှုနဲ့ ကျွန်တော်တို့ ရွှေဘိုခရိုင် စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်မောင်း ၂၉ ဦးနဲ့ ကြီးကြပ်သုံးဦး လိုက်ပါပြီး ထွန်စက် ၂၉ စီးနဲ့ ကလေးဒေသက တောင်သူတွေဆီ အရောက်သွားပြီး အခမဲ့ကူညီထွန်ယက်ပေးမှာဖြစ်ပါတယ်။ ဌာနရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ တောင်သူအကျိုးပြုလုပ်ငန်းဖြစ်သလို ရေဘေးသင့်တောင်သူတွေရဲ့ လယ်ယာမြေတွေကို ကူညီထွန်ယက်ပေးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့အဖွဲ့တွေက ကောလင်းရေဘေးသင့်တောင်သူတွေကို ကူညီထွန်ယက်ပြီးဖြစ်လို့ အခုထပ်မံပြီး ကလေးဒေသကို အားဖြည့်ကူညီဖို့အတွက် သွားရောက်ကြတာဖြစ်ပါတယ်"ဟု ပြောသည်။

ထွန်စက်များကို မုံရွာမင်းဒေါက်ဆိပ်ကမ်း၌ ဇက်ရေယာဉ်ကြီးပေါ်သို့ စက်တင်ဘာ ၂၃ ရက်တွင် တင်ဆောင်ပြီး ကလေးဝဆိပ်ကမ်းအထိ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ကလေးဝမှတစ်ဆင့် ကုန်းလမ်းခရီးဖြင့် ရေဘေးသင့်တောင်သူများထံ အရောက်သွားကာ အခမဲ့ကူညီထွန်ယက်ပေးကြမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင်လနှင့် ဩဂုတ်လများအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ ကလေးဒေသတွင် မကြုံစဖူးရေဘေးသင့်ခဲ့ပြီး လယ်ယာမြေများ ရေနစ်မြုပ်ပျက်စီးခဲ့သောကြောင့် ယခု ရေများပြန်လည်ကျဆင်းသွားချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်လုပ်ကိုင်နိုင်ရန် နိုင်ငံတော်အစိုးရအစီအစဉ်ဖြင့် ထွန်စက်များပေးပို့၍ ကူညီထွန်ယက်ပေးနေခြင်းဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**



# မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်မူကြိုများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုကျောင်းများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်းရှိ အသင်းရုံးခန်းမ၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ထွေးက အမှာစကားပြောကြားပြီး တန်ဖိုးကျပ် ၈၈ သိန်းကျော်ရှိ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ရေအိုးစင်၊ ပန်ကာ၊ ကျောင်းဝတ်စုံ၊ ရုပ်မြင်သံကြားစက်များနှင့် သင်ထောက်ကူပစ္စည်းများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူကြိုများမှ တာဝန်ခံများအား ပေးအပ်ခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# ချောင်းရေတိုက်စားမှုကာကွယ်ရန် ကွင်းဆင်းတိုင်းတာ

**ကျွန်းလှ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပျဉ်းမမြိုင်ရပ်ကွက်နှင့် သစ်ရာမြိုင်ရပ်ကွက်တို့တွင် တောင်ချောင်းကြီးချောင်းရေတိုက်စားပြီး ကမ်းပါးပြိုခြင်းနှင့် ရေလွှမ်းမှုမှ ကာကွယ်ရန်အတွက် တောင်ချောင်းကြီးချောင်း ရေစီးနှုန်း ကွင်းဆင်းတိုင်းတာခြင်းကို စက်တင်ဘာ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ခန့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုကော်မတီဝင်များက ကွင်းဆင်းတိုင်းတာခဲ့ခြင်းဖြစ်သည်။

တိုင်းတာချက်များအရ ချောင်းရေတိုက်စားမှုကို ကာကွယ်နိုင်ရန်အတွက် အလျားပေ ၁၀၀၀ ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၂ ပေရှိ မျှောတန်းထိုး ကျောက်ဖြည့်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ဂျူဗင်တပ်စ်တို့ အမှတ်ရနိုင်တဲ့ စီးရီးအေပွဲစဉ်(၆)

မိုးမြင့်လင်းလက်

အသင်းကြီးတွေခက်ခဲမယ့် ဒီတစ်ပတ် စီးရီးအေပွဲစဉ်(၆)ကတော့ လာမယ့် စက်တင်ဘာ ၂၆ ရက် ညပိုင်းနဲ့ ၂၇ ရက်တွေမှာ ယှဉ်ပြိုင်ကစားပါလိမ့်မယ်။ ဒီပွဲစဉ်မှာ ဂျူဗင်တပ်စ်၊ အေစီမီလန်၊ အင်တာမီလန် အသင်းတွေပွဲကျပ်အဖြစ် ကစားရမယ့် အနေအထားဖြစ်ပြီး ရလဒ်တွေလည်း မထင်မှတ်တာတွေထွက်ပေါ်လာနိုင်ပါတယ်။ မျှော်မှန်းလို့မရတဲ့ ခြေစွမ်းအားပြိုင်မှုတွေကြောင့် ပြိုင်ဆိုင်မှုတွေ ပြင်းထန်မယ့်ပွဲတွေအဖြစ် မြင်တွေ့ကြရဦးမှာ ဖြစ်ပါတယ်။

**နာပိုလီနှင့် ဂျူဗင်တပ်စ်**

ဘရူဂျက်နဲ့ လာဇီယိုကို ငါးဂိုးပြတ်တွေသွင်းပြီး အောင်ပွဲဆက်တိုက်ခံလာတဲ့ နာပိုလီဟာ အခုပွဲဂျူဗင်တပ်စ်နဲ့ ဆုံတွေ့ရတာမို့ အိမ်ကွင်းမှာ ဆိုပေမယ့် အကြိတ်အနယ်နွှဲရမယ့်ပွဲပါပဲ။ ဂျူဗင်တပ်စ်နဲ့ နောက်ဆုံးငါးပွဲဆုံတွေ့ခဲ့တဲ့ ရလဒ်ကိုကြည့်ရင် ဂျူဗင်တပ်စ်တို့ တစ်ပွဲသာရှုံးထားပါတယ်။ ဒါပေမယ့် နာပိုလီကွင်းမှာကစားခဲ့တဲ့ ဂျူဗင်တပ်စ်ရဲ့ပွဲရလဒ်တွေက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးပြီး နှစ်ပွဲ သရေဖြစ်ထားပါတယ်။ အခုတစ်လော စီးရီးအေမှာ နိုင်ပွဲပြန်ရလာတဲ့ ဂျူဗင်တပ်စ်ဟာ အခုပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။

**ရိုးမားနှင့် ကာပီ**

စထရုမန်း၊ ဆက်ဇီနီနဲ့ ကက်ရာဒိုစီတို့ ဒဏ်ရာရနေတဲ့ ရိုးမားဟာ အခုပွဲ အိမ်ကွင်းမှာ ကစားရမှာမို့ အမှတ်ပြည့်ရယူဖို့ အားထုတ်ပါလိမ့်မယ်။ ဘာစီလိုနာနဲ့ ဆက်ဆူအိုလိုအသင်းတွေကို သရေပွဲတွေ ဆက်တိုက်ကစားခဲ့ရတဲ့ ရိုးမားဟာ အခုပွဲမှာ နိုင်ပွဲရအောင် ပြန်ရှာဖွေပါလိမ့်မယ်။ ကာပီတို့ကတော့ ရလဒ်တွေဆိုးရွားနေဆဲဖြစ်တာမို့ ရိုးမားကွင်းကနေ အမှတ်လက်မဲ့နဲ့အိမ်ပြန်ရမှာပါ။

**ဂျီနိုအာနှင့် အေစီမီလန်**

အေစီမီလန်တို့ အခုပွဲမှာလည်း အဝေးကွင်းဆိုပေမယ့် နိုင်ပွဲရအောင်ပုံဖော်ပါလိမ့်မယ်။ ဂျီနိုအာနဲ့အဝေးကွင်းမှာကစားတိုင်း အနိုင်ရလေ့ရှိတဲ့ အေစီမီလန်တို့ ရှုံးပွဲတွေဆက်နေတဲ့ ဂျီနိုအာကိုအနိုင်ကစားပြီး သုံးမှတ်အပြည့်ရယူမယ့်ပွဲပါပဲ။

**အင်တာမီလန်နှင့် ဖီအိုရင်တီးနား**

ဒီနှစ်စီးရီးအေမှာ တန်းစီဇယားကို ထိပ်ဆုံးမှ ဦးဆောင်နေတဲ့ အင်တာမီလန်တို့ဟာ ဖီအိုရင်တီးနားကို ခြေကုန်ဖွင့်ကစားရမှာ ဖြစ်ပါတယ်။ ဒိုဒိုနဲ့ ဗီဒစ်တို့ဒဏ်ရာရနေပေမယ့် အဓိက ကစားသမားအများစု ပါဝင်ကစားမယ့် အင်တာမီလန်ကို ဖီအိုရင်တီးနားတို့လည်း ရေကုန်ရေခန်းကစားရပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲဆုံတွေ့ခဲ့တဲ့ရလဒ်ကိုကြည့်ရင် ဖီအိုရင်တီးနားတို့က သုံးပွဲနိုင်ထားပြီး အင်တာမီလန်က နှစ်ပွဲနိုင်ထားပါတယ်။ လက်ရှိခြေစွမ်းအရ အိမ်ရှင်တို့ အလေးသာသွားနိုင်ပါတယ်။

**ဗီရိုနာနှင့်လာဇီယို**

အိမ်ကွင်းမှာ နိုင်ပွဲရအောင် ကစားနိုင်တဲ့ ဗီရိုနာရဲ့ ခြေစွမ်းက ချီးကျူးစရာ




ပါ။ ဒီနှစ်သင်းဆုံတွေ့ခဲ့တဲ့ပွဲတွေကိုကြည့်ရင် တစ်လှည့်စီ အနိုင်ယူနေတာမို့ အခုပွဲမှာလည်း ရလဒ်ကောင်းအောင်အပြိုင် ကြိုးစားကြပါလိမ့်မယ်။ နာပိုလီကို ငါးဂိုးပြတ်ရှုံးထားတဲ့ လာဇီယိုရဲ့ ခြေစွမ်းကလည်း အားရစရာမရှိတာမို့ အိမ်ရှင်တို့ အသာစီးရသွားနိုင်ပါတယ်။

**ဘိုလော့နာနှင့် အူဒီးနိ**

ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေတဲ့ အူဒီးနိအတွက် ဒီပွဲမှာ နိုင်ပွဲပြန်စတင်နိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ ဘိုလော့နာတို့ကတော့ ဖရိုဆီနိုနီအသင်းကို နိုင်ပွဲရခဲ့လို့ စိတ်ဓာတ်တက်ကြွနေပါတယ်။ ဒါပေမယ့် ဂီယာချီရီနီနဲ့ဒိုရှက်တို့ ဒဏ်ရာရနေတဲ့ ဘိုလော့နာဟာ အိမ်ကွင်းမှာ တစ်မှတ်ထက်ပိုမရနိုင်ဘူးလို့ ယူဆပါတယ်။

**ဆက်ဆူအိုလိုနှင့် ချီယေဗို**

ဒီနှစ်စီးရီးအေမှာ ခြေစွာနေတဲ့ နှစ်သင်းဆုံတွေ့တာမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ အိမ်ကွင်းမှာဆိုရင် ခြေစွမ်းပြနိုင်တဲ့ ဆက်ဆူအိုလိုဟာ ချီယေဗိုကို အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ ချီယေဗိုမှာ အစ္စကိုနဲ့ ရာဒိုဗာနိုဗစ်တို့ ဒဏ်ရာရနေတာမို့ အိမ်ရှင်တို့ ဂိုးမပြတ်ပေမယ့် ကပ်ပြီးနိုင်သွားပါတယ်။




## လာလီဂါဖလားအတွက် မက်ဆီစိုးရိမ်နေ

လာလီဂါပွဲစဉ်(၈) ဆဲလ်တာဗီဂိုနဲ့ ဘာစီလိုနာတို့ပွဲမှာလေးဂိုး တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ ပွဲရလဒ်ကြောင့် ဒီနှစ် လာလီဂါဖလားအတွက် စိုးရိမ်စိတ်ဖြစ်မိကြောင်း တိုက်စစ်မှူး မက်ဆီက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဘာစီလိုနာအသင်းသားတွေအနေနဲ့ လာလီဂါဖလားရရှိရေးအတွက် ခြေစွမ်းကောင်းရရှိဖို့ လိုအပ်နေတယ်ဆိုတာကို အခုပွဲက ပြသလိုက်ခြင်းဖြစ်တယ်လို့လည်း မက်ဆီက ဆက်လက်ပြောကြားနေပါတယ်။ အဲဒီပွဲမှာ ပွဲချိန် မိနစ် ၈၀ မှာ တိုက်စစ်မှူးနေမာရဲ့ ချေပဂိုးတစ်ဂိုးကြောင့်သာ အရှက်ပြေ တစ်ဂိုးရရှိခဲ့ပြီး စိတ်ပျက်လက်ပျက်ဖြစ်မိတယ်လို့ မက်ဆီက ဆိုပါတယ်။

အဲဒီပွဲမှာ ဆဲလ်တာဗီဂိုကစားသမားတွေဟာ ဘာစီလိုနာတိုက်စစ်မှူးတွေဖြစ်တဲ့ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ကို အပိုင်ထိန်းချုပ်ကစားသွားခဲ့တာမို့ ဘာစီလိုနာတို့ အခက်အခဲကြုံခဲ့ရပြီး ဂိုးတွေမသွင်းနိုင်ခဲ့တာဖြစ်တယ်လို့ နည်းပြအင်းနရစ်က ဝန်ခံထားပါတယ်။ မိမိတို့နည်းဗျူဟာပိုင်းကြောင့် ရှုံးပွဲကြုံတွေ့ခဲ့တာဖြစ်ပြီး ကစားသမားတွေကြိုးစားခဲ့ကြပါတယ်လို့ နည်းပြအင်းနရစ်က ဆိုပါတယ်။

ဆဲလ်တာဗီဂိုဟာ အဲဒီနေ့ကပွဲမှာ အကောင်းဆုံးကစားသွားနိုင်ခဲ့ပြီး တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်ဂိုးသွင်းနိုင်မှုကလည်း မယုံကြည်လောက်အောင်ကောင်းမွန်ခဲ့ပါတယ်လို့ အင်နီယေစတာက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဘာစီလိုနာအသင်းဟာအဲဒီနေ့ကပွဲမှာ ပထမဦးစားပေးပွဲထွက်ကစားသမားတွေ အကုန်ထုတ်သုံးခဲ့ပေမယ့် ရှုံးပွဲကြုံတွေ့ခဲ့လို့ ဒီနှစ်လာလီဂါဖလားအတွက် စိုးရိမ်မိတယ်လို့ မက်ဆီရဲ့ ပြောစကားအပေါ် အင်နီယေစတာကလည်း ထောက်ခံခဲ့ပါတယ်။

## ဘာမင်ဂမ်လူငယ်ကစားသမား ဂရေးအား လီဗာပူးခေါ်မည်

ဘာမင်ဂမ်အသင်းမှ အသက် ၁၉နှစ်အရွယ် ကွင်းလယ်ကစားသမား ဂရေးကို လာမယ့် ဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ လီဗာပူးက ခေါ်ယူသွားရန် စီစဉ်နေပြီဖြစ်ပါတယ်။ လီဗာပူးက ပြောင်းရွှေ့ကြေးပေါင် ၃ ဒသမ ၅သန်းနဲ့ ခေါ်ယူမယ်လို့ သတင်းထွက်နေပေမယ့် အဲဒီပမာဏထက် ပိုမိုများပြားမယ်လို့ ဆိုပါတယ်။

ဘာမင်ဂမ်အသင်းကတော့ ဂရေးကို ရောင်းထုတ်မှာ မဟုတ်ဘူးလို့ ဆိုနေပေမယ့် ဂရေးကတော့ ပရီမီယာလိဂ်ထိပ်တန်းကလပ်တစ်သင်းဖြစ်တဲ့ လီဗာပူးကို ပြောင်းရွှေ့ကစားလိုတဲ့ ဆန္ဒရှိနေတယ်လို့ ပြောကြားနေပါတယ်။

"ဘာမင်ဂမ်အသင်းအတွက် ကျွန်တော်ပေးဆပ်ချင်တဲ့ အချိန်တွေအများကြီး ကျန်နေပါသေးတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ အိပ်မက်ဖြစ်တဲ့ လီဗာပူးအသင်းမှာ သွားကစားရဖို့အခွင့်အရေးကိုလည်း လက်မလွှတ်ချင်ဖြစ်နေပါတယ်" လို့ ဂရေးက ပြောပါတယ်။

ဂရေးဟာ မကြာခင်မှာ တောက်ပလာမယ့် လူငယ်ကစားသမားတစ်ဦးဆိုတာ သံသယဖြစ်စရာမလိုပါဘူး။ အသင်းမှာ အားထားရတဲ့ ကစားသမားဖြစ်လို့ ကျွန်တော့်အနေနဲ့ လက်မလွှတ်ချင်ပါဘူးဟု ဘာမင်ဂမ်နည်းပြ ရိုဝက်ဒ်က ပြောနေပါတယ်။





## အာဆင်နယ်က အိုဇေးလ်အား သက်တမ်းတိုးရန် ရှိနေ

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ကွင်းလယ်ကစားသမားအိုဇေးလ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုဖို့ ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ အိုဇေးလ်က စွမ်းရည်ပြည့်ဝတဲ့ ကစားသမားဖြစ်ပြီး အသင်းမှာ အချိန်ကြာကြာရှိသင့်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်လို့ အာစင်ဝင်းဂါးက ဆိုပါတယ်။

အသက် ၂၆ နှစ်အရွယ်ရှိတဲ့ ဂျာမနီကွင်းလယ်ကစားသမား အိုဇေးလ်ကို ပြောင်းရွှေ့ကြေးပေါင် ၄၂ သန်းနဲ့ခေါ်ယူခဲ့တာဖြစ်ပြီး တစ်ပတ်လုပ်ခလစာပေါင် ၁၄၀၀၀၀ ခန့်ပေးထားရတာဖြစ်ပါတယ်။ လောလောဆယ်စာချုပ်အရ ၂၀၁၈ ခုနှစ်အထိ အာဆင်နယ်အသင်းနဲ့စာချုပ်ထားတာဖြစ်ပေမယ့် နောက်ထပ် နှစ်နှစ်သက်တမ်းတိုးဖို့ စာချုပ်သစ်ချုပ်ဆိုရေး အာစင်ဝင်းဂါးက ဆန္ဒရှိနေခြင်းဖြစ်ပါတယ်။

အာစင်ဝင်းဂါးဟာ အာဆင်နယ်မှာ ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူး ဝဲလ်ကော့သ်၊ နောက်ခံလူ နာချိုမွန်ရီရယ်နဲ့ တိုက်စစ်မှူးဆန်းချက်ဇ်တို့ကိုလည်း စာချုပ်သစ်ချုပ်ဆိုဖို့ရှိနေပြီး ဖလာမီနီနဲ့ အာတီတာတို့ကိုတော့ စာချုပ်သက်တမ်းတိုးဖို့ လောလောဆယ်မှာ အစီအစဉ်မရှိဘူးလို့ ဆိုပါတယ်။

ကွင်းလယ်ကစားသမား အိုဇေးလ်က အာဆင်နယ်နဲ့စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့ စဉ်းစားနေပြီး လောလောဆယ်မဆုံးဖြတ်ရသေးကြောင်း ပြောကြားနေပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

# (၁၃၂)ကြိမ်မြောက် ဖောင်တော်ဦးစေတီပုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၅**

မိတ္ထီလာမြို့၌ (၁၃၂)ကြိမ်မြောက် ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦး စေတီတော် ပုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၂၁ရက်မှစ၍ စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာ ဖောင်တော်ဦးဘုရားပွဲ တော်ကို နှစ်စဉ်တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့် ကျော် ၂ ရက်အထိ ကျင်းပလေ့ရှိပြီး ဇာတ်ပွဲအငြိမ့်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ ဆွမ်းသပိတ်လောင်းလှူပွဲ၊ မြန်မာ့ ရိုးရာလောင်းလှေပြိုင်ပွဲများကို ယခင် နှစ်များနည်းတူ ယခုနှစ်တွင်လည်း ထည့်သွင်းကျင်းပထားကြောင်း မြို့ နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်ထံမှ သိရသည်။

"ဒီနှစ်က ဘုရားပွဲဈေးတန်းဆိုင် ခန်းတွေကို ကန်အရှေ့ဘက်၊ ကန် အနောက်ဘက်ခွဲခြားပြီး နေရာချ ထားပေမယ့် ခါတိုင်းနှစ်တွေလို ဖောင်တော်ဦးဘုရားပွဲက စည်ကား ပါတယ်။ ချားရဟတ်ကြီးတွေဆို အရင်နှစ်တွေတုန်းက နှစ်ခု၊ သုံးခု လောက်သာရှိပေမယ့် ဒီနှစ်မှာ လေး ငါးခြောက်ခုလောက် လာရောက်တာ မို့ ဘုရားပွဲတော်လာရောက်လည်ပတ် သူတွေနဲ့ စည်ကားနေပါတယ်။ လှေပြိုင်ပွဲကိုလည်း စက်တင်ဘာ ၂၄ ရက်ကနေ ၂၈ ရက်အထိ ပြိုင်ပွဲ ဝင်လှေအသင်း ၁၈ သင်းနဲ့ ကျင်းပ



သွားမှာမို့ ဘုရားပွဲတော်က အဲဒီ လှေပြိုင်ပွဲနေ့တွေမှာ ပိုစည်ကားမှာ ပါ။ စက်တင်ဘာ ၂၇ ရက်၊ ၂၈ ရက် နေ့တွေမှာ ရွှေမန်းသားဖိုးချစ် ဇာတ် အဖွဲ့ကလည်း မိတ္ထီလာမြောက်ကန် တူးဖော်အောင်မြင်ခြင်း အထိမ်း အမှတ်နဲ့ ဓမ္မသုခရွှေစည်းခုံစေတီ တော်တည်ထားကိုးကွယ်ပူဇော်နိုင် ခြင်းအထိမ်းအမှတ်အဖြစ် ဗလာပွဲ ကပြဖျော်ဖြေသွားမှာပါဟု မြို့နယ် အုပ်ချုပ်ရေးမှူးက ပြောသည်။

မိတ္ထီလာဖောင်တော်ဦးဘုရားပွဲ တော်ကို ယခင်က နှစ်နှစ်ဆက်တိုက် ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခုနှစ်တွင် ပထမဆုံး ပြန်လည်ကျင်းပခြင်းဖြစ် သည်။

ယခုနှစ် ဘုရားပွဲတော်တွင် ဈေး ဆိုင်ခန်းပေါင်း ၉၉၇ ခန်း ဖွင့်လှစ် ထားကာ လူသုံးကုန်များ၊ စား သောက်ကုန်များ၊ လယ်ယာလုပ်ငန်း သုံးပစ္စည်းများ စသည်တို့ကို ရောင်း ချလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဟားခါးမြို့မှ သဘာဝဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းပြောင်းရွှေ့

**ဟားခါး စက်တင်ဘာ ၂၅**

ဟားခါးမြို့ရှိ သဘာဝဘေးသင့် ပြည်သူများအား စက်တင်ဘာ ၂၃ ရက်က ကယ်ဆယ်ရေးစခန်း ပြောင်း ရွှေ့နေရာချထား ပေးရာ၌ ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်း ကူညီဆောင်ရွက်ခဲ့ကြောင်း သိရ သည်။



ဗေသလဘုရားကျောင်း ကယ်ဆယ် ရေးစခန်းမှ သဘာဝဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၂ စုအား ဟားခါးမြို့ ကျောဘုတ်ရပ်ကွက် စိုက်ပျိုးရေး ခြံတွင် ယာယီဆောက်လုပ်ပေးသော မိုးကာရွက်ဖျင်တဲသို့ ပြောင်းရွှေ့ပေး ခဲ့ခြင်းဖြစ်သည်။ ပြောင်းရွှေ့သော အိမ်ထောင်စုများအား ချင်းပြည်နယ် ကြက်ခြေနီအဖွဲ့ ခေါင်းဆောင် ဆလိုင်းထန်ကျုံး ဦးဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ် သည်။

ချင်းပြည်နယ် ဟားခါးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေး စခန်းများဖွင့်လှစ်၍ သဘာဝဘေး သင့်ပြည်သူများအား ကူညီစောင့် ရှောက်လျက်ရှိသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျေးရွာအခြေပြု ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ကနီ စက်တင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင် ခရိုင် ကနီမြို့နယ်၌ ကျေးရွာအခြေ ပြု ရေပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာများ လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ် ပြည်သူ့ ဆေးရုံ သံဃာဆောင်၌ စက်တင် ဘာ ၂၃ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်း ရေးနှင့် ကျန်းမာခြင်းဆိုင်ရာလုပ်ငန်း များကို ဩစတြေးလျနိုင်ငံမှ ပံ့ပိုး ကူညီမှုဖြင့် ကနီမြို့နယ်အတွင်းမှ ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ ကျေးရွာ ပေါင်း ၄၀ တွင် ဆောင်ရွက်မည် ဖြစ်ကာ အိမ်ထောင်စု ၅၀၄၉ စုနှင့် လူဦးရေ ၂၆၉၆၃ ဦးတို့အား တိုက် ရိုက်အကျိုးသက်ရောက်မှုရှိမည်ဖြစ် ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် Save The Children မှ စီနီယာဒါရိုက်တာ ဦးကျော်ရွှေက ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင် ရာလုပ်ငန်းများကို ကနီမြို့နယ် အတွင်းရှိ ကျေးရွာများတွင် ဆောင် ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်



မည့် အစီအမံများအကြောင်း ရှင်း လင်းပြောကြားသည်။ ထို့နောက် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းတိုး၊ မြို့နယ်ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာအုန်းဝင်း နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆိုင်တို့က ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ကျန်းမာခြင်းဆိုင်ရာ သန့်ရှင်းမှုအဖွဲ့ U(WASH) ၏ ကျေးရွာများတွင် ရေပေးဝေရေး ဆောင်ရွက်မှုနှင့် ကျန်းမာခြင်းဆိုင် ရာ သန့်ရှင်းသော ရေလောင်းယင်လုံ အိမ်သာများ တည်ဆောက်အသုံး ပြုများကို အကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးအကြံပြုချက် များအပေါ် WASH မှ အစီအစဉ် မန်နေဂျာ Mr.Geoffrey Wetende Weyinda ESifh Regional Portfolio Manager Mr. BharathPrabandam Mohan တို့က ပြန်လည်ရှင်းလင်းပြီး ဖြည့် ဆည်းဆောင်ရွက်ပေးနိုင်မည့် အစီ အမံများကို ထပ်မံဆွေးနွေးခဲ့ကြ သည်။ **သန်းငွေအောင်(ကနီ)**

# လူထုဦးဆောင်မှုဖြင့် အလုံးစုံသန့်ရှင်းရေးလုပ်ငန်းစဉ် ဆရာဖြစ်သင်တန်းဖွင့်

**ပန်းတနော် စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ အသိပညာများ မြင့်တက်လာရေးအတွက် လူထုဦးဆောင်မှုဖြင့် အလုံးစုံသောသန့်ရှင်းရေးလုပ်ငန်းစဉ် ဆရာဖြစ် သင်တန်းကို ပန်းတနော်မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကျေးရွာများမှဒေသခံများ၏ မြေပြင်ပေါ်မစင်စွန့်ခြင်း သို့မဟုတ် တော ထိုင်ခြင်းဓလေ့များ ကင်းဝေးစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းမှုမြင့်တင်ရေးတို့ ကို ရည်မှန်းချက်ထားကာ သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးပညာပေးရေးဌာနခွဲနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းတွင် နေပြည်တော် ကျန်းမာရေးပညာပေးရေးဌာနခွဲမှ ညွှန်ကြား ရေးမှူး ဒေါက်တာလှမြသွေးကွန္ဒြာနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမင်းမျိုးထွန်းတို့က ဆွေးနွေးပို့ချခဲ့ပြီး မြို့နယ်အတွင်းရှိ အခြေခံ ကျန်းမာရေးဝန်ထမ်း ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ သင်တန်းတွင် လူထုကိုယ်တိုင်ဦးဆောင်သော အလုံးစုံသန့်ရှင်းရေးအတွက် ဆောင်ရွက်နိုင် မည့် နည်းလမ်းများ၊ ချဉ်းကပ်နည်းများကို စာတွေ့ပို့ချခြင်းနှင့် ကျေးရွာများ သို့ကွင်းဆင်း၍ လက်တွေ့လေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးရက်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဇော်မြင့်**

# စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးဟောပြော

**ဆိပ်ဖြူ စက်တင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တူရွှင်းမြောကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမျိုးမြင့်အောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေး အန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ပခုက္ကူခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းမြင့်ထွန်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးဇော်နေလင်းက စားသုံးရန်မသင့်သည့် စားသောက်ကုန်များအကြောင်းကိုလည်းကောင်း ဟောပြောခဲ့သည်။

**ကိုမျိုး(ယောရော)**

# မူးယစ်ဆေးဝါးနှင့် ကာမရာဂဆေးဝါးများ အလွဲသုံးစွဲမှုမရှိရေး ပညာပေးဟောပြော

**သာစည် စက်တင်ဘာ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မူးယစ် ဆေးဝါးနှင့် ကာမရာဂဆေးဝါးများကို အလွဲသုံးစွဲမှုများ မရှိစေရေး၊ မှုခင်း များဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဟောပြောပွဲကို သာစည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ချိုချိုမြင့်က မူးယစ် ဆေးဝါးနှင့်ပတ်သက်သော သိမှတ်ဖွယ်ရာဥပဒေအကြောင်းအရာများကို ဟောပြောပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနိုင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးများ ထိခိုက် ဆုံးရှုံးနိုင်သဖြင့် မူးယစ်ဆေးဝါးနှင့် ကာမရာဂဆေးဝါးများ အလွဲသုံးစွဲမှု မရှိစေရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင်ဝေက မူးယစ် ဆေးဝါးနှင့်ပတ်သက်သော ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါး ဥပဒေသစ်ပါ အကြောင်းအရာများနှင့် လူကုန်ကူးမှုနှင့်ပတ်သက်သော သိမှတ် ဖွယ်ရာများကို အသေးစိတ်ရှင်းလင်းဟောပြောခဲ့သည်။ အဆိုပါ ဟော ပြောပွဲ သို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြ သည်။ **ထွန်းထွန်း(သာစည်)**



# မြစ်ကမ်းပါးပြိုမှု ဆိုးရွားလာသဖြင့် အမြန်ပြုပြင်ပေးရန် ဒေသခံများလိုလားနေ

**ဖျာပုံ စက်တင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ (၁၂)ရပ်ကွက်ရှိ မြစ်ကမ်းပါးဘေးတစ်လျှောက်တွင် ကမ်းပြိုမှုများဖြစ်ပွားနေသည်မှာ အချိန်အတော်ကြာခဲ့ပြီဖြစ်ကာ ယခုအခါတွင် ကမ်းပြိုကျမှုမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာနေသဖြင့် အမြန်ပြန်လည်ပြုပြင်ပေးရန် ဒေသခံပြည်သူများက ဆန္ဒရှိနေကြောင်း သိရသည်။

(၁၂)ရပ်ကွက်ရှိ ငါး၊ ပုစွန်အဝယ်ဒိုင်(ရေခဲဒိုင်)များရှိရာ မြစ်ကမ်းပါးဘေးတစ်လျှောက်တွင် မြစ်ကမ်းပြိုကျမှုမှာ ပေ ၂၀၀ ခန့်အထိရှိနေပြီး အဆိုပါ အဝယ်ဒိုင်များရှေ့ လူသွားလမ်းမှာ ပျောက်လုနီးပါးဖြစ်နေသည်ကို တွေ့ရသည်။



"ကျွန်တော်တို့ ငါး၊ ပုစွန် အဝယ်ဒိုင် တန်းလျားအဆောက်အအုံတွေက မြစ်ကမ်းပါးဘေးမှာ တည်ဆောက်ထားတာ နှစ်ပေါင်းသုံးဆယ်ကျော်ရှိနေပါပြီ။ ပင်လယ်ရေထွက်ကုန်ပစ္စည်းတွေနဲ့ ရေချိုမြစ်ချောင်းတွေက သားငါးပုစွန်တွေကို ဝယ်ယူပြီး ရန်ကုန်မြို့ကို ဖိုင်ဘာပုံးတွေနဲ့ ရေခဲရိုက်ပြီးပို့နေတဲ့ အဓိကနေရာ ဖြစ်ပါတယ်။ ဖျာပုံမြို့ရဲ့ သားငါး၊ ပုစွန် အဓိကဖြန့်ဖြူးပေးနေတဲ့ ဒီနေရာလေးက အခုမြစ်ကမ်းပါးပြိုကျမှုကြောင့် လူသွားလမ်းပျောက်နေပါပြီ။ အဆောက်အအုံတွေပါ ဘေးအန္တရာယ်စိုးရိမ်ရတဲ့ အနေအထားဖြစ်နေတဲ့အတွက် တာဝန်ရှိသူတွေက ပြည်သူတွေနဲ့ပူးပေါင်းပြီး အမြန်ဆုံး ပြုပြင်ထိန်းသိမ်းပေးဖို့ လိုအပ်နေပါပြီ"ဟု ငါးပုစွန်အဝယ်ဒိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဖျာပုံမြို့တွင် မြစ်ကမ်းပါးတစ်လျှောက်၌ ကမ်းပြိုကျမှုကာကွယ်ရေးအတွက် မြေထိန်းနံရံများကို နိုင်ငံတော်ကလည်း ယခုနှစ်အတွင်း စတင် ဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီသဘော်ဆိပ်မှ ပြည်လုံးချမ်းသာ ဆုတောင်းပြည့်ဘုရားကြီးအထိ RC ဘိုးပိုင်မြေထိန်းနံရံများ တည်ဆောက်ထားပြီးဖြစ်သည်။

ထိုသို့ မြေထိန်းနံရံများ တည်ဆောက်ပြီးသည့် နေရာများတွင် ပြည်သူများအနေဖြင့် ကမ်းပြိုကျမည့်အန္တရာယ်မှ လုံခြုံစိတ်ချရပြီဖြစ်သော်လည်း အဆိုပါနေရာနှင့် တစ်ဆက်တည်းဖြစ်သော အမှတ်(၁၂)ရပ်ကွက် မြစ်ကမ်းပါးဘေး တစ်လျှောက်တွင်လည်း မြေထိန်းနံရံများ အမြန်ဆုံးတည်ဆောက်ပေးမှသာ မြစ်ကမ်းပါးဘေးရှိ ငါးပုစွန်အဝယ်ဒိုင်များအပါအဝင် ရပ်ကွက်နေပြည်သူများ၊ ဌာနဆိုင်ရာ အဆောက်အအုံများအနေဖြင့် ကမ်းပါးပြိုကျမှုအန္တရာယ်မှ ကင်းဝေးမည်ဖြစ်၍ တာဝန်ရှိသော ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ ပူးပေါင်း၍ လိုအပ်သလို ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများမှ လိုလားလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

# ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) သုံးစွဲမှုလျှော့ချရေး ပညာပေးဟောပြော

**မြင်းခြံ စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့၌ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) သုံးစွဲမှုလျှော့ချရေးအတွက် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ကြွပ်ကြွပ်အိတ်သုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာမည့် ဆိုးကျိုးများဖြစ်သော ကျန်းမာရေးထိခိုက်မှုများ၊ ကြွပ်ကြွပ်အိတ်အစား အခြားထည့်စရာပစ္စည်းများဖြစ်သော အင်ဖက်၊ စက္ကူအိတ်များသုံးစွဲရေး၊ မဖြစ်မနေအသုံးပြုရပါက ၎င်းအိတ်များကို ပြန်လည်သုံးစွဲနိုင်အောင်ထားရှိရေးတို့ကို ရှင်းလင်းပြောကြားပြီး မြင်းခြံမြို့တွင် ပလတ်စတစ်အမှိုက်များ ရှင်းလင်းရေးအတွက် လမ်းဘေးရှိ ပလတ်စတစ်အမှိုက်များကို ဌာနဆိုင်ရာဝန်ထမ်းများဖြင့် လိုက်လံကောက်ယူရှင်းလင်းခဲ့ပုံများ၊ အသုံးမပြုတော့သည့် ကြွပ်ကြွပ်အိတ်များကို စနစ်တကျထုပ်ပိုးစွန့်ပစ်ဖျက်ဆီးခဲ့မှုများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။




ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးတင်မြင့်က မြင်းခြံမြို့မှ အမှိုက်များသိမ်းဆည်းခြင်း၊ မြို့ပေါ်တွင် အမှိုက်ပုံးများထားရှိခြင်းနှင့် မြို့မှတစ်နေ့တာထွက်ရှိသည့် အမှိုက်များကို မြို့နှင့်ဝေးကွာသည့်နေရာသို့ စွန့်ပစ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဟောပြောပွဲတွင် ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချရေးအပြင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူးက လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများအကြောင်းကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးလှိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်ပေါ်လာသည့်အန္တရာယ်နှင့် အသက်ဆုံးရှုံးမှုများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဟောပြောပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူ

**မန္တလေး စက်တင်ဘာ ၂၅**

အောက်တိုဘာ ၁ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့အောက်ရှိ အမှတ်(၁၄)လုံခြုံရေးရဲတပ်ဖွဲ့မှ အရာရှိနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများ စုစုပေါင်း ၁၀၀ က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ စက်တင်ဘာ ၂၃ ရက်က စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးသူရသွင်ကိုကို၊ တပ်ဖွဲ့ခွဲမှူးယာယီ ဒုတိယရဲမှူးကြီး မြတ်ကျော်သူ၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ကြက်ဥ၊ အားဆေး၊ ဖျော်ရည် စသည့် အာဟာရများ တိုက်ကျွေးခဲ့ကာ သွေးလှူရှင်အမှတ်တရ ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ခဲ့သည်။

အမှတ်(၁၄)လုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုများသည် စုပေါင်းသွေးလှူဒါန်းခြင်းအပြင် စဉ့်ကိုင်မြို့နယ် ပုလိပ်တိုက်နယ်ဆေးရုံဝင်းအတွင်း ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း စက်တင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



**တင်မောင်(မန္တလေး)**

# ပြင်ဦးလွင်မြို့မှ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည့် ရှမ်းရိုးရာဝါးခမောက်၊ ဝါးဦးထုပ်လုပ်ငန်း



ပြင်ဦးလွင်မြို့သည် စိုက်ပျိုးရေးလုပ်ငန်း၊ မက်မန်း၊ နေကြာသီးစုံလုပ်ငန်း၊ ဆွယ်တာလုပ်ငန်း၊ နို့ထွက်ပစ္စည်းလုပ်ငန်း စသည့်လုပ်ငန်းအမျိုးမျိုးတို့ အောင်မြင်ကျော်ကြားလူသိများသကဲ့သို့ ရှမ်းရိုးရာဝါးခမောက်၊ ဝါးဦးထုပ်လုပ်ငန်းမှာလည်း အောင်မြင်ဖြစ်ထွန်းနေသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး မဟာအံ့ထူးကံသာ(ပြည်ချစ်)ဘုရားကြီးတည်ရှိသည့် ရေငယ်ကျေးရွာတွင် အများအပြားထုတ်လုပ်လျက်ရှိနေကြောင်း သိရသည်။

ရေငယ်ကျေးရွာသည် ရှမ်းလူမျိုးများ အများဆုံးနေထိုင်လျက်ရှိနေသော ရွာတစ်ရွာဖြစ်ပြီး ဝါးခမောက်၊ ဝါးဦးထုပ်လုပ်ငန်းသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက မိရိုးဖလာလုပ်ငန်းတစ်ခုအဖြစ် တည်ရှိနေကြောင်း သိရသည်။ ခမောက်၊ ဦးထုပ်တို့ပြုလုပ်ရာတွင် ဝါးပိုးဝါး၊ တင်းဝါးတို့ကို အဓိကအသုံးပြုရပြီး ဝါးပိုးဝါးမှ ဘေးငွေကွင်း၊ တင်းဝါးမှ အထဲငွေကွင်း၊ အရွယ်ကို ဝါးပိုးဝါးရွက်ကို အသုံးပြုကြောင်း သိရသည်။

နှစ်စဉ်တပေါင်းလမှစ၍ ငွေခွေခြင်းလုပ်ငန်းကို စတင်၍ ငွေခွေပြီးသော် အသားသေအောင် ရေထဲတွင် တစ်လခွဲစိမ်ထားရသည်။ ထို့နောက် နှစ်လနေပူလှန်းလိုက်သောအခါ ပိုးမထိုးနိုင်တော့သည့် လုပ်ငန်းအသင့်သုံး ခြောက်သွေ့ငွေတို့ကို ရရှိလာသည်။ လုပ်ငန်းသုံး ဝါးငွေတို့ကို ရရှိလာပါက အမျိုးသားဆောင်း၊ အမျိုးသမီးဆောင်း၊ ကလေးဆောင်းများအဖြစ် ခမောက်(အရွက်)၊ ဦးထုပ်(အဖူး) စသည့်တို့ကို ဝါးပိုးရွက်ဖြင့် လိုသလိုပြုလုပ်ပုံဖော်ရသည်ဟု သိရသည်။

မိသားစုဝင်ငါးဦး ပုံမှန်အလုပ်လုပ်ကိုင်ပါက တစ်ရက်လျှင် ခမောက်ဦးထုပ် အလုံး ၂၀ ကျော် ပြီးစီးနိုင်ပြီး ယခုလက်ရှိပေါက်ဈေး တစ်လုံးလျှင် ကျပ် ငါးထောင်ဖြင့် ဝယ်ယူရသော ဝါးပိုးဝါးတစ်လုံးလျှင် ငွေ ၂၅၀ ထွက်ရှိသည်။ လိုအပ်သော ဖက်(အရွက်)များကို ဒေသတွင်းမှ ရရှိနိုင်သော်လည်း မလုံလောက်သဖြင့် ဟသ်ာတမြို့ရှိ ပွဲရုံများမှ မှာယူရသည်ဟု သိရသည်။ ဦးထုပ်တစ်လုံးလျှင် ကလေး၊ လူကြီး၊ အရွယ်အစားအလိုက် ၇၀၀၊ ၈၀၀၊ ၉၀၀ ကျပ်တို့ဖြစ်ပြီး ခမောက်မှာ ကျပ် ၉၀၀၊ ၁၀၀၀ ဖောက်သည်ဈေးရှိကြောင်း သိရသည်။

ဝါးဦးထုပ်၊ ခမောက်တို့တွင် လိုအပ်သည့်လုပ်ငန်းသုံး အပ်ချည်နှင့် သံပြားဝိုင်းတို့ကို မန္တလေးမြို့မှ ဝယ်ယူရသည်။ ဝါးဦးထုပ်၊ ခမောက်လုပ်ငန်းကို ပြင်ဦးလွင်၊ တောင်ကြီး၊ အင်းလေး၊ ကျောက်မဲ စသည့်မြို့များနှင့် တိုက်ကြီး၊ ဥက္ကံ၊ သုံးဆယ်၊ သာယာဝတီ စသည့်မြို့များ၌လည်း ဒေသတွင်းနေထိုင်ကြသည့် ရှမ်းလူမျိုးများမှ လုပ်ကိုင်လျက်ရှိနေပြီး ၎င်းမြို့များမှလည်း လိုအပ်သော ဝါးဖက်ကို ဟသ်ာတမြို့မှ ဝယ်ယူနေရကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ ရေငယ်ရွာမှ ထွက်ရှိသော ဦးထုပ်၊ ခမောက်များကို မန္တလေး၊ အုန်းချော၊ နောင်ချို၊ ကျောက်မဲ၊ သီပေါမြို့များသို့ အများဆုံးတင်ပို့ ရောင်းချနေရကြောင်း လုပ်ငန်းရှင်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ကွန်ပျူတာပညာရှင်အသင်းက နည်းပညာသင်တန်းများ ဖွင့်လှစ်မည်

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Ruby on Rails နည်းပညာသင်တန်းနှင့် Developing POS and Accounting System နည်းပညာသင်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ruby On Rails နည်းပညာသင်တန်းကို မြန်မာနိုင်ငံတွင် Ruby on Rails နည်းပညာများဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် Cloud Source Japan Inc. မှ CEO Kazuhiro Miyajima နှင့် Project Engineer တစ်ဦးဖြစ်သော ဦးစိုင်းရဲခေါင်တို့က သင်ကြားမည်ဖြစ်ကာ အဆိုပါသင်တန်းသို့ Web Development ဆိုင်ရာ အတွေ့အကြုံရှိသူများ၊ ပရိုဂရမ်ရေးသားခြင်းဆိုင်ရာ အတွေ့အကြုံအနည်းငယ်ရှိသူများ၊ Ruby on Rails နည်းပညာကို လေ့လာလိုသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

သင်တန်းမှာ စက်တင်ဘာ ၂၇ ရက်(တနင်္ဂနွေ) တစ်ရက်တည်း နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်မည့်သင်တန်းဖြစ်ကာ သင်တန်းကြေးမှာ ကျပ်ရှစ်ထောင်ဖြစ်ပြီး အသင်းဝင်များအနေဖြင့် ကျပ်လေးထောင်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ရန် လျှောက်လွှာတင်သူများထဲမှ စိစစ်ရွေးချယ်ပြီး တက်ရောက်ခွင့်ရှိသူ သင်တန်းသား ၂၀ကို လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

Developing POS and Accounting System သင်တန်းကို အောက်တိုဘာ ၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ကွန်ပျူတာတက္ကသိုလ် ကျောင်းသားကျောင်းသူများ၊ စီးပွားရေးဆိုင်ရာ အသုံးချဆော့ဖ်ဝဲများ ရေးသားနေသူများ၊ နည်းပညာလုပ်ငန်းရှင်များ၊ ဆော့ဖ်ဝဲရေးသားမှုနည်းပညာကို စိတ်ပါဝင်စားသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် အရောင်းအဝယ်နှင့် ဝန်ဆောင်မှုစီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများတွင် မရှိမဖြစ်အသုံးတွင်ကျယ်လာမည့် POS and Accounting System တစ်ခုကို ကိုယ်တိုင်ကိုယ်ကျ တီထွင်ထုတ်လုပ် ဖန်တီးရောင်းချနိုင်သည်အထိ လက်တွေ့ပြုလုပ်သင်ကြားရမည်ဖြစ်ကြောင်း၊ POS System များ၊ Accounting System များတွင် ပါဝင်သော Modules များနှင့် Features များအကြောင်း အစုံအလင်ကို သိရှိနားလည်ပြီး၊ ဈေးကွက်တွင် ဆော့ဖ်ဝဲကို အမှန်တကယ်အသုံးပြုသူများအတွက် ရိုးရှင်းလွယ်ကူ၍ ထိရောက်လျင်မြန်သော POS and Accounting Software များကို ရေးသားနိုင်သည်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေးသားရာတွင် အသုံးပြုမည့် Programming Language အနေဖြင့် C#.Net နှင့် Database အနေဖြင့် Microsoft SQL Server ကို အသုံးပြု၍ သင်ကြားသွားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ခြင်းအားဖြင့် POS နှင့် Accounting ဆော့ဖ်ဝဲများဆိုင်ရာ အသိပညာများရရှိခြင်း၊ ဆော့ဖ်ဝဲရေးသားထုတ်လုပ်မှုနှင့် စီးပွားရေးနည်းပညာဆိုင်ရာများ နားလည်ခြင်း၊ ပရိုဂရမ်ရေးသားခြင်းနှင့် ဒေတာဘေ့စ်အပိုင်းကို နားလည်လာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် C#.Net နှင့် Microsoft SQL Server အကြောင်းများကို အခြေခံသိရှိထားရန်လိုအပ်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃ ရက်မှ နိုဝင်ဘာလ ၂၉ ရက်အထိ စနေ၊ တနင်္ဂနွေ၊ ညနေ ၄ နာရီခွဲမှ ၆ နာရီခွဲအထိဖြစ်သည်။ သင်တန်းသား ၁၅ ဦး လက်ခံမည်ဖြစ်ပြီး သင်တန်းကြေးမှာ ကျပ်တစ်သိန်း ဖြစ်ကာ MCPA အသင်းဝင်များအနေဖြင့် ကျပ်ငါးသောင်း ဖြစ်သည်။

သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်များကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# အော်ရီဒူးကလည်း ကြိုသုံးဝန်ဆောင်မှုစတင်ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂၅**

ဖုန်းငွေကုန်သွားချိန်တွင် ကြိုတင်ငွေချေး၍ အသုံးပြုနိုင်မည့် ကြိုသုံးဝန်ဆောင်မှုကို အော်ရီဒူးက စက်တင်ဘာ ၂၄ ရက်မှစ၍ ဝန်ဆောင်မှုပေးပြီဖြစ်ကြောင်း သိရသည်။

အော်ရီဒူး၏ ကြိုသုံးဝန်ဆောင်မှုကို ဖုန်းလက်ကျန်ငွေ နှစ်ရာကျပ်အောက်နည်းပါးလျှင် အသုံးပြုနိုင်မည်ဖြစ်ပြီး နံပါတ် *125#သို့ ခေါ်ဆိုခြင်းဖြင့် ကြိုသုံးငွေကျပ်ရှစ်ရာ ရရှိမည်ဖြစ်ကာ ဝန်ဆောင်ခအဖြစ် ၅၀ ကျပ်ဖြစ်ကြောင်း၊ အဆိုပါ ၈၅၀ ကျပ်ကို နောက်တစ်ကြိမ်ငွေဖြည့်သွင်းသည့်အခါ ဖြတ်တောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ကြိုသုံးဝန်ဆောင်မှုကို သုံးရန်အတွက် ဆင်းကတ်အသစ်များတွင် ပထမဆုံးအကြိမ် အနည်းဆုံးကျပ်တစ်ထောင်ငွေဖြည့်ထားဖူးရန် လိုအပ်မည် ဖြစ်သည်။ ကြိုသုံးငွေကိုတစ်ကြိမ်သာထုတ်ယူခွင့်ရှိပြီး ကြိုသုံးငွေ ပြန်မဆပ်သေးပါကနောက်တစ်ကြိမ် ထပ်မံချေးယူ၍ မရနိုင်ဘဲ ကြိုသုံးငွေကို ကိုယ်တိုင်သာအသုံးပြုနိုင်မည်ဖြစ်ပြီး အခြားသူထံလွှဲပြောင်းပေး၍လည်းမရနိုင်ကြောင်း သိရသည်။

ဖုန်းငွေကုန်သွားချိန်တွင် အရေးပေါ်ငွေကြိုတင်ငွေချေး၍ အသုံးပြုနိုင်မည့် ကြိုသုံးဝန်ဆောင်မှုကို တယ်လီနောက ပထမဆုံးစတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တယ်လီနော၏ ကြိုသုံးငွေမှာ ၇၀၀ ကျပ်ဖြစ်ကာ ဝန်ဆောင်ခမှာ ၂၅ ကျပ်ဖြစ်သည်။

**သူရဖြိုး**

# တောင်ငူ၌ ဒုတိယအကြိမ် ဘားကမ့်ကျင်းပမည်




**တောင်ငူ စက်တင်ဘာ ၂၅**

တောင်ငူမြို့ အမှတ်(၂)အထကကျောင်း၌ BarCamp Toungoo ၂၀၁၅ ကို စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ငူဘားကမ့် ၂၀၁၅ ကို ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ဘားကမ့်ပွဲတွင် Android Hack Book နှင့် Android Application Development စာအုပ်များကို ရေးသားထုတ်ဝေသူ Waifer Kolar က Programmer အဖြစ် ဝင်ငွေရှာဖွေခြင်း ခေါင်းစဉ်၊ ဆရာစိုးသီဟနောင်က နိုင်ငံတော်တည်ဆောက်ရေးနှင့် ပရဟိတနည်းပညာများခေါင်းစဉ်၊ ကိုစိုင်းဇော်သိုက်နှင့် ကိုပြည်ကျော်တို့က ဓာတ်ပုံဆိုင်ရာပညာရပ်များခေါင်းစဉ်များနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် တောင်ငူမြို့ T.COM မိုဘိုင်းနှင့် ကွန်ပျူတာအရောင်းဆိုင်မှလည်း ပရင်တာ၊ ဟန်းဆက်၊ ငွေဖြည့်ကတ်၊ နားကြပ်များကို ကံစမ်းမဲဖောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘားကမ့်ပွဲသည် အိုင်တီနည်းပညာဆိုင်ရာများအပါအဝင် အကြောင်းအရာမျိုးစုံ၊ ခေါင်းစဉ်အမျိုးမျိုးကို ကဏ္ဍအလိုက် ကျွမ်းကျင်သူများ၊ ဝါသနာရှင်များက ဆွေးနွေးသည့်ပွဲဖြစ်ကာ ပုံမှန်ဟောပြောသူများမှ ဟောပြောသည့်အပြင် ပွဲတက်ရောက်သူများမှလည်း စာရင်းပေး၍ ဟောပြောဆွေးနွေးနိုင်ကြမည်ဖြစ်ရာ နည်းပညာကို ဝါသနာပါသောလူငယ်များအနေဖြင့် တက်ရောက်သင့်ကြောင်း သိရသည်။

**သူရဖြိုး**

**New Product**

## တန်ဖိုးနည်းဟန်းဆက်မော်ဒယ်သစ် Colors X-117 MEGA QUAD

ယခုရက်ပိုင်းအတွင်းမှာ ပြည်တွင်းဈေးကွက်ကို Colors X-117 MEGA QUAD ဆိုတဲ့ တန်ဖိုးနည်း စမတ်ဖုန်းဟန်းဆက်မော်ဒယ်သစ်တစ်ခု ဝင်ရောက်လာပါတယ်။ Colors အမှတ်တံဆိပ်ဟာ နီပေါနိုင်ငံထုတ် အမှတ်တံဆိပ်ဖြစ်ပြီး ပြည်တွင်းကို ဝင်ရောက်တာမကြာသေးတဲ့ အမှတ်တံဆိပ်ဖြစ်ပါတယ်။

အပြင်ပန်းဒီဇိုင်းအနေနဲ့ လှပသေသပ်ပြီး မျက်နှာပြင်အကျယ်ငါးလက်မနဲ့ 480x854 Resolution ဖြစ်ပါတယ်။ ဘက်ထရီကတော့ 2100 mAH Li-Ion ဖြစ်ပြီး အန်းဒရွိုက်ဗားရှင်းက KitKat ဖြစ်ပါတယ်။ မင်မိုရီအနေနဲ့ 8 GB ပါဝင်ပြီး CPU ကတော့ 1.2 GHz Quad Core ဖြစ်ပါတယ်။

ဆင်းကတ် နှစ်ကတ်သုံးဖြစ်ပြီး ဂျီအက်စ်အမ်နဲ့ WCDMA ဆင်းကတ်တွေ ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ အင်တာနက်ကိုလည်း 2G/3G နက်ဝက်နှစ်ခုလုံးအတွက် အသုံးပြုနိုင်မှာဖြစ်ပါတယ်။

မြန်မာစာစနစ်လည်း ပါဝင်ပြီး ထူးခြားချက်အနေနဲ့ကတော့ Yamaha အမှတ်တံဆိပ် စပီကာတွေသုံးထားလို့ အသံပိုင်းမှာ အားသာချက်တွေရှိပါတယ်။

ဈေးနှုန်းက တစ်သိန်းတစ်သောင်းဖြစ်ပြီး ပစ္စည်းအစိတ်အပိုင်းနဲ့လက်ခတစ်နှစ်အာမခံပေးထားပါတယ်။ မြင့်မားတဲ့လုပ်ဆောင်ချက်တွေ၊ နည်းပညာသစ်တွေ မပါဝင်ပေမယ့် ဈေးနှုန်းအနေအထားအရ ပြည်တွင်းဈေးကွက်အတွက် သင့်တော်တဲ့ တန်ဖိုးနည်းဟန်းဆက်မော်ဒယ်တစ်ခုဖြစ်တာ တွေ့ရပါတယ်။

**သူရဖြိုး**








**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုမြို့၊ မြေတိုင်းရပ်ကွက်အမှတ် အပိုင်း-၂၊ မြေကွက်အမှတ် ၂၅၁၊ စတုရန်းပေ ၈၇၁၂၀၊ ဧရိယာ ၂ဒသမ၀၀ဧက၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်ရှိ ဦးစန်းဝင်းအမည်ဖြင့် မှတ်သားထားသော မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို မြေအမည်ပေါက်ပိုင်ရှင် ဦးစန်းဝင်း ၁၂/လမန(နိုင်)၁၁၈၇၁၈က မိမိသာလျှင် လက်ရှိတရားဝင် အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟုပြောဆိုဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းအဖြစ် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများကို ပေးချေပြီး အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရီစလင်း(စဥ်-၉၆၈၅)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၅၆၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၉၃၁၁၅

**ရွှေတိဂုံအဘိဓာန်**
**နေခြည်ဂေဃျ**
စာအုပ်ဆိုင်များတွင်မေးဝယ်ပါ။ ဖုန်း ၀၉၇၃၀၄၅၈၃၅

**လူပျောက်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊မအူကုန်းရပ်ကွက်၊မအူကုန်းလမ်းကျယ် B-(b), အမှတ်-၂၄(ခြောက်လွှာ)နေ ဦးနာကီ၏သား၊မောင်ဆွေပိုင်ထွေး အသက်(၂၁)နှစ်သည် ၈-၉-၂၀၁၅ ရက် နံနက် ၉ နာရီတွင် နေအိမ်မှအလုပ်သွားမည်ဟု ပြောဆိုထွက်သွားရာ ပြန်မလာသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၁၉၆၆၁၊ ၀၉-၉၇၂၂၆၈၆၃

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဓ/၇၀၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးနန္ဒမာလာ ၁၀/ကထန(နိုင်)၀၀၀၄၂၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(သထုံ)

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် RLG/5472, Toyota Kluger ACU20, S/W(4x2) ယာဉ်လက်ဝယ်ရှိသူ Yadanar Theinkha Tharthana Monestry က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

**ဖခင်အမည်မှန်**

မုံရွာမြို့၊ အထက(ခွဲ)၊အလက(၄)၊ တက္ကသိုလ်ဝင်တန်း(က)မှ မမေမြတ်လင်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင် ၅/မရန(နိုင်)၂၅၅၃၉၀ဖြစ်ပါသည်။

ဦးထွန်းအောင်

**Evercare Pharma Company Limited**

(1) Sales and Marketing Supervisor ကျား/မ (၂)ဦး
အသက် ၃၀-၄၀နှစ်
ဘွဲ့ရ၊ အတွေ့အကြုံ ၅-၇နှစ်
နယ်ခရီးသွားနိုင်ရမည်။
(မေ့ဆေး အတွေ့အကြုံရှိသူဦးစားပေးမည်။)
လစာ ငါးသိန်း(သို့)ညှိနှိုင်းလစာ

(2) Product Manager ကျား (၂)ဦး
M.B.B.S အတွေ့အကြုံအနည်းဆုံးတစ်နှစ်
**နယ်ခရီးသွားနိုင်ရမည်။
(Surgical field အတွေ့အကြုံရှိသူဦးစားပေးမည်။)
လစာ ငါးသိန်း(သို့)ညှိနှိုင်းလစာ

(3) Medical Representative ကျား/မ(၅)ဦး
အသက် ၂၀-၂၅နှစ်
(B.Pharm) အတွေ့အကြုံ ၁-၂နှစ်

(4) Sale Representative ကျား/မ(၂)ဦး
အသက် ၂၀-၂၅နှစ်
ဘွဲ့ရ၊ အတွေ့အကြုံ ၁-၂နှစ်

(5) Delivery and Helper ကျား(၁)ဦး
အသက် ၂၀-၂၅နှစ်

office hour:9:00am to 6:00pm (Mon-Fri),9:00am to 12 Noon(Sat)
No.55(Ground Floor), 52nd Street,Botahtaung Tsp,Yangon.
ph:01-296716,01-9010691,09-254279029

STI MYANMAR UNIVERSITY

University of Bedfordshire

## STI MU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်း၍အောက်ပါ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်မည်။

### Faculty of Business

1. Bachelor of Arts (Honours) Business Administration
2. Bachelor of Arts (Honours) Accounting
3. Master of Business Administration

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Marketing UK (CIM)
- The Association of International Accountants UK (AIA)
- The Association of Chartered Certified Accountants UK (ACCA)

### Faculty of Education & Linguistics

- Master of Arts (Education Studies)

#### ဘွဲ့ကြိုသင်တန်းဝင်ခွင့်လိုအပ်ချက်

- တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်ပြီးသူများ
- ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် STI MU မှ ဒီပလိုမာ/အဆင့်မြင့် ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်)
- ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

#### ဘွဲ့လွန်သင်တန်းဝင်ခွင့်လိုအပ်ချက်

ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။
အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။

### Faculty of Engineering

1. Bachelor of Engineering (Honours) Civil Engineering
2. Bachelor of Engineering (Honours) Architectural Engineering
3. Bachelor of Engineering (Honours) Electronic Engineering
4. Bachelor of Engineering (Honours) Civil & Architectural Engineering
5. Bachelor of Arts (Honours) Architectural Design
6. Bachelor of Science (Honours) Construction Management
7. Master of Business Administration (Engineering Management)

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Chartered Institute of Building UK (CIOB)
- Institution of Civil Engineers UK (ICE)

### Faculty of Health Science NEW!

1. Master of Business Administration (Hospital and Health Services Management)
2. Master of Nutrition and Dietetics
3. Master of Public Health

သင်တန်းအောင်မြင်သူများ အောက်ပါအဖွဲ့အစည်းများတွင် အသင်းဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

- Royal Society for Public Health (RSPH) UK
- Association for Nutrition (AfN) UK



Block-10, MICT Park, လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 377988, 507048, 507151, 507152, 09 250064451

https://www.facebook.com/STI-Myanmar-University
www.stiedu.net
Email: enquiry@stiedu.net


Gold Roast COFFEE MIX
DRINK & WIN LUCKY DRAW
BELTA ကားများ ပိုင်ဆိုင်နိုင်မည့် အခွင့်အရေး
BELTA ကား (၂) စီးအပါအဝင်
ငွေကျပ် ၁၀ သိန်း၊ ငွေကျပ် ၁ သိန်း နှင့်
ငွေသားဆုကြီးများ သင့်ကိုစောင့်ကြိုနေပါတယ်။
www.facebook.com/GoldRoastMyanmar
(ကွဲပြားမှုရှိနိုင်သည်။)
ပရိုမိုးရှင်းကာလ - July 2015 to October 2015
(ဆုမဲများကို ၃၀.၁၀.၂၀၁၅ ထိ နောက်ဆုံးထား၍ ထုတ်ယူနိုင်ပါသည်)


MANUFACTURING 2015
Myanmar
ဒုတိယအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စက်ပစ္စည်း၊ အသုံးအဆောင်ပစ္စည်း၊ ကုန်ကြမ်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာပြပွဲ
မြန်မာနိုင်ငံ၏ အပြည့်စုံဆုံး ကုန်ထုတ်လုပ်မှုဆိုင်ရာပြပွဲကြီး
ကိုရီးယား၊ စင်္ကာပူ၊ ထိုင်း နှင့်အခြားနိုင်ငံများမှ နိုင်ငံတကာ ပြသသူစဝကျော်နှင့် တွေ့ဆုံနိုင်မည့် အရင်းအမြစ်
စက်ပစ္စည်းများ၊ ကိရိယာများ၊ နည်းပညာများနှင့် ဖြေရှင်းနည်းများကို ကျယ်ပျံ့စွာပြသမည့်ပြပွဲ
တန်ဖိုးမဖြတ်နိုင်သော စီးပွားရေးအဆက်အသွယ်များကို ဖန်တီးလိုက်ပါ
လုပ်ငန်းနယ်ပယ်အတွက် နောက်ဆုံးပေါ် တိုးတက်မှုသတင်းများကို ရယူပါ
ဝရိန်ဆော်နည်းပညာနှင့် ပတ်သတ်သည့် ဟောပြောပွဲသို့ အခမဲ့တက်ရောက်နိုင်မည့်အခွင့်အရေး
၁၅ - ၁၇ အောက်တိုဘာ ၂၀၁၅
(ကြာသပတေး - စနေ)
Myanmar Event Park ၊ ရန်ကုန်
စီးပွားရေးလုပ်ငန်းရှင်များသာ
အသက် (၁၈) နှစ်အောက်ဝင်ခွင့်မပြု
၂၀၁၅ အောက်တိုဘာလ ၅ရက် မတိုင်မီ www.manufacturingmyanmar.com တွင် online မှ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်
စီစဉ်သူ
SINGAPORE EXHIBITION SERVICES
ဆက်သွယ်စုံစမ်းရန်
ဦးထက်ဝေဖော်
ဖုန်း +၉၅ ၁ ၅၃၃ ၅၁၅ - ၅၁၉
အီးမေးလ်။ events@sesallworld.com
ကူညီပံ့ပိုးသည့် အဖွဲ့အစည်းများ
Ministry of Industy SMEs Development Department
Myanmar Engineering Society
MIA Myanmar Industries Association
AN ALLWORLD EXHIBITIONS EVENT


SAKURA HOSPITAL SINCE 1998
Best Health Myanmar
အမေရိကန် နှလုံးအထူးကုဆရာဝန်များ ဦးစီးသည့် Best Health Myanmar Cardiovascular group ၏
အဖွဲ့ဝင်များဖြစ်သော စင်္ကာပူ နှင့် ထိုင်ဝမ် နိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်များသည်
အောက်တိုဘာလ (၁ ရက်နေ့ မှ ၄ ရက်နေ့) နှင့် (၂၂ ရက်နေ့ မှ ၂၄ ရက်နေ့) များတွင်
နှလုံးနှင့်သွေးကြောဆိုင်ရာ စစ်ဆေးကုသမှုအမျိုးမျိုးကို ဆာကူရာဆေးရုံ၌
နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုပေးမည်ဖြစ်ပါသည်။
ဆရာဝန်ကြီးများ မလာမီ အချိန်များတွင်လည်း တာဝန်ကျဆရာဝန်များ နှင့် ဆွေးနွေးတိုင်ပင်နိုင်ပြီး လိုအပ်ပါက
အမေရိကန်မှ ဆရာဝန်ကြီးများ၏ အကြံဉာဏ်များကို Online မှတဆင့် အခမဲ့ရယူနိုင်ပါသည်။
အမှတ်(၂၃)၊ ရှင်စောပုလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - 01-512 668, 09-262 100 103, 09-262 100 104
Email: EDP@sakurahospital.com.mm, sakuraunique@gmail.com
နှလုံးနှင့် သွေးကြောဆိုင်ရာ စစ်ဆေး၊ ကုသမှု အမျိုးမျိုးအတွက်
အမေရိကန်နိုင်ငံအထိ သွားရောက်ကုသရန်မလိုတော့ပါ...

# Republic of the Union of Myanmar
## Ministry of Energy
## Invitation to Tender
## Joint Venture Project of LPG Importation, Storage Distribution and Marketing bu using Existing Facilities of LPG Terminal in Thanlyin Refinery Area
## Tender No.(1-MLTJVP/2012-2016)

1. The Myanma Petrochemical Enterprise (MPE), a State-owned Enterprise of the Republic of the Union of Myanmar, operating under the Ministry of Energy. announces an Invitation to Tender for Joint Venture Project of LPG Importation, Storage, Distribution and Marketing by using Existing Facilities of LPG Terminal in Thanlyin Refinery Area. The purpose of the Joint Venture is to fulfill the domestic LPG demand growth with stable supply.
2. All interested parties, myanmar citizen companies or foreign companies, are cordially invited to lodge a submission in accordance with the tender documents. If the myanmar citizen company has in relation with foreign company which has worldwide experience in LPG business, it will be preferred. In the tender document, the following facts are included:
   a) Refurbishment and upgrading plan for LPG terminal facilities such as storage tanks, control system, safety system, firefighting system jetty and etc.
   b) Expansion of LPG filling facilities and LPG storage tanks under requirement of local demand.
   c) Proposed Land lease rate for existing area of LPG Terminal
   d) Proposed MPE's assets value for existing LPG Terminal facilities
   e) Proposed capital contribution
   f) Business and financing plan
   g) Economic model and cash flow
   h) Human Resources Development plan and Corporate Social Responsibility program
3. The Tender Documents with further details related to the LPG Terminal can be purchased by any interested parties commencing 30 September 2015 upon submission of receipt of payment for 1500000 Kyats(One Million and Five Hundred Thousand Kyats) to the following address.
4. Applicants shall submit the proposal in person no later than 5 November 2015 at 12:00 noon to and for more information contact the following address:

   Managing Director
   Myanma Petrochemical Enterprise
   Ministry of Energy
   Building No.44, Nay Pyi Taw, Myanmar
   mltjv.Project@gmail.com
   Fax: +9567411124, +9567411126
5. If the applicant is a foreign company or myanmar citizen company joining with foreign company, recommendation of the Respective Embassy of the Republic of the Union of Myanmar at the place of company's registration or establishment or nearest shall be submitted along with tender proposal or within one week after submission of tender proposal/
6. Late inquiries or inquiries via telephone will not be answered.

---

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ မွေးမြူရေးသုံး ဆေးဝါး(၁၀)မျိုးနှင့် နွားစာ အစာနု(စပ်စာ) (၁)မျိုးတို့ကို ဝယ်ယူလိုပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | မွေးမြူရေးသုံးကုသဆေး | ၃ မျိုး |
| (ခ) | မွေးမြူရေးသုံးအားဆေး | ၂ မျိုး |
| (ဂ) | မွေးမြူရေးသုံးအနာဖျန်းဆေး | ၁ မျိုး |
| (ဃ) | မွေးမြူရေးသုံးအကိုက်အခဲပျောက်ဆေး | ၂ မျိုး |
| (င) | မွေးမြူရေးသုံးသန်ချဆေး | ၁ မျိုး |
| (စ) | မွေးမြူရေးသုံးလျှာပွတ်ဆေး | ၁ မျိုး |
| (ဆ) | နွားစာ အစာနု (စပ်စာ) | ၁ မျိုး |

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၀၂၀၊ ၀၆၇-၄၀၈၁၇၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

---

**မွန်ပြည်နယ်၊ လမ်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**
**၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်**
**ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက်**

## တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအနက်မှ အောက်ဖော်ပြပါ လုပ်ငန်းများအား ဆောင်ရွက်ရန် တင်ဒါခေါ်ယူပါမည်။

| | | | |
|---|---|---|---|
| ၁။ | ရေး-မလွဲတောင်အပိုင်း | မိုင် ၁၁၁/၀-၁၁၅/၄ ထိ (Guard Rail) စိုက်ထူခြင်း | - ၄ မိုင် ၄ ဖာလုံ |
| ၂။ | မုဒုံ-မြဝတီလမ်း | မိုင် ၂၆/၀-၃၂/၅ ထိ (ကတ္တရာလမ်းသစ်ခင်းခြင်း) | - ၆ မိုင် ၅ ဖာလုံ |
| ၃။ | မုဒုံ-မြဝတီလမ်း | မိုင် ၂၂/၀-၃၂/၅ အတွင်း (မြေသားတာဘောင်ချဲ့ခြင်း) | - ၁၀ မိုင် |

(က) **တင်ဒါရယူနိုင်သည့်နေ့ရက်** - ၂၂-၉-၂၀၁၅ ရက် (အင်္ဂါနေ့)
**နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်** - ၁၄-၁၀-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ

(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်၊ အချိန်၊ နေရာ** - ၁၄-၁၀-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ၊ ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၅၇-၂၄၈၀၈**

---

## အမည်ပြောင်း

မိုးကောင်းမြို့၊ မြတောင်ကျေးရွာနေ ဦးမောင်တိုး၏သမီး မခင်ဝိုင်းအား မဖြူနှင်းဖွေး ၁/မကတ(နိုင်)၁၀၅၁၄၈ ဟု ပြောင်းလဲခေါ်ပါရန်။

---

## ဖခင်အမည်မှန်

မိုးကောင်းမြို့၊ သိုက်ဝါးကုန်းကျေးရွာ အထက(ခွဲ) နဝမတန်းမှ မောင်ကျော်ဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးတင်မြင့် ၁/မကတ(နိုင်)၀၃၈၀၂၇ ဖြစ်ပါသည်။

**ဦးတင်မြင့်**

---

## အမည်ပြောင်း

မိုးကောင်းမြို့၊သိုက်ဝါးကုန်းကျေးရွာ အထကခွဲ တက္ကသိုလ်ဝင်တန်းမှ ဦးဝင်းနိုင်၏သမီး မဝင်းဝင်းအား မဝင်းဝင်းဖန့် ဟု ပြောင်းလဲခေါ်ပါရန်။

---

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ဆင်ပေါင်ဝဲမြို့၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မမြတ်နိုးဝေ၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော် ၈/ဆပဝ(နိုင်)၀၆၁၄၆၉ ဖြစ်ပါကြောင်း။

**ဦးသန်းဇော် ၈/ဆပဝ(နိုင်)၀၆၁၄၆၉**

---

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်)ရပ်ကွက်၊ အောင်သပြေလမ်း၊ (၃၃/ခ+၃၈/က)၊ ငါးလွှာ၊ ခေါင်းရင်းခန်း(ယာဘက်)တိုက်ခန်းအား ပိုင်ရှင် ဒေါ်နီနီအေး ၁၂/မဂဒ(နိုင်)၁၀၃၀၉၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် ၂၂-၉-၂၀၁၅ ရက်တွင် အပြီးသတ်ငွေပေးချေပြီး အဆိုပါတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေမှ လက်ရောက်နေထိုင်နေပြီဖြစ်ပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဆုမွန်သက် LL.B**
**(အထက်တန်းရှေ့နေ)**
**ဖုန်း-၀၉-၂၆၂၂၇၆၉၅၁**

---

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းခြင်းနှင့် အများသိစေရန် ကြေညာခြင်း

မယန်ဆေမိတ် (ဘ) ဦးလီဆီကိုင် ၁၃/နခန(နိုင်)၀၃၂၂၉၁ မှ မောင်လာယိန်း (ဘ) ဦးကွမ်ဆိုင်တွမ် ၁၃/နခန(နိုင်)၀၄၉၇၃၇ အား ၄-၈-၂၀၁၅ ရက်တွင် နမ့်ခမ်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၂၈/၄/၂၀၁၅ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပေးအပ်သည့်လုပ်ငန်းကိစ္စကို ဆောင်ရွက်ရန်ပျက်ကွက်သဖြင့် ပေးအပ်သူ မယန်ဆေမိတ်မှ ရုပ်သိမ်းပါသည်။ မယန်ဆေမိတ် လက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာပါ စာအား ပြသ၍ အခြားသူများထံ ငွေရယူခြင်းများသည် မယန်ဆေမိတ်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

**မယန်ဆေမိတ်**
**၁၃/နခန(နိုင်)၀၃၂၂၉၁**

---

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၄)**
**၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် JICA (ODA)**
**ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်**
**မူးမြစ်ကူး(သမရိုး)တံတားတည်ဆောက်ခြင်းလုပ်ငန်း**
**တင်ဒါအမှတ်စဉ်(၂၃-၂၇/၂၀၁၅)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊တံတားဦးစီးဌာန၊တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် JICA (ODA) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မုံရွာ-အရာတော်-ရွှေဘိုလမ်းပေါ်ရှိ မူးမြစ်ကူး(သမရိုး) တံတားတည်ဆောက်ခြင်း လုပ်ငန်း၊ တင်ဒါအမှတ်စဉ်(၂၃-၂၇/၂၀၁၅)၊ တံတားအပေါ်ထည်လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သည့် ဘိလပ်မြေ(ထိုင်းဆင်)၊ သံချောင်းလုံး(ရှယ်စုံ)(နိုင်ငံခြား)၊ ¼" x ¾" ခွဲကျောက်၊ မြစ်/ချောင်းသဲ၊ 6" x 9" ကျောက်ကြီး၊ သစ်အခြားသား(ရှယ်စုံ)၊ ဒီဇယ်ဆီ၊ Ready-Mix Concrete for Overlay Slab with Elephant Brand Cement (30Mpa Cylinder) များအား တံတားလုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းနှင့် 25T-30T Mobile Crane ငှားရမ်းခြင်း (၄)လ ပြုလုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၁-၉-၂၀၁၅ ရက် ရုံးချိန်အတွင်း |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - ၁၅-၁၀-၂၀၁၅ ရက် ၁၂း၀၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - ၁၅-၁၀-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရွှေဘိုခရိုင် |

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ မန္တလေးမြို့နှင့် လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရွှေဘိုခရိုင်တို့တွင် ၂၁-၉-၂၀၁၅ရက်မှစ၍ တင်ဒါအမှတ်စဉ်တစ်ခု၊ လျှောက်လွှာပုံစံ(၁)စောင်လျှင် ငွေကျပ်(၅၀၀၀/-)(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အာမခံစပေါ်ငွေ (Deposite) ကျပ်(၅၀၀၀၀၀/-)(ကျပ်ငါးသိန်းတိတိ)(PO)ချက်ပေးသွင်းရမည်ဖြစ်ပြီး ဖုန်း-၀၂-၃၉၁၁၇ သို့ အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

## အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့၊ အထက ကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မဂျော်မွန်းဆန်း၏ အမည်မှန်မှာ မဂျော်မုန်းဆန်း ဖြစ်ပါသည်။

**မဂျော်မုန်းဆန်း အထက၊ မိုးမောက်မြို့**

---

## ခြံရောင်းမည်

ပြင်ဦးလွင်၊ ရေချမ်းအိုးရပ်ကွက် ပေ(၈၀×၈၀)၊ သိန်း ၅၀၀၊

**ဖုန်း-၀၉-၇၉၈၂၃၇၇၀၆**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၃၈၆၈)၊ ဧရိယာ ၀ဒသမ ၁၁၀ဧက ဦးခင်မောင်ကြည်အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၁၀/၂၀၁၅ ၂၀-၈-၂၀၁၅ ဖြင့် ဝယ်ယူထားသူ ဦးဇော်မင်းဦး ၇/ကတခ(နိုင်)၀၀၂၄၉၅၏ အထူးကိုယ်စားလှယ် ဒေါ်တင်မြတ်မူ (NPT SP No-၉၄၈/၁၈-၈-၂၀၁၅)မှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ မြေကွက်/ဦးပိုင်အမှတ်(၁၀^က^၊ ၁၀^ခ^)၊ ဧရိယာ ၀ဒသမ ၀၆၄၊ ၀ဒသမ ၁၂၁ဧကရှိ ဦးအောင်သိန်းလှိုင် ပါ-၃ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးအောင်သိန်းလှိုင် ပါ-၃ ၉/ပမန(နိုင်)၀၀၂၉၉၄ (ဘ) ဦးစိန်ဝင်းမှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ဂေါက်ကွင်းလမ်း၊ အမှတ်(၁၀)တွင် တည်ထောင်ဖွင့်လှစ်ထားသော စံလင်းဖြိုးကုမ္ပဏီလီမိတက်၏ အထွေထွေမန်နေဂျာဖြစ်သူ ဦးဝင်းခိုင် ၉/ကပတ(နိုင်)၁၄၇၈၇၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

စံလင်းဖြိုးသတ္တုတူးဖော်ရေးလုပ်ငန်းကုမ္ပဏီလီမိတက်အား ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ်(၂၃၄၇/၂၀၁၀-၂၀၁၁)အရ တရားဝင်တည်ထောင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

စံလင်းဖြိုးကုမ္ပဏီသည် တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ကွင်းပြင်ဧက (၄၈ဒသမ၀၀)ဧကအား လူနေအိမ်ရာမြေအဖြစ် နိုင်ငံတော်မှ အသုံးချခွင့်ပြုခဲ့ပါသည်။ အဆိုပါမြေနေရာတွင် ယခုအခါ မြို့မြေအဖြစ် လူနေအိမ်ရာ မြေကွက်များကို သက်ဆိုင်ရာဌာနအသီးသီး၏ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ရာ မြို့မြေကွက်ဖော်ထုတ်ရေးလုပ်ငန်းမှာ ပြီးစီးလုနီးပါးရှိပြီဖြစ်ပါသည်။ စံလင်းဖြိုးကုမ္ပဏီသည် တရားဝင်တည်ထောင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ကုမ္ပဏီ စတင်တည်ထောင်ချိန်မှစ၍ ယနေ့အချိန်ထိ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိဘဲ မိမိ၏လုပ်ငန်းကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်လုပ်ကိုင်လျက်ရှိပါသည်။

စံလင်းဖြိုးကုမ္ပဏီ၏ တရားဝင်လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများကို တချို့သော လူပုဂ္ဂိုလ်များသည် ဌာနဆိုင်ရာအသီးသီးသို့ မဟုတ်မမှန် တိုင်စာ ပစ်စာများပေးပို့နှောင့်ယှက်လျက်ရှိကြောင်း ကြားသိရသည့်အပြင် အထောက်အထားတချို့ကိုလည်း စံလင်းဖြိုးကုမ္ပဏီမှ ရရှိထားပါသည်။ သို့ဖြစ်ပါ၍ ယခု အများသိစေရန် ကြော်ငြာသည့်ရက်မှစတင်၍ စလင်းဖြိုးကုမ္ပဏီ၏ လုပ်ငန်းကိစ္စများကို ဖျက်လိုဖျက်ဆီးစေရန် အကြံဖြင့်လည်းကောင်း၊ ကုမ္ပဏီ၏ နာမည်ဂုဏ်သတင်းညှိုးနွမ်းသေးသိမ်စေသည့်အပြုအမူများကိုသော်လည်းကောင်း၊ ဆောင်ရွက်သူမှန်သမျှအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စံလင်းဖြိုးကုမ္ပဏီအထွေထွေမန်နေဂျာ ဦးဝင်းခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းထွန်းအောင် LL.B, D.B.L** | **ဦးဝင်းမြင့် LL.B** |
| **စဉ် ၈၆၆၀** | **စဉ် ၇၄၂၁** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၁/၁၅)၊ အခန်း(၁)၊ မဟာဗန္ဓုလလမ်း၊ (ခရိုင်တရားရုံးအနီး)၊ တာချီလိတ်မြို့**

## မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်
**Forest Law Enforcement Governance and Trade (FLEGT-VPA)**
**အလုပ်ရုံဆွေးနွေးပွဲ ဖိတ်ကြားစာ**

၁။ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်သည် တရားဝင်သစ်တောထွက်ပစ္စည်း ရောင်းဝယ်ဖောက်ကားခြင်းနှင့် ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် Forest Law Enforcement Governance and Trade (FLEGT-VPA )လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင် ပုဂ္ဂလိက ကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲအား အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည် –

(က) ကျင်းပမည့်နေ့ရက် – **၂၉ – ၉ –၂၀၁၅ (အင်္ဂါနေ့)**
(ခ) ကျင်းပမည့်အချိန် – **နေ့လယ် ( ၂ း ၀၀ ) နာရီ မှ ညနေ (၅ း ၀၀ ) အထိ**
(ဂ) ကျင်းပမည့်နေရာ – International Business Center (IBC) ၆ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့

၂။ စိတ်ပါဝင်စားသည့် ပုဂ္ဂလိက ကဏ္ဍမှ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်သို့ ၂၇–၉–၂၀၁၅ ရက်နေ့ နေ့လယ် (၁၂)နာရီ နောက်ဆုံးထား၍ အမည်စာရင်း ပေးပို့နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်**
**အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ UMFCCI Tower (7 Flr), လမ်းမတော်မြို့နယ်။ ဖုန်း–၂၁၄၈၃၈၊ ၂၁၄၈၃၉၊ ၂၁၄၈၄၀**




## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ စမ်းချောင်း၊ ပေ (၂၅×၅၀)၊ 4F ငါးလွှာ၊ ကျွန်းပါကေး၊ MBR(1), BR(1)၊ ဘိုထိုင်(၂)၊ သံပန်းဆန်းရှိတ်၊ ရေမီးစုံ၊ ပြင်ဆင်ပြီး တိုက်အသစ် (လူနေခွင့်ကျပြီး)။
၂။ စမ်းချောင်း၊ ပေ (၁၂½ × ၅၀)၊ မြေညီ (R.C ထပ်ခိုးပြည့်)ပါ၊ ကျွန်းပါကေး၊ ကြွေပြားပြည့်၊ ဘိုထိုင်၊ A/C(1)၊ ပြင်ဆင်ပြီးအသင့်နေ မြေညီ ၂ ထပ်၊ တိုက်သန့်(သစ်)၊
ဖုန်း–၀၉–၅၀၇၁၁၄၄၊ ၀၉–၇၃၁၅၆၄၉၄

## မြေညီတိုက်ခန်း(အသစ်စက်စက်) အမြန်ရောင်းမည်

သာကေတ၊ နဝရတ်လမ်းကျယ်၊ ကမာကြည်တံတားအဆင်း၊ ဈေး၊ ကျောင်း၊ ကားဂိတ်နီး၊ တိုက်သစ် (မြေညီထပ်)၊ (၁၈×၅၄)ပေ၊ RC ထပ်ခိုး၊ အိမ်သာရေချိုးခန်း ကြွေပြားကပ်ပြီး။

**ဖုန်း–၀၉–၄၉၇၂၇၁၀၇၊ ၀၉–၅၀၇၇၇၀၅၂**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်–၃၈ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်–၄၁**

ဦးစိုးလှိုင် နှင့် ဦးမြတ်ဆွေ
**အနိုင်ဒီကရီရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၉ ရပ်ကွက်၊ ရတနာပုံ ၃ လမ်း၊ အမှတ် ၁၁၇၀ နေ တရားရှုံး ဦးမြတ်ဆွေ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်–၃၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမျိုးသိန်းထွန်းအောင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၈ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စန်းဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**
**မြစ်သားမြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်–၁၁၃**

မောင်ကောင်းကောင်း နှင့် မောင်ညီညီအောင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မန်ကျည်းကန်ကျေးရွာနေ တောင်သူ မောင်ညီညီအောင် (ဘ) ဦးရှမ်းစော (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်၏အပေါ်၌ မြစ်သားမြို့နယ်၊ ရေဝန်းကျေးရွာနေ မောင်ကောင်းကောင်းမှ မြေသြဇာဖိုးနှင့် ပိုးသတ်ဆေးဖိုးကျန်ငွေ ၂၆၀၄၉၀၀ ကျပ်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အမှုကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၀ရက် (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားပြိုင်မှ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။

၄င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မာလာထွဋ်)**
**မြို့နယ်တရားသူကြီး**
**မြစ်သားမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)**
**တာမွေမြို့နယ်၊ တွဲဖက်မြို့နယ်တရားသူကြီး (၁)ရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်–၁၆ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်–၂၀**

ဦးမောင်အေး နှင့် ၁။ ဦးကျော်စွာဝင်း
၂။ (ကွယ်လွန်သူ ဦးတင်မောင်လတ်၏ တရားဝင် ကိုယ်စားလှယ်)
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အမှတ်(၇၈၈)၊ သုံးလွှာ/ခေါင်းရင်းခန်း၊ ဧယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ ဦးကျော်စွာဝင်း (ကွယ်လွန်သူ ဦးတင်မောင်လတ်၏ တရားဝင်ကိုယ်စားလှယ်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးမောင်အေးက ၂၀၁၅ခုနှစ် တရားမကြီးမှု ၁၆တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၇ရက် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် စက်တင်ဘာ ၂၃ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်မင်းနိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တာမွေမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၈၈ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၉**

ဒေါ်ရှယ်လီ နှင့် ဒေါ်တင်တင်အေး
(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးညွန့်ဝေ)
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အမှတ် ၃၃၊ ဗမ္မာ့သီရိအနောက်(၁)လမ်း၊ (၆/န)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ တရားရှုံး ဒေါ်တင်တင်အေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်–၅၈၈တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ရှယ်လီ(၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးညွန့်ဝေ)က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ခုနှစ် အောက်တိုဘာ ၉ရက် (၁၃၇၇ခုနှစ် တော်သလင်းလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြအေး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ လူနေရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၃၁၀၊ အုတ်လှငယ်လမ်းနှင့် ညီညွတ်ရေးလမ်းထောင့်၊ (၄၅ ပေ× ပေ ၆၀) အကျယ်အဝန်းရှိ ဒေါ်ခင်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ (ဒေါ်ခင်ဝင်း) ကွယ်လွန်၏ ခင်ပွန်း ဦးလှမြင့် ၁၂/တမန(နိုင်)၀၅၈၅၁၆ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မြမြထွန်း B.A (Law), LL.B (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၉၁၀)**
**အမှတ် ၅၀၊ ဘဏ်လမ်း၊ အခန်း အေ ၂၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၅၀၁၂၆၅၂**

## အများသိစေရန်ကြေညာချက်

Yoongwon International (Myanmar) Co.,Ltd. တွင် Sale Manager အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးဇော်လင်းထွန်း ၁၂/ဥကတ(နိုင်)၀၂၆၉၂၀သည် ကုမ္ပဏီငွေကြေးများအား အလွဲသုံးစားပြုပြီး တိမ်းရှောင်နေပါသဖြင့် ၄င်းအား Yoongwon International (Myanmar) Co.,Ltd. မှ အလုပ်ထုတ်ပယ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သောကိစ္စများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း Yoongwon International (Myanmar) Co.,Ltd. မှ မိတ်ဟောင်းမိတ်သစ်များအား လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။ ကုမ္ပဏီထံသို့ ပေးချေရန်ရှိသော ငွေများအား Yoongwon International (Myanmar) Co.,Ltd. အား တိုက်ရိုက်ဆက်သွယ်ပေးချေပါရန် အကြောင်းကြားအပ်ပါသည်။ ဤကြေညာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ဦးဇော်လင်းထွန်းမှ ကုမ္ပဏီလာရောက်ဖြေရှင်းပါရန်။ ပျက်ကွက်ခဲ့ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**Yoongwon International (Myanmar) Co.,Ltd.**

## ပျောက်ဆုံးကြောင်း

ကျွန်မ မသူဇာလှိုင် ၉/တသန(နိုင်)၁၃၉၁၁၈ သည် ခရီးသွားလာရင်း (၁၀)တန်းအောင်လက်မှတ် ဘွဲ့ရလက်မှတ်နှင့် အရေးကြီးစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

**ဖုန်း–၀၉–၅၁၄၀၉၁၀၊ ၀၉–၇၉၄၇၅၂၄၇၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မအေးအေးမွန်(ခ)မွန်မွန် (မွန်မွန်အထည်ဆိုင် ဖ·ဆ·ပ·လ ဈေး) ၁၂/မဂတ(နိုင်)၀၀၁၇၃၃ သည် မိဘများခွင့်မလွှတ်နိုင်သောကိစ္စများ ဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်သည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

ဒေါ်ခင်ရီ ၁၂/မဂတ(နိုင်)၀၂၁၈၅၂

# ပုဂံရှေးဟောင်းဒေသသို့ ကမ္ဘာလှည့်ခရီးသွားလာရောက်မှု ၂၀ ရာခိုင်နှုန်းတိုးလာ

သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သဏ္ဍ

**နေပြည်တော်　စက်တင်ဘာ　၂၅**

မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခုဖြစ်သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ယခုနှစ် ကမ္ဘာလှည့်ခရီးသွားဧည့်သည်လာရောက်လည်ပတ်မှုမှာ ယမန်နှစ်ကထက် ၂၀ ရာခိုင်နှုန်းတိုးလာကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂံဒေသသို့ ကမ္ဘာလှည့်ခရီးသည်လာရောက်လည်ပတ်မှုသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ ကမ္ဘာလှည့်ခရီးသည်ဦးရေ ၁၅၁၂၁၅ ဦး လာရောက်ခဲ့ပြီး ယင်းမှာ ယမန်နှစ် အလားတူကာလက ၁၃၄၂၃၂ ဦး လာရောက်လည်ပတ်မှုနှင့် နှိုင်းစာလျှင် ရာခိုင်နှုန်းအားဖြင့် ၂၀ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✻



# အပြေတစ်ခုထုတ်ရန်လိုအပ်လာပြီဖြစ်သည့် ရန်ကုန်မြို့ပြခရီးသွားပြည်သူနှင့် ခုံးကျော်တံတား

သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်

**"တွေးရင်း---တောရင်း---၊ ငေးရင်းမောရင်း---၊ ဖုန်းပြောရင်း---လမ်းမကူးကြပါနဲ့---၊ ကားမောင်းရင်းလည်း ဖုန်းမပြောကြပါနဲ့---၊ မော်တော်ယာဉ်များ---၊ ခရီးသွားများအန္တရာယ်ကင်းဖို့ဖြစ်ပါတယ်---ဟော ---မီးဝါသွားပါပြီ---၊ မီးနီသွားပါပြီ---၊ မီးစိမ်းသွားပါပြီ---၊ လမ်းကူးတဲ့သူတွေသတိထားကြပါ---၊ ကားများအရှိန်ထိန်းမောင်းကြပါ--- ကျေးဇူးတင်ပါတယ်---"ဟု သတိပေးသံက ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံယာဉ်ထိန်းရုံးမှ ထွက်ပေါ်လာခြင်းဖြစ်သည်။**



ခရီးသွားများစည်ကားရာအချိန် ညနေပိုင်းတွင် မိနစ်မခြား ကြားနေ ရသည်။ အသံသွင်းထားခြင်းမဟုတ်၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးက အသံချဲ့စက်မှ နှုတ်ဖြင့်ပြောနေခြင်းဖြစ်သည်။ ယာဉ်ထိန်းတစ်ယောက်က မိမိလုပ်ငန်းကို ဝီစီတစ်လုံးဖြင့် ယာဉ်ထိန်းရုံမျှမဟုတ်၊ ခရီးသွားပြည်သူများ၊ ယာဉ်မောင်းသူများအား အန္တရာယ်ကင်းစေရေးအတွက် နှုတ်စကားဖြင့်ပါ ထိန်းကျောင်းသတိပေးနေသည့် မြင်ကွင်းတစ်ရပ်ဖြစ်သည်။

သတိပေးနှိုးဆော်နေသော ယာဉ်ထိန်းအားတွေ့ဆုံ၍ စကားပြောကြည့်မိသည်။ "ခရီးသွားတွေကလည်း ဒီနေရာမကူးကြဖို့ သတိပေးဆိုင်းဘုတ်တွေတပ်ထားကြပေမယ့် နေ့စဉ်နဲ့အမျှ ကူးနေကြတယ်။ တံတားပေါ်က ကူးတဲ့သူ အတော်ရှားတယ်။ ကြာရင် တစ်နေ့မဟုတ်တစ်နေ့ အန္တရာယ်နဲ့တိုးကြတော့မယ်။ အချို့ငယ်ရွယ်သူတွေဆိုရင် ဖုန်းပြောရင်းနဲ့တောင်မက ဂိမ်းနှိပ်ပြီးပါ ကူးနေကြတယ်။ ယာဉ်မောင်းအချို့ကလည်း ကားမောင်းရင်း ဖုန်းမပြောရလို့ စည်းကမ်းထုတ်ထားပေမယ့် ဖုန်းပြောရင်း လက်တစ်ဖက်တည်းနဲ့ ကားမောင်းနေကြတယ်။ နောက် လူတိုင်းက အကြောင်းအမျိုးမျိုးကြောင့်

*စာမျက်နှာ ၁၁ ကော်လံ ၄* ✻

# စပိန်လကပ်ဗလင်စီယာအသင်းနှင့် ရောဝတီအသင်းတို့ လူငယ်ဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မည်

သတင်း-ညီမြတ်သော်တာ

**ရန်ကုန်　စက်တင်ဘာ　၂၅**

စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းသည် မြန်မာနိုင်ငံ၌ လူငယ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန်အတွက် MNL ထိပ်သီးကလပ် ရောဝတီအသင်းနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ မြန်မာ့ဘောလုံး ပရိုစနစ်ကူးပြောင်းပြီးနောက်ပိုင်းတွင် ကမ္ဘာကျော်ဘောလုံးသမားဟောင်းများ မြန်မာနိုင်ငံသို့ လာရောက်မှုများရှိခဲ့သလို နိုင်ငံတကာနှင့်ဆက်သွယ်မှုများမှာလည်း ပိုမိုလမ်းပွင့်လာခဲ့သည်။

ဗလင်စီယာအသင်းသည် မြန်မာနိုင်ငံတွင် လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ရန် ဆန္ဒရှိသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ဆက်သွယ်ခဲ့ပြီး ဘောလုံးအကယ်ဒမီရှိနေသော ရောဝတီအသင်းနှင့် ဆက်လက်လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ရောဝတီအသင်း တာဝန်ရှိသူများနှင့် ဗလင်စီယာအသင်းတာဝန်ရှိသူများသည် စက်တင်ဘာ ဒုတိယပတ်က စင်ကာပူနိုင်ငံ၌ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အကြိုသဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၃* ✪

■ နိုင်ငံတကာ
ကမ္ဘာတစ်ဝန်းကလေးများ သတင်းဖလှယ်နိုင်မည့်နည်းပညာ ယူနီဆက်သံတမန် ဘက်ခမ်း ဖွင့်လှစ်　စာမျက်နှာ ❖ ၄

■ ပြည်တွင်း
ဟသ်ာတမြို့နယ်အတွင်း မြစ်ရေများ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်း　စာမျက်နှာ ❖ ၉

■ ဆောင်းပါး
လူမျိုးမရွေး၊ ဒေသမရွေး၊ အားလုံးအတွက် နလုံးကျန်းမာရေး　စာမျက်နှာ ❖ ၁၅

## ရှေးကုသိုလ်အလား သူတင်စား 'ရွှေပြည်နန်းရှင်မတောင်အပျော့သနပ်ခါး'



ဦးဝင်းအောင်
(အထက်တန်းပြ)

ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ မင်းဘာကျေးရွာမှ စာရေးဆရာ၊ ကျောင်းဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ အနုပညာလည်းဝါသနာပါ၍ တချို့ရွာ ဘုရားဆွမ်းလောင်းပွဲများမှာ မင်းသားအကဖြင့် သွားရောက်ဖျော်ဖြေကပြလေ့ရှိပါတယ်။ မိတ်ကပ်နှင့် ကျွန်တော် ဓာတ်မတည့်၍လားမသိပါ။ ကျွန်တော့်မျက်နှာမှာ တင်းတိပ်၊ မှဲ့ခြောက်များ မြင်မကောင်းအောင် ဖြစ်ပေါ်လာ၍ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ အလှကုန်ပစ္စည်းဆိုင်သွားပြီး ပျောက်ကင်းနိုင်မည့် နည်းလမ်းများ မေးစမ်းကြည့်ခဲ့ရာမှ 'ရွှေပြည်နန်းရှင်မတောင်သနပ်ခါး' စမ်းသုံး ကြည့်ပါလားဆို၍ ညအိပ်ယာဝင်တိုင်း လိမ်းအိပ်ခဲ့ပါတယ်။ သနပ်ခါးတစ်ဘူးအကုန်တွင် ကျွန်တော့်မျက်နှာ ထူးခြားစပြလာပါတယ်။ သုံးဘူးအကုန်မှာတော့ မျက်နှာတစ်ပြင်လုံးရှိ မှဲ့ခြောက်၊ တင်းတိပ်များ လုံးဝမရှိတော့ဘဲ ရှေးကုသိုလ်အလား လှပပြေပြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း 'ရွှေပြည်နန်းရှင်မတောင်သနပ်ခါး'ကို အမြဲဝယ်ယူလိမ်း နေသည်မှာ ယနေ့တိုင်အောင်ပါပဲ။ ကျွန်တော်နည်းတူ မျက်နှာပြင်ရှိ တင်းတိပ်၊ မှဲ့ခြောက်များအတွက် စိတ်မကောင်းဖြစ်နေသူများ ဝယ်ယူလိမ်းကြည့်ပါရန် အကြံပေးခဲ့ရာ အောင်မြင်ပြီးထိရောက်တဲ့ အကျိုးများ ရရှိကြောင်းလည်း ပြန်ပြောကြပါတယ်။ 'ရွှေပြည်နန်း သနပ်ခါး' ထာဝရတည်တံ့နိုင်ပါစေ . . .

ဦးဝင်းအောင်(အထက်တန်းပြ)မူလွှန်အုပ်တာဝန်၊ မင်းဘာကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်အာအာလှိုင်(အထက်တန်းပြ)၊ မင်းဘာကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ



## ဆန္ဒမဲလက်မှတ်

ရောင်စုံပုံနှိပ်ထားတဲ့စာရွက်ပါ။ မဲလက်မှတ်ဟာ နှစ်ခြမ်းရှိပြီးမဲလက်မှတ် ထုတ်ပေးသူမှဖြတ်ပေးလိုက်ပြီး လက်ခံထားရှိမယ့်ဘက်အခြမ်းမှာ မိမိရဲ့အမည်၊ မဲစာရင်းအမှတ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်တို့ ပါရှိမှာဖြစ်ပြီး မိမိဆန္ဒပြုရမယ့် အခြားတစ်ခြမ်းမှာ ကိုယ်စားလှယ်လောင်းအမည်၊ တံဆိပ်နဲ့ဆန္ဒပြုဖို့ လေးထောင့်ကွက် (□) တို့သာ ပါရှိမှာပါ။ မိမိကိုသိရှိနိုင်တဲ့ အခြားမည်သည့်အမှတ်အသားမျှ မပါဝင်ရပါ။



ရွေးကောက်ပွဲကျင်းပရန်

၄၁

ရက်သာလိုတော့သည်။



## ဒါတွေလုပ်ပါ




- လွှတ်တော်သုံးရပ်အတွက် မဲသုံးမဲပေးရမည်ကို သတိပြုပါ။

## ဒါတွေမလုပ်ပါနဲ့




- အခြားမဲပေးသူများကို အနှောင့်အယှက် မပြုရပါ။

## ရွေးကောက်ပွဲနေ့တွင် မဲရေတွက်ခြင်း



## ဒါတွေလုပ်ပါ



- ရွေးကောက်ပွဲနေ့မှာ မှတ်ပုံတင် မဖြစ်မနေ ယူဆောင်သွားပါ။

**မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။**

# ရွေးကောက်ပွဲလုံခြုံရေးစီမံထားမှုများ ရှင်းလင်းပြောကြား

**ရန်ကုန် စက်တင်ဘာ ၂၅**

ရန်ကုန်အနောက်ပိုင်းခရိုင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီက ခရိုင်နှင့် မြို့နယ်တို့မှ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားမှုများ ရှင်းလင်းပြောကြားခြင်းအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က အလုံမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွဋ်ဦးနှင့် ခရိုင်ကော်မတီဝင်များ၊ မြို့နယ်ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ခရိုင်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွဋ်ဦးက အမှာစကားပြောကြားပြီး ခရိုင်ကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွဋ်ကလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲထားမှုအပေါ် ရှင်းလင်းပြောကြားခဲ့သည်။ **ဘော်ဂါသွေး**



# မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၅

**မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၅ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-**




**လေးစားအပ်တဲ့ မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိကြတဲ့ ဆင်းရဲသားလယ်သမား၊ အလုပ်သမားများနှင့်တကွ တိုင်းသူပြည်သားအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပဏာမဆုတောင်းမေတ္တာများ ပို့သလိုက်ပါတယ်။ ကျွန်တော်ကတော့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုး ဖြစ်ပါတယ်။

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီလို့ခေါ်တဲ့ ကျွန်တော်တို့ရဲ့ လယ်သမားပါတီဟာ အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ဖ. ဆ. ပ. လ ခေတ်၊ န. ဝ. တခေတ်စတဲ့ ခေတ်အဆက်ဆက်မှာ လုံးဝမပေါ်ပေါက်နိုင်ခဲ့ပါဘူး။ ယခုလို ဒီမိုကရေစီခေတ်ရောက်မှသာ လယ်သမားထုကြီးနဲ့ ဖွဲ့စည်းထားတဲ့ လယ်သမားပါတီကြီးပေါ်ပေါက်လာတာဟာ အလွန်ပဲအံ့သြဝမ်းသာဖို့ကောင်းနေပါတယ်။

ဒီပါတီကြီးပေါ်ပေါက်လာတာဟာ ကျွန်တော်တော်လို့ မဟုတ်ရပါဘူး။ ကျွန်တော်ကတော့ ဒီဆင်းရဲသားလယ်သမားပါတီဖြစ်ပေါ်လာအောင် စုစည်းဖော်ဆောင်ပေးခဲ့ခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဆင်းရဲသားလယ်သမားထုကြီးဟာ တိုင်းပြည်လူဦးရေရဲ့ ၇၀ % ကျော်ရှိပါတယ်။ ဒါပေမယ့် အဲဒီလယ်သမားထုကြီးဟာ တိုင်းပြည်မှာ အလုပ်လုပ်ဆုံးလူသားတွေဖြစ်ပြီး အဆင်းရဲဆုံးလူသားတွေလည်း ဖြစ်နေပါတယ်။ အလုပ်မလုပ်လို့ ဆင်းရဲတာဆင်းရဲထိုက်ပေမယ့် အလုပ်လုပ်ရင်းနဲ့ဆင်းရဲတာ သဘာဝလုံးဝမကျပါဘူး။ လယ်သမားထုကြီးရဲ့စိတ်ထဲမှာ အခုမှ ငါတို့ကို ကိုယ်စားပြုမယ့် တို့ရဲ့မိရင်းဖရင်းပါတီကြီး ပေါ်ပေါက်လာပြီကွဆိုပြီး တစ်ခဲနက် ပါဝင်လာကြတဲ့အတွက် သုံးနှစ်တာကာလအတွင်း လျှင်လျှင်မြန်မြန် အင်အားကြီးထွားလာခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့အလံနဲ့တံဆိပ်ကို ကြည့်လိုက်မယ်ဆိုရင်လည်း အင်္ဂလိပ်ကိုလိုနီခေတ်က အသက်ကိုပဓာနမထားဘဲ တိုင်းပြည်အတွက် ရှုပ်ရှုပ်ချွံချွံအသက်ပေးပြီးတော်လှန်ခဲ့တဲ့ ဂဠုန်နဂါးတံဆိပ်ကြီးရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ဂဠုန်ဆရာစံကြီးရဲ့အမှတ်တံဆိပ်ကို လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆင်းရဲသားလယ်သမားထုကြီးဟာ ယနေ့ထိတိုင်အောင် နှစ်ပေါင်းများစွာ ဘာအခွင့်အရေးမှ မတောင်းဆိုခဲ့ကြပါဘူး။ ကျေးလက်မှာနေ၊ မြို့ပြဆိုရင်အထင်ကြီး၊ ကိုယ့်တိုင်းပြည်ခေါင်းဆောင်ဆိုရင် လေးစား၊ ရိုးရိုးသားသားနဲ့အခွန်ထမ်းပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုလာတဲ့ လူထုလူတန်းစားကြီးဆိုရင်လည်း ငြင်းလို့မရပါဘူးခင်ဗျာ။

အခုလို ဒီမိုကရေစီခေတ်ရောက်လာတဲ့အခါမှာတော့ ဘယ်လိုလူတန်းစားမဆို နိုင်ငံတော်ကို မိမိတို့ရဲ့ဘဝအခြေအနေမှန်တွေကို ပြောဆိုတင်ပြလာနိုင်ပြီဆိုတာ လယ်သမားထုကြီးလည်း သဘောပေါက်လာခဲ့ကြပါပြီ။ ဒါကြောင့် ကျွန်တော်တို့ ဆင်းရဲသားလယ်သမားထုကြီးကလည်း ကိုယ့်လယ်သမားပါတီကိုယ်ထူထောင်ကာ လွှတ်တော်ထဲမှာ မိမိတို့အကြောင်း၊ မိမိတို့ဘဝနဲ့လိုအပ်ချက်တွေကို တိုင်းပြည်သိအောင်တင်ပြနိုင်ဖို့ ကြိုးစားလာခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ဆင်းရဲသားလယ်သမားတွေဟာ ရွှံ့တော၊ နွံတောထဲမှာ နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခခံပြီး တိုင်းပြည်အကျိုးကို သယ်ပိုးနေခဲ့ကြရတဲ့ကာလတွေကြာရှည်လွန်းလို့ ကိုယ့်အကြောင်းလေးကိုယ် တင်ပြနိုင်အောင် ရွှံ့တောထဲကနေ လမ်းမပေါ်တက်လာကြတာကို တွန်းမချလိုက်ပါနဲ့လို့ မေတ္တာရပ်ခံအပ်ပါတယ်။

ကျွန်တော်တို့ ဆင်းရဲသားလယ်သမားထုကြီးဟာ မြန်မာနိုင်ငံသားစစ်စစ်တွေဖြစ်ပြီး တိုင်းပြည်ကို တစ်ခါမှဒုက္ခမပေးခဲ့ဖူးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ထဲသွားပြီး ပြောနိုင်ဆိုနိုင်အောင် ထမင်းစားတဲ့ သူတိုင်းက ကျေးဇူးဆပ်တဲ့အနေနဲ့မဲပေးပြီး လွှတ်တော်ထဲကို အရောက်ပို့ပေးပါလို့ ပြောပါရစေ။ လွှတ်တော်ထဲရောက်ခဲ့ရင်လည်း ယခင်ထက်ပိုပြီး တိုင်းသူပြည်သားအကျိုးကို ပိုမိုပြီးထမ်းဆောင်သွားပါမယ်လို့ အားလုံးကို ကတိပေးပါတယ်။

ကျွန်တော်တို့လယ်သမားအားလုံးရဲ့ဘဝဟာ မြန်မာလယ်သမားလည်း ဆင်းရဲတာပဲ၊ ရှမ်းလယ်သမားလည်း ဆင်းရဲတာပဲ၊ ကချင်လယ်သမားလည်း ဆင်းရဲတာပဲ၊ ကရင်လယ်သမားလည်း ဆင်းရဲတာပဲ၊ မွန်လယ်သမား၊ ရခိုင်လယ်သမား စတဲ့ညီနောင်တိုင်းရင်းသား လယ်သမားအားလုံး ဆင်းဆင်းရဲရဲ နေခဲ့ရတာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ဒါကြောင့် ဆင်းရဲသားလယ်သမား ဘဝကို ဆင်းရဲသားလယ်သမားပါတီကသာနားလည်ပြီး ကိုယ်ချင်းစာ တတ်မှာပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး ပါတီအနေနဲ့ **တိုင်းဒေသကြီးများမှာရှိတဲ့** တောင်သူလယ်သမားများရဲ့ သိမ်းဆည်းခံလယ်ယာမြေပေါင်းများစွာကို ဥပဒေဘောင်အတွင်းကနေပြီး နိုင်ငံတော်ကို တင်ပြတောင်းဆိုပေးခဲ့ပြီး ဖြစ်ပါတယ်။ မရရှိသေးတဲ့ လယ်ယာမြေများကိုလည်း ဆက်လက်တိုက်ပွဲဝင် တောင်းဆိုသွားဦးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားအားလုံးဟာ နှစ်ပေါင်းများစွာ ပြောင်းလဲမှုမရှိဘဲ ဆင်းရဲတွင်းနက်လာကြတဲ့အတွက် ကျွန်တော်တို့အားလုံးဟာ အပြောင်းအလဲကြီးတစ်ခုကို လိုချင်နေကြပြီဆိုတာ တစ်တိုင်းပြည်လုံး ငြင်းလို့မရပါဘူး။ အမှန်တကယ် ချွေးနဲ့သွေးနဲ့ အလုပ်လုပ်နေကြရတဲ့ ဆင်းရဲသားလယ်သမား အလုပ်သမားထုကြီးကသာ တိုင်းပြည်ကို တိုးတက်မြင့်မားအောင် ပြောင်းလဲနိုင်မယ်လို့ ယုံကြည်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာမြေနှင့် နိုင်ငံခြားရေးဆိုင်ရာ မူဝါဒများကို ဆက်လက်တင်ပြလိုပါတယ်။

**(က) စီးပွားရေးဆိုင်ရာမူဝါဒ**

(၁) လွတ်လပ်သော အမျိုးသားစီးပွားရေးမူဝါဒအား ချမှတ်ကျင့်သုံးပြီး လယ်ယာထွက်ကုန်များအား လွတ်လပ်စွာစိုက်ပျိုးခွင့်၊ ရောင်းချခွင့်၊ သိုလှောင်ခွင့်ရရှိစေရန် ဆောင်ရွက်မည်။

(၂) လယ်ယာသုံးစက်ကိရိယာနှင့် မြေသြဇာအပါအဝင် လယ်ယာလုပ်ငန်းခွင်အတွက် လိုအပ်သည့် ကုန်ပစ္စည်းများအား အဖိုးနှုန်းသက်သာစွာဖြင့် ဝယ်ယူတင်သွင်းခွင့်ရရှိစေရန် ဆောင်ရွက်မည်။

(၃) စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာအဆင့်မီထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်ဝေစုရရှိရေး ဦးစားပေးဆောင်ရွက်မည်။

**(ခ) ပညာရေးဆိုင်ရာမူဝါဒ**

(၁) နိုင်ငံသားတိုင်းစာတတ်မြောက်ရေးအတွက် သက်ဆိုင်ရာ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မည်။

(၂) အရည်အချင်းပြည့်ဝသော ပညာရေးဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန်နှင့် ပညာရေးဝန်ထမ်းများအတွက် လုံလောက်သောလစာ၊ ရိက္ခာ၊ ခံစားခွင့်များရရှိစေရန် ဆောင်ရွက်မည်။

(၃) မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားကျောင်းသူများကို နိုင်ငံတော်မှ ကျွေးမွေးထောက်ပံ့နိုင်အောင် ကြိုးစားသွားမည်။ ဒါမှသာ ကာယ/ဉာဏအားများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမည်။

**(ဂ) ကျန်းမာရေးဆိုင်ရာမူဝါဒ**

(၁) နိုင်ငံသားတိုင်းထိရောက်သော ကျန်းမာရေးကူညီစောင့်ရှောက်မှု ရရှိစေရန်နှင့် အခြေခံလူတန်းစားများ အခမဲ့ဆေးကုသခွင့်ရရှိစေရေး ဆောင်ရွက်မည်။

(၂) ကျေးလက်ဒေသနှင့် တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာ နယ်စပ်ဒေသများတွင် မြို့ပြနှင့်တစ်ပြေးညီ ကျန်းမာရေးကူညီစောင့်ရှောက်မှုများ ရရှိစေရေးဆောင်ရွက်မည်။

**(ဃ) လယ်ယာမြေဆိုင်ရာမူဝါဒ**

(၁) စိုက်ပျိုးမြေများ တိုးချဲ့ဖော်ဆောင်၍ ဒေသနှင့်ကိုက်ညီသော သီးနှံများလွတ်လပ်စွာဥပဒေနှင့်အညီ စိုက်ပျိုးနိုင်ရေးဆောင်ရွက်မည်။


(၂) လယ်ယာလုပ်ငန်းအတွက်လိုအပ်သော စိုက်ပျိုးစရိတ်နှင့် အခြားထောက်ပံ့မှုများအား အတိုးမဲ့ကူညီထောက်ပံ့နိုင်ရန် ဦးစားပေးဆောင်ရွက်မည်။

(၃) ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံသော်လည်း အကြောင်းကြောင်းကြောင့် လယ်ယာမြေလက်လွတ်ဆုံးရှုံးခဲ့ရသော လယ်သမားများအတွက် လယ်ယာမြေလက်ဝယ်ပြန်လည်ရရှိစေရေး ဥပဒေနှင့်အညီ အလေးထား ဆောင်ရွက်မည်။

(၄) ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေကို မြေပြန့်တောင်တန်း မခွဲခြားဘဲ ထိထိရောက်ရောက်အသက်ဝင်ရန် ဆောင်ရွက်သွားမည်။ ထို ၂၀၁၂ ခုနှစ် ဥပဒေထဲမှ လိုအပ်သလို ထပ်မံဖြည့်စွက်/ပယ်ဖျက်ပေးသွားမည်။

**မဲဆန္ဒရှင် မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့တိုင်းပြည်မှာ ကျွန်တော်ရော တိုင်းသူပြည်သားအားလုံးပါ လိမ်ပြောစရာမလိုဘဲ ဘဝကိုဖြတ်သန်းနိုင်ဖို့လိုပါတယ်။ ကျွန်တော်တို့လူမျိုးဟာ ကြောက်ရင်လည်း လိမ်ပြောပေးလိုက်တာပဲ၊ သနားရင်လည်း လိမ်ပြောပေးလိုက်တာပဲ၊ အားနာရင်လည်း လိမ်ပြောပေးလိုက်ကြတာပဲ၊ အဲဒီလိုလိမ်ပြောလိုက်တာဟာ ခဏတစ်ဖြုတ်တော့ အဆင်ပြေသွားမှာပါ ဘဝအတွက်တော့ကြာလာရင် အခက်အခဲပေါင်းများစွာ ဖြစ်လာပါတယ်။ တိုင်းပြည်နဲ့လူမျိုး ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အမှန်တရားကို သတ္တိရှိရှိရဲရဲဝံ့ဝံ့ ပြောရဲလုပ်ရဲဖို့လိုပါတယ်။ ကြောက်ကြောက်ကြောက်ကြောက်နဲ့ နေရင်လည်း သေမှာပဲ၊ ရဲရဲဝံ့ဝံ့နဲ့နေလည်းသေမှာပါပဲ၊ သေမယ့်အတူတူ ရဲရဲဝံ့ဝံ့နဲ့သေသွားချင်ပါတယ်။ ဒါကြောင့် ရဲရဲဝံ့ဝံ့နဲ့ဆောင်ရွက်မယ့် ဂဠုန်နဂါးတံဆိပ်နဲ့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီကို မဲပေးရွေးချယ်ကြဖို့ တိုက်တွန်းလိုပါတယ်။



သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းက ကမ္ဘာကြီးဟာ မကောင်းတာလုပ်သူတွေကြောင့် ပျက်စီးသွားမှာ မဟုတ်ပါဘူး။ မကောင်းတာလုပ်နေတာကိုမြင်လျက်နဲ့ လက်ပိုက်ကြည့်နေသူတွေကြောင့် ပျက်စီးသွားမှာပါလို့ဆိုခဲ့ပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေ အနေနဲ့လည်း လယ်သမားတွေရဲ့ဘဝကို လယ်သမားတွေကသာ ပြောင်းလဲတိုးတက်အောင် လုပ်နိုင်မှာမို့ လက်ပိုက်ကြည့်နေလို့မရဘဲ လွှတ်တော်ထဲအထိ ချီတက်အရေးဆိုကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ ကိုယ်စားလှယ်လောင်းအားလုံးဟာ တိုင်းပြည်အတွက် သစ္စာရေသောက်ပြီးမှ တိုင်းပြည်အကျိုးကိုလုပ်တာဖြစ်ပါတယ်။

မြန်မာနိုင်ငံကြီး တိုးတက်တာကိုမြင်ချင်တဲ့သူဟာ မြန်မာနိုင်ငံသားစစ်စစ်ပဲဆိုတာ ယုံကြည်လို့ရပါတယ်။ မြန်မာနိုင်ငံသားဖြစ်ပါရဲ့နဲ့ မြန်မာနိုင်ငံကြီးပွားတိုးတက်တာကို မမြင်ချင်ရင်တော့ မြန်မာနိုင်ငံသားစစ်စစ် မဟုတ်ဘူးလို့ မှတ်ယူရမှာပဲ။ ခေါင်းဆောင်ဆိုတာ ပြည်သူတွေရဲ့ လက်ရှိအခြေအနေကို တိုးတက်မြင့်မားအောင် လုပ်ဆောင်ပေးနိုင်မှသာ ခေါင်းဆောင်လို့ ခေါ်ထိုက်ပါတယ်။

ကျွန်တော်တို့ပြည်သူတွေဟာ ရေမလာလည်း ဘာမှမပြောပါဘူး၊ မီးမလာလည်း ဘာမှမပြောဘဲသည်းခံနေကျ။ ကျွန်တော်တို့အားလုံး တောင်းဆိုချင်နေတာ လင်ခရူစာကားကြီးတွေ၊ ကွန်ဒိုတိုက်ခန်းကြီးတွေလည်း မဟုတ်ပါဘူး။ ထမင်းလေးဝဝလင်လင်စားပြီး ကြွေးကင်းကင်းလေး နေရပြီး တဲအိမ်လေးနဲ့နေရလည်း ပျော်နေပါပြီ။ အဲ့ဒါဟာ ပြည်သူအားလုံးရဲ့ဆန္ဒပါ။

နိုင်ငံတော်ဆိုတာ ပြည်သူအားလုံးကို ကိုယ်စားပြုထားတဲ့နေရာပါ၊ အစိုးရဆိုတာ ပြည်သူကိုစောင့်ရှောက်ဖို့ ပြည်သူကအပ်နှင်းထားတာပါ။ ကိုယ့်ရဲ့ဘဝကို အပ်ထားတဲ့သူကို ချစ်ပဲချစ်ချင်ပါတယ်။ မကြောက်ပါရစေနဲ့လို့ ပြည်သူအားလုံးက ဆုတောင်းနေပါတယ်။ ကျွန်တော်တို့ အခုလုပ်နေတာဟာ တကယ့်နိုင်ငံအရေးမဟုတ်သေးပါဘူး။ နိုင်ငံရေးသမားလို့ အမည်ခံပြီး လူထုကိုပြောလိုက်၊ ဂျာနယ်/မဂ္ဂဇင်း/စာစောင်တွေက ထည့်ရေးလိုက်နဲ့ ဒါလေးနဲ့ကျေနပ်နေတာပါ။ ပြည်သူလူထုကတော့ နေပူထဲမှာ ဆင်းရဲမြဲဆင်းရဲ၊ စိတ်ပင်ပန်း လူပင်ပန်းနေတာ မပြောင်းလဲသေးပါဘူး၊ တိုင်းပြည်ရဲ့နိုင်ငံရေးသမားစစ်စစ်ဆိုတာ ပြည်သူလူထု စိတ်ချမ်းချမ်းသာသာနဲ့ ဘဝတိုးတက်မြင့်မားအောင် ပြောင်းလဲပေးနိုင်ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဆင်းရဲသားလယ်သမား၊ အလုပ်သမားလူထုကြီးကို မှာလိုတာက မိမိရဲ့စိတ်ခံစားမှုလေးတစ်ခုတည်းကိုကြည့်ပြီး တိုင်းပြည်အတွက် အရေးကြီးဆုံးကာလမှာ တိုင်းပြည်အတွက်အများအကျိုးအတွက် လျစ်လျူရှုလိုက်မယ်ဆိုရင် မိမိဘဝကိုရက်ရက်စက်စက် ဖျက်ဆီးလိုက်တာနဲ့ တူတယ်။ နောင်မှနောင်တရလို့မဆုံး ဖြစ်နေလိမ့်မယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ပြည်သူလူထုကြီးက ယုံယုံကြည်ကြည် ရဲရဲတင်းတင်း တာဝန်ပေးအပ်နိုင်ဖို့အတွက် ဆင်းရဲသားတောင်သူလယ်သမား အလုပ်သမားများကို ကိုယ်စားပြုမယ့် ကျွန်တော်တို့ **"မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ"** ရဲ့ ဒေါင်ဒေါင်မြည် ကိုယ်စားလှယ်လောင်း ၂၈၅ ယောက်ကို ပြည်သူတွေရှေ့မှောက် အရောက်ပို့လိုက်ပါပြီ။ မဲဆန္ဒရှင် မိဘပြည်သူများကလည်း ကျွန်တော်တို့ပါတီရဲ့ အမှတ်အသားဖြစ်တဲ့ ဂဠုန်နဂါးတံဆိပ်ရဲ့ဘေးမှာ အမှတ်တံဆိပ်ခတ်နှိပ်ပြီး ပြည်သူကို ကိုယ်စားပြုမယ့် ပြည်သူ့ပါတီကို မဲပေးရွေးချယ်ပေးကြပါလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## "လယ်သမားသမ္မတ"

ရေး/ဆို-ညီဝင်းစိန်

V: {သပြေထွန်းတဲ့တောင်ကျွန်းဒီပါ မြန်မာပြည်ကြီးဝယ်၊ လယ်သမားအတွက် ဆောင်ရွက်နေတာ ဒီပါတီပါကွယ်}၂ ကျေးလက်တောရွာအနှံ့ တကယ်ဆောင်ရွက်နေပါတယ်၊ ဆုံးရှုံးမှုတွေပျောက်ကွယ် အမှန်တရားပေါ်လွင်မယ်၊ အောင်ပန်းဆွတ်ခါ လယ်ယာစနစ်တွေ ထွန်းသစ်ခါသာရယ် လယ်သမားသမ္မတ၊ သမ္မတဟေ့လို့ တို့များကြွေးကြော်မယ်။

Cho: {(ကြိုးစားမယ်)၂ တို့တွေကြိုးစားမယ်၊ ပါတီဂုဏ်ရှိန်မြင့်အောင်ကွယ် တို့များကြိုးဆောင်မယ်}၂ ဆက်လက်တည်စေမယ်၊ ဂဠုန်နဂါးအလံ အောင်ပွဲခံလို့ ကမ္ဘာအနှံ့သိစေမယ်။

# ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီက ၄င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကိုဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၅

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီဥက္ကဋ္ဌ ဦးကျော်မင်းက ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၂၅ ရက် ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ကျွန်တော်ကတော့ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီဥက္ကဋ္ဌ ဦးကျော်မင်းဖြစ်ပါတယ်။ ပါတီရဲ့မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို ပြည်သူအပေါင်းအား တင်ပြခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါတယ်။

ဦးစွာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီကို မိတ်ဆက်လိုပါသည်။ ကျွန်တော်တို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီကို ၂၀၁၃ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် မှတ်ပုံတင်အမှတ် (၆၃)ဖြင့် ဖွဲ့စည်းထူထောင်ခွင့်ရရှိပြီး ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီတစ်ခုဖြစ်ပါသည်။ ပါတီရဲ့ ဌာနချုပ်ကို အမှတ် (၁၁၆/၁၁၈) (၆)လွှာ ဘိုကလေးဈေးလမ်း (၈) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် တည်ထားပါသည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီရဲ့ ရည်ရွယ်ချက်ကတော့

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဝန်းတွင် လူ့အခွင့်အရေးမှန်ကန်မျှတစွာရရှိရေး၊ စစ်မှန်ပြည့်ဝသော ဒီမိုကရေစီဖော်ဆောင်ရေးနှင့် လူ့အခွင့်အရေးဆုံးရှုံးခံနေရသူများအား ကာကွယ်မြှင့်တင်ပေးရေးတို့ကို ဆောင်ရွက်ရန်။
- ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းရာတွင် တစ်တပ်တစ်အားပါဝင်ရန်။
- နိုင်ငံတော်ရှိ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တည်မြဲရေးအား အစဉ်သဖြင့် တည်တံ့ခိုင်မြဲရေးကို ရည်ရွယ်သည့်အပြင် ရခိုင်ပြည်နယ်တွင် မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားညီနောင်အားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ရန်။
- မြန်မာနိုင်ငံတွင် နိုင်ငံသားတစ်မျိုးတည်းသာရှိပြီး အားလုံးတန်းတူရည်တူအခွင့်အရေးရရှိရေးကို ရည်ရွယ်သော နိုင်ငံရေးယဉ်ကျေးမှု "Political Culture" တစ်ရပ်တည်ဆောက်ရန်။
- နိုင်ငံတော်ရှိ တိုင်းရင်းသားလူနည်းစု အသီးသီးနှင့် ပြည်သူအားလုံး၏ စည်းလုံးရေးနှင့် တန်းတူညီမျှရေးအတွက် ရေရှည်အာမခံချက်ရှိသော နိုင်ငံရေးဖြေရှင်းချက်များပေါ်ထွက်လာအောင် ဆောင်ရွက်ရန်။
- နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြင်အယူအဆချင်း တူညီသောနိုင်ငံရေးပါတီများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်။

**မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ၏ ခံယူချက်ကိုတင်ပြရလျှင်-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စစ်မှန်သောဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံသားတစ်ရပ်လုံး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် တန်းတူရည်တူအခွင့်အရေးများရှိစေရမည်ဟု ခံယူသည်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တရားဥပဒေစိုးမိုးသည့် စစ်မှန်သောဒီမိုကရေစီကို ဖော်ဆောင်နိုင်မှသာ မကြာသော ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာမည်ဟု ခံယူသည်။
- တိုင်းရင်းသားလူမျိုးစုအရေးကိစ္စများနှင့် လူ့အခွင့်အရေးကိစ္စများကို သက်ဆိုင်သူတို့အားလုံးနှင့်ပူးပေါင်း၍ ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းဖြင့် အေးချမ်းသာယာသောနိုင်ငံတော်ကြီးဖြစ်လာမည်ဟု ခံယူသည်။
- မြန်မာပြည်သူ ပြည်သားများကို လူမျိုး၊ ဘာသာ၊ နေရာဒေသမရွေး အသားအရောင်ခွဲခြားခြင်းမပြုဘဲ တူညီသောစံ၊ တူညီသော ဥပဒေများဖြင့်သာ အုပ်ချုပ်ရမည်ဟု ခံယူသည်။
- အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားများ နေရပ်ပြန်လာခွင့်ရှိပြီး ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်တပ်တစ်အားပါဝင်ခွင့်ရရှိစေမည်ဟု ခံယူသည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီကချမှတ်သော လုပ်ငန်းစဉ်များအနက် အချို့ကိုတင်ပြလိုပါတယ်။

**ပညာရေးကဏ္ဍ**

- အခြေခံမူလတန်းနှင့် အလယ်တန်းပညာရေးကို တစ်နိုင်ငံလုံးမသင်မနေရသတ်မှတ်ပြီး ထိုပညာရေးကိုအခမဲ့ သင်ယူခွင့်ရရှိအောင်ကြိုးပမ်းမည်။
- အခြေခံအထက်တန်းပညာရေးနှင့် အဆင့်မြင့်ပညာရေးများကို စရိတ်စက သက်သာစွာဖြင့် သင်ယူနိုင်ရန်ကြိုးပမ်း ဆောင်ရွက်မည်။
- ဘက်စုံပညာရေး အဆင့်အတန်းမြင့်မားလာရေးအတွက် လိုအပ်သော ပညာရေးရန်ပုံငွေကို နိုင်ငံတော်မှ ဘတ်ဂျက်မှ ပိုမိုရရှိနိုင်ရေးအတွက် ကြိုးပမ်းမည်။
- ကမ္ဘာ့အသိအမှတ်ပြု ပညာရေးဝန်ဆောင်မှုပေးနိုင်သော နိုင်ငံအဖြစ်ရောက်ရှိနိုင်ရေးအတွက် လိုအပ်သော အစီအမံများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်။

**ကျန်းမာရေးကဏ္ဍ**

- စရိတ်စကသက်သာစွာဖြင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ဆောင်မှုကို ပြည်သူအားလုံး ခံစားခွင့်ရရှိအောင် ကြိုးပမ်းဆောင်ရွက်မည်။
- ကူးစက်ရောဂါအားလုံးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးဦးဆောင်ပေးနိုင်သော စွမ်းရည်ရှိအောင် ကြိုးစားမည်။
- ဆေးပညာရပ်များ၊ ဆေးကုသနည်းများ၊ ဆေးဝါးထုတ်လုပ်ရေးနည်းများ၊ တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတကာအဆင့်မီလာစေရန်လိုအပ်သော အစီအမံများကိုချမှတ်ဆောင်ရွက်မည်။

**စီးပွားရေးကဏ္ဍ**

- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာပေါ်ပေါက်လာရေး၊ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ လူမျိုးစုအလိုက်ဒေသအလိုက် တန်းတူညီမျှသော အလုပ်လုပ်နိုင်သော အခွင့်အရေးများရရှိနိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်မည်။
- ရေတို၊ ရေရှည်အကျိုးရှိမည့် Micro,Macro စီးပွားရေးလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်မပျက်စီးရန် အလေးထား၍ ဖော်ဆောင်တည်ဆောက်နိုင်အောင် ကြိုးစားမည်။

**တောင်သူလယ်သမားကဏ္ဍ**

- တောင်သူလယ်သမားများသည် ဥပဒေနှင့်အညီလယ်ယာမြေပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းပိုင်ခွင့် ဆက်ခံပိုင်ခွင့်ရှိရမည်။ မိရိုးဖလာစိုက်ပျိုးရေးမှ ခေတ်မီတိုးတက်သော စက်မှုလယ်ယာစနစ်သို့ ဆင့်ကဲဆင့်ကဲပြောင်းလာအောင် ဆောင်ရွက်မည်။
- မြေလွတ်မြေရိုင်းများကိုဖော်ထုတ်၍ မြေမဲ့ယာမဲ့လယ်လုပ်သားများနှင့် မူလလုပ်ကိုင်ခွင့်ရ တောင်သူများအား တရားဝင်လုပ်ကိုင်ခွင့် ရရှိအောင် ကြိုးစားမည်။
- စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ၊ မျိုးကောင်း မျိုးသန့်ထုတ်လုပ်ရေးနှင့် အရည်အသွေးကောင်း လယ်ယာထွက်ကုန် ပစ္စည်းများထုတ်လုပ်ရေးလုပ်ငန်းများကို ပြည်တွင်း/ပြည်ပကုမ္ပဏီများနှင့်ပူးပေါင်း၍ တောင်သူလယ်သမားများအကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်မည်။
- တောင်သူလယ်သမားများ၏နစ်နာဆုံးရှုံးမှုများ၊ ရပိုင်ခွင့်များ၊ ပြဿနာအရေးကိစ္စများကို တောင်သူလယ်သမား အကျိုးအတွက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် တောင်သူလယ်သမားအဖွဲ့များ ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

**အလုပ်သမားကဏ္ဍ**

- အလုပ်သမားတိုင်းထိုက်တန်သောလုပ်ခလစာရရှိရေး၊ အလုပ်လက်မဲ့ဖြစ်ခြင်းမှ ကာကွယ်ရေးအတွက်ဆောင်ရွက်မည်။
- လူမျိုး၊ ဘာသာ၊ နေရာဒေသ၊ ကျား/မခွဲခြားခြင်းမခံရဘဲ တူညီသော အလုပ်အတွက် တူညီသော အခကြေးငွေရရှိရေးဆောင်ရွက်မည်။
- အဓမ္မ အလုပ်ခိုင်းစေခြင်း၊ လုပ်ငန်းခွင်တွင် နှိပ်စက်ခြင်းများကို တားဆီးနိုင်ရန် ကြိုးပမ်းမည်။
- အလုပ်သမားတိုင်း မိမိအကျိုးခံစားခွင့်ကို ကာကွယ်နိုင်ရန် အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းဆောင်ရွက်ခွင့်ရရှိအောင် ကြိုးပမ်းမည်။
- အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် (ILO) ၏ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်စေရန် ကြိုးပမ်းမည်။

**ကျောင်းသားလူငယ်ကဏ္ဍ**

- လူငယ်များသည်တိုင်းပြည်၏အဖိုးတန်ဆုံးအင်အားတစ်ရပ်ဖြစ်သည့် အားလျော်စွာ နိုင်ငံ၏အနာဂတ်ဖြစ်သော လူငယ်များ၏စွမ်းရည်ဖော်ထုတ်ရေးကို ဦးစားပေးဆောင်ရွက်မည်။
- ကျောင်းသားများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုလျက် ကျောင်းသား သမဂ္ဂများကို ဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်ရရေးကို အားပေးမည်။

**တရားရေးကဏ္ဍ**

- တရားစီရင်ရေးမဏ္ဍိုင်ကို ဒီမိုကရေစီစံနှင့်ကိုက်ညီ၍ လွတ်လပ်စွာရပ်တည်စေရန် ကြိုးပမ်းမည်။
- တရားသူကြီးများသည် ဥပဒေပြဋ္ဌာန်းချက်များကိုသာ လိုက်နာကျင့်သုံး၍ လွတ်လပ်မှန်ကန်စွာ တရားစီရင်ခွင့်ရရှိ စေရမည်။
- အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်သက်ဆိုင်သည့် မည်သည့်အဖွဲ့အစည်းကိုမျှ တရားစီရင်ခွင့် အာဏာမအပ်နှင်းရ။ ဝင်ရောက်စွက်ဖက်ခွင့်မပြုရအောင်ကြိုးပမ်းမည်။
- တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးနှင့်တကွ စီရင်ချက်များကိုအများပြည်သူတို့၏ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။
- ပြစ်မှုများအတွက် စွပ်စွဲခံရသူများအား ဥပဒေနှင့်အညီ ခုခံချေပခွင့် အပြည့်အဝပေးရမည်။ အယူခံပိုင်ခွင့်ရှိရမည်။
- မည်သည့် ပြစ်မှုဆိုင်ရာ ဥပဒေများ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှု မရှိစေရ။
- ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းမရှိသေးသမျှ မည်သူ့ကိုမဆို အပြစ်ကင်းသည်ဟု မှတ်ယူရမည်။
- လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေမည့် စစ်ဆေးမှု၊ အပြစ်ပေးမှု၊ ပြစ်ဒဏ်ခံစားစေမှုများ မပြုလုပ်ရ။
- ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် အပြစ်ပေးအရေးယူရာတွင် ပြစ်မှုကျူးလွန်သူနှင့်ပတ်သက်သော မိသားစုဆွေမျိုး၊ လူမျိုးစု၊ ကိုးကွယ်သည့် ဘာသာ၊ သာသနာအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ သက်ရောက်မှုမရှိစေရ။

**အုပ်ချုပ်ရေးကဏ္ဍ**

- တရားဥပဒေစိုးမိုးသော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံမှုရှိသော၊ အကျင့်ပျက်မှုကင်းသော၊ လူမျိုး/ ဘာသာ ဒေသစွဲကင်းသော၊ ဒီမိုကရေစီကျသော၊ တရားမျှတမှုရှိသော အုပ်ချုပ်ရေးယန္တရားဖြစ်ပေါ်စေရန် ကြိုးပမ်း တည်ဆောက်မည်။
- ဒီမိုကရေစီနှင့် လူ့အခွင့်အရေးစံနှုန်းစံထားနှင့်မကိုက်ညီသော ဥပဒေရေးရာမှာ ရှုပ်ထွေးမှုဖြစ်စေသော အုပ်ချုပ်ရေးယန္တရား မဖြစ်ပေါ်စေရန် ကြိုးစားတည်ဆောက်မည်။

**နိုင်ငံခြားရေးကဏ္ဍ**

- နိုင်ငံတကာနှင့်ဆက်ဆံရာတွင် တက်ကြွပြီးလွတ်လပ်၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။
- နိုင်ငံတကာနှင့်ဆက်ဆံရာတွင် လူထုအခြေပြုအဖွဲ့အစည်းများ၏ ကဏ္ဍကို အထူးအလေးပေးဆောင်ရွက်မည်။

**တိုင်းရင်းသားလူမျိုးများကဏ္ဍ**

- တိုင်းရင်းသားလူမျိုးများအားလုံး၏ တန်းတူရည်တူအခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ တစ်ဦး၏ အယူအဆယဉ်ကျေးမှု ထုံးဓလေ့များကို တစ်ဦးလေးစားခြင်း၊ အခြေခံလူ့ အခွင့်အရေးလေးစားလိုက်နာခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရအောင် အားထုတ်မည်။
- တိုင်းရင်းသားလူမျိုးများ၏ စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ ဖွံ့ဖြိုးတိုးတက်ရန် အားထုတ်မည်။
- တိုင်းရင်းသားများအချင်းချင်း အမြင်ချင်းဖလှယ်ခြင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းခြင်းဖြင့် တိုင်းရင်းသားများအတွင်း ယုံကြည်ချစ်ကြည်မှုရအောင် ကြိုးပမ်းအားထုတ်မည်။
- တိုင်းရင်းသားနယ်မြေအသီးသီးတွင် စီးပွားရေးအခြေခံ အဆောက်အအုံများတည်ဆောက်ခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လွတ်လပ်စွာဆောင်ရွက်ခြင်း၊ ဆင်းရဲမှုပပျောက်ရေး၊ တိုင်းရင်းသားများ၏ လူ့စွမ်းအား အရင်းအမြစ်များ မြှင့်တင်ခြင်းဖြင့် အကျိုးပြုနိုင်ရန် ကြိုးပမ်းမည်။
- တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခြေခံအခွင့်အရေးများ ပြည့်ဝစွာ ခံစားခွင့်ရရေး၊ တိုင်းရင်းသားလူမျိုးများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေး ကြိုးပမ်းမည်။
- တိုင်းရင်းသားလူမျိုးများ၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်လေးနက်သောနိုင်ငံရေးဖြေရှင်းချက် တစ်ရပ်ရရှိလာအောင် ကြိုးပမ်းမည်။
- တိုင်းရင်းသားလူမျိုးများ၏ တိမ်ကောနေသော သမိုင်းမှန်နှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးမည်။ မည်သည့်တိုင်းရင်းသားလူမျိုးကိုမဆို ကွဲပြားခြားနားသော ဘာသာရေး ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို အခြေခံ၍ အခြေခံအခွင့်အရေးများ ပိတ်ပင်ခြင်းမပြုနိုင်အောင် အားထုတ်မည်။

**ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ**

- တပ်မတော်သည်နိုင်ငံတော်တွင် မရှိမဖြစ်လိုအပ်သော အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာစွမ်းရည်ထက်မြက်သော၊ နည်းပညာပိုင်းဆိုင်ရာတိုးတက်သော၊ စွမ်းရည်မြင့်မားသော တပ်မတော်ကြီးဖြစ်ရန် အားပေးကူညီမည်။
- ပြည်သူချစ်သော၊ ပြည်သူ၏ ယုံကြည်ကိုးစားမှုခံထိုက်သော တပ်မတော်ကြီးဖြစ်ရန် အားပေးကူညီမည်။
- ရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင်ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ မိမိ၏တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူအများအားကိုးအားထားရသော ရဲတပ်ဖွဲ့ ဖြစ်လာစေရန် အားပေးကူညီမည်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်မိဘပြည်သူတို့ခင်ဗျား-**

ကျွန်တော်များဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ၏ Logo အမှတ်တံဆိပ်မှာ ချိန်ခွင်ဖြစ်ပြီး နိုင်ငံသားအားလုံးတန်းတူညီမျှရေးကို ဖော်ဆောင်သော သင်္ကေတဖြစ်ကြောင်းတင်ပြရင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်။

အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ
လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်းမရှိပါ။
အမျိုးသား ညီညွတ်ရေးကွန်ဂရက်
UNITED NATIONAL CONGRESS

# အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး



**နမ့်ခမ်း စက်တင်ဘာ ၂၅**

၂၀၁၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ ရက်က နမ့်ခမ်းမြို့နယ်ခန်းမ၌ ကျင်းပရာ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကော်မတီ(၃) ရပ်မှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်၊ ရပ်ကွက်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တက်ရောက်ခဲ့ကြပြီး မူဆယ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းမင်းဦးက ရွေးကောက်ပွဲကာလ မဲရုံများ လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မူဆယ်ခရိုင် ဥပဒေအရာရှိ ဦးဝင်းတင်က ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဥပဒေဆိုင်ရာများကို လည်းကောင်း၊ မူဆယ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အရာရှိ ဦးအောင်ကျော်စိုးက ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# ရမည်းသင်းခရိုင်၌ မဲဆန္ဒရှင် ၃၅၀၀၀၀ ကျော်ရှိ

**ရမည်းသင်း စက်တင်ဘာ ၂၅**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ရမည်းသင်းခရိုင်မှ လွှတ်တော်သုံးရပ်တွင် နိုင်ငံရေးပါတီ သုံးခုမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၁ ဦးကို ဩဂုတ်လနောက်ဆုံးပတ်က ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့က စိစစ်ပြီး အပြီးသတ်ရွေးချယ်ပေးခဲ့ပြီးဖြစ်သည်။

ရမည်းသင်းခရိုင်၌ ပါတီသုံးခုမှ ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ခုနစ်ဦး၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ခုနစ်ဦးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ခုနစ်ဦး စုစုပေါင်း ၂၁ ဦးဖြစ်သည်။

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်၌ ရပ်ကွက်/ကျေးရွာ ၇၅ အုပ်စု၊ ရွာပေါင်း ၃၁၇ ရွာရှိပြီး မဲရုံပေါင်း ၂၈၄ ရုံ၌ မဲဆန္ဒရှင် ၁၈၈၁၀၂ ဦးရှိပြီး ရမည်းသင်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာ ၆၈ အုပ်စု၊ ရွာပေါင်း ၂၄၆ ရွာတို့တွင် မဲရုံပေါင်း ၂၂၇ ရုံ၌ မဲဆန္ဒရှင် ၁၆၆၄၀၆ ဦးဖြစ်ရာ တစ်ခရိုင်လုံးတွင် ကျေးရွာအုပ်စုပေါင်း ၁၄၃ အုပ်စု၊ ရွာပေါင်း ၅၆၃ ရွာ၊ မဲရုံပေါင်း ၅၁၁ ရုံ၌ မဲဆန္ဒရှင်ပေါင်း ၃၅၄၅၀၈ ဦးရှိကြောင်း သိရသည်။ **(ဝ၁၁)**

# ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး လုံခြုံရေးဆောင်ရွက်မှုများ ရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၂၅**

မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက်အထက်ပန်းဆိုးတန်းလမ်း မ-၂၂၄ ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာလတတိယပတ်က မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြတ်ကိုထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းအောင်၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းဇော်တို့က မြို့နယ်အတွင်းရှိ ရပ်ကွက် ၂၀ မှ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအား မြို့နယ်အဆင့်လုံခြုံရေးဆောင်ရွက်သွားမည့် အစီအမံကို ရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲလုံခြုံရေးကော်မတီအတွင်းရေးမှူး ရဲမှူးသိန်းအောင်က ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် အခြေအနေနှင့်ဆက်လက်ဆောင်ရွက်မည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းသည်။

ထို့နောက် မြို့နယ်ကော်မရှင်ဥက္ကဋ္ဌက မဲဆန္ဒရှင်စာရင်းများကြေညာထားမှုအခြေအနေ၊ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် မပါဝင်ပါက ပြန်လည်လျှောက်ထားရမည့်ကိစ္စများ၊ အမှားပြန်လည်ပြင်ဆင်မှုအခြေအနေ၊ ပါတီများမဲဆွယ်စည်းရုံးခြင်းဆိုင်ရာများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**
**(မင်္ဂလာတောင်ညွန့်)**

# မဲစာရင်း ကြေညာကပ်ထားခြင်းများ ကြည့်ရှုစစ်ဆေး

**ပေါက် စက်တင်ဘာ ၂၅**

ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရွှေကျော့နှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၇ ရက်က ပေါက်မြို့နယ်အတွင်းရှိ ပလောင်းကျေးရွာ၊ ထန်းတပင်ကျေးရွာ၊ မြို့ပေါ် ရွှေပေါက်ပင်ရပ်ကွက်နှင့် အောင်ချမ်းသာရပ်ကွက်တို့၌ မဲစာရင်းများကြေညာကပ်ထားခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက စက်တင်ဘာ ၁၄ ရက်က တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကြေညာကပ်ထားပြီးဖြစ်ရာ အသက်ပြည့်ပြီးသူတိုင်း မဲပေးနိုင်ရန်အတွက် မိမိအမည်မပါလျှင် ပုံစံ (၃) ဖြင့် ဖြည့်ပေးရန်၊ မပါသင့်သူ ပါနေလျှင် ပုံစံ (၄)ဖြင့် ပယ်ဖျက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ(၄-က)ဖြင့် ပြင်ဆင်ပေးရန် ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# မဲဆန္ဒရှင်စာရင်းကြေညာမှု ကွင်းဆင်းစစ်ဆေး

**ဝက်လက် စက်တင်ဘာ ၂၅**

အထွေထွေရွေးကောက်ပွဲ၌ မဲပေးနိုင်သူများ စာရင်းကို စက်တင်ဘာ ၁၄ ရက်မှ ၂၇ ရက်အထိ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဒုတိယအကြိမ်ကြေညာထားသည်။ ဝက်လက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် ဒေါ်နန်းမြင့်က စက်တင်ဘာ ၂၃ ရက်က ဝက်လက်မြို့နယ် မုဆိုးခြုံကျေးရွာ တိုက်နယ်စခန်းအတွင်းရှိ ဟန်လင်းကျေးရွာအုပ်စု၊ မုဆိုးခြုံ ကျေးရွာအုပ်စု၊ ယင်းမာကန်ကျေးရွာအုပ်စု၊ မင်းသားကန်ကျေးရွာအုပ်စု၊ ဖွတ်လိုင်းကျေးရွာအုပ်စု၊ စင်းတဝဲကျေးရွာအုပ်စု၊ ရင်းတောကျေးရွာအုပ်စုများရှိ ကျေးရွာရွေးကောက်ပွဲကော်မရှင်ရုံးများ၌ ကော်မရှင်ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် မဲရုံမှူးများနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်း ဒုတိယအကြိမ်ကြေညာထားမှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ဆွေးနွေး

**ရှာင် စက်တင်ဘာ ၂၅**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ နိုင်ငံရေးပါတီများနှင့်တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်က ပြည်ထောင်စုရွေးကောက် ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုင်းနွံတောင်၊ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်၊ ဓနုကိုယ် ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးငွေစိုး၊ တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးနှင့်အဖွဲ့ဝင်များသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာင်)**

# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အသိပညာပေး

**မိုးညှင်း စက်တင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ရဲတပ်ဖွဲ့က အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာလတတိယပတ်က မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းသည်။ မိုးညှင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းက ကော်မရှင်လုပ်ငန်းဆိုင်ရာများ၊ လိုက်နာဆောင်ရွက်ရမည့် ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်၊ လမ်းညွှန်ချက်များကို အသိပညာပေးရှင်းလင်းသည်။

ဆက်လက်ပြီး မိုးညှင်းခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထွန်းထွန်းဝေက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ ကော်မရှင်အဆင့်ဆင့်ဖွဲ့စည်းမှုများ၊ မဲဆန္ဒရှင်စာရင်းဖွဲ့စည်းမှုများ၊ မဲရုံဖွဲ့စည်းမှုများ၊ လုံခြုံရေးဆိုင်ရာ ဖွဲ့စည်းမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**တင်ဝင်းသိန်း(မိုးညှင်း)**

# ရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ပဲခူး စက်တင်ဘာ ၂၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီး နယ်မြေတာဝန်ခံ ဒေါက်တာဒေါ်မြင့်ကြည်နှင့် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၄ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

